# ရင်းနှီး/စီးပွားသတင်းလွှာ

# MIFER BULLETIN

## 4th Anniversary Special Edition

2/2022
(August, September, October)

# ရင်းနှီး/စီးပွားသတင်းလွှာ

## နာယကများ

| | |
|---|---|
| ဒေါက်တာကံဇော် | ပြည်ထောင်စုဝန်ကြီး |
| ဒေါက်တာဝါဝါမောင် | ဒုတိယဝန်ကြီး |

## အယ်ဒီတာချုပ်

| | |
|---|---|
| ဦးမင်းဇော်အေး | လက်ထောက်အတွင်းဝန် |

## စာတည်းအဖွဲ့

| | |
|---|---|
| ဦးစိုင်းတင်အောင်သိန်း | လက်ထောက်အတွင်းဝန် |
| ဒေါ်ခင်ထွေးသက် | ဒုတိယညွှန်ကြားရေးမှူး |
| ဒေါ်နှင်းဇာလွှာ | လက်ထောက်ညွှန်ကြားရေးမှူး |
| ဒေါ်ကေသီဆွေ | ဦးစီးအရာရှိ |
| ဦးအောင်ထက်ပိုင် | ဦးစီးအရာရှိ |

## မျက်နှာဖုံးနှင့် ဒီဇိုင်းအပြင်ဆင်

ဦးကောင်းဆက်၊ ဒေါ်ထွေးမွန်ကျော်၊
e-Government ဌာနခွဲ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ✚ ကာတွန်းနှင့် ကဗျာများ | | |
| ၁။ | ကာတွန်း | ၁ |
| ၂။ | Listen! | ၄ |
| ၃။ | တန်ဖိုးဖြတ်ခြင်း သည်းခံပါ | ၅ |
| ✚ ဆောင်းပါးများ | | |
| ၁။ | ကမ္ဘာ့စီးပွားရေး စိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းရန် ချဉ်းကပ်မှုနည်းလမ်းသစ်များ (New Approaches to Global Economic Challenges) | ၆ |
| ၂။ | ကြက်ဥနှစ်ရောင် တိမ်တောင်သဖွယ် | ၁၄ |
| ၃။ | ကယားပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုများဖွံ့ဖြိုးတိုးတက်လာရန်အတွက် အခွင့်အလမ်းများနှင့်စိန်ခေါ်မှုများ | ၁၈ |
| ၄။ | ဗီယက်နမ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာလ စီးပွားရေးနှံ့မှ ရုန်းထွက်မှု | ၂၀ |
| ၅။ | အိန္ဒိယနိုင်ငံမှ ဆိပ်ကမ်းအော်ပရေတာ Adani ရဲ့ ရင်းနှီးမြှုပ်နှံမှုကြောင့် နိုင်ငံတကာ ဆိပ်ကမ်းလုပ်ငန်းများနည်းတူ ဖွံ့ဖြိုးတိုးတက်လာတော့မည့် အပြည်ပြည်ဆိုင်ရာ အလုံဆိပ်ကမ်း (၂) | ၂၆ |
| ၆။ | အများပါဝင်အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများ (Inclusive Business –IB) ဆိုရာဝယ် | ၂၉ |
| ၇။ | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှု | ၃၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| MIFER သတင်းများ | | |
| ၁။ | (၂၁) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ပါဝင်တက်ရောက် | ၄၁ |
| ၂။ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၄၃ |
| ၃။ | မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး က လက်ခံတွေ့ဆုံ | ၄၄ |
| ၄။ | အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ ပဋ္ဌမအကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် | ၄၅ |
| ၅။ | ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီအစည်းအဝေး | ၄၆ |
| ၆။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စတုတ္ထအကြိမ် ကထိန်လျှာသက်နီး ဆက်ကပ်လှူဒါန်းပွဲကျင်းပ | ၄၇ |
| ၇။ | အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက် | ၄၈ |
| ၈။ | (၅၄) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်း အဝေးများ စတင်ကျင်းပ | ၅၁ |
| ၉။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတောဖြို့၌ ကျင်းပသည့် သတ္တမအကြိမ် မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက် | ၅၃ |
| ၁၀။ | စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်များ ဖန်တီးပေးရေးအတွက် CMP လုပ်ငန်း ရင်းနှီး မြှုပ်နှံသူများနှင့်တွေ့ဆုံ | ၅၅ |
| ၁၁။ | အာဆီယံ- ဩစတြေးလျှ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင် ခြင်းဆိုင်ရာသဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ အာဆီယံစီးပွားရေး ဝန်ကြီးများ၏ အထူးအစည်းအဝေး ကျင်းပ | ၅၆ |
| ၁၂။ | အာဆီယံ- ကနေဒါ၊ အာဆီယံ-ဟောင်ကောင် (တရုတ်) အဆင့်မြင့် စီးပွားရေးအရာရှိ များ အစည်းအဝေးများ ကျင်းပ | ၅၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | အာဆီယံ- အမေရိကန်၊ အာဆီယံ-ရုရှား၊ အာဆီယံ-ယူကေ အဆင့်မြင့်စီးပွားရေး အရာရှိများအစည်းအဝေးနှင့် အရှေ့အာရှ အဆင့်မြင့်စီးပွားရေး အရာရှိများ အစည်းအဝေးကျင်းပ | ၅၈ |
| ၁၄။ | (၃၉) ကြိမ်မြောက် အာဆီယံ- အပေါင်းသုံး အဆင့်မြင့် စီးပွားရေးအရာရှိများ အစည်းအဝေး ကျင်းပ | ၆၀ |
| ၁၅။ | အာဆီယံ-ဩစတြေးလျှ၊ နယူးဇီလန်၊ အာဆီယံ-တရုတ်၊ အာဆီယံ-ကိုရီးယား၊ အာဆီယံ-ဂျပန် အဆင့်မြင့် စီးပွားရေးအရာရှိများ အစည်းအဝေးများ ကျင်းပ | ၆၁ |
| ၁၆။ | အာဆီယံ အဆင့်မြင့် စီးပွားရေးအရာရှိများ၏ (၃/၅၃) ကြိမ်မြောက် အစည်းအဝေးများ ကျင်းပ | ၆၃ |
| ၁၇။ | (၁၈) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျှ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ အစည်းအဝေးကျင်းပ | ၆၄ |
| ၁၈။ | (၂၃) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ဗီယက်နမ်အဆင့်မြင့်စီးပွားရေး အရာရှိများ အစည်းအဝေး ကျင်းပ | ၆၅ |
| ၁၉။ | ၂၀၂၂ ခုနှစ် ပထမ(၆)လပတ် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားခဲ့သည်များအား ထပ်ဆင့်မှာကြားရှင်းလင်းသည့် အစည်းအဝေး ကျင်းပ | ၆၆ |
| **DICA သတင်းများ** | | |
| ၁။ | မန္တလေးရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှူဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးကို ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး | ၆၇ |
| ၂။ | ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ကျင်းပ | ၆၈ |
| ၃။ | မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်မှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေး | ၆၈ |
| ၄။ | ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ကျင်းပပြုလုပ် | ၆၈ |
| ၅။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ | ၆၉ |
| ၆။ | ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က VIDEO CONFERENCING စနစ်ဖြင့် တွေ့ဆုံဝန်ဆောင်မှုပေး | ၆၉ |
| ၇။ | ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့သို့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေး | ၇၀ |
| ၈။ | ရှမ်းပြည်နယ်ရပ်စောက်မြို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေး | ၇၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ | ၇၀ |
| ၁၀။ | ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၂) ကြိမ်မြောက် အစည်အဝေးကျင်းပ | ၇၁ |
| ၁၁။ | ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စကားဝိုင်းဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း | ၇၁ |
| ၁၂။ | နေပြည်တော် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေး | ၇၂ |
| ၁၃။ | ကယားပြည်နယ် ရင်းနှီးမြှုပ်နှံသူများနှင့်တွေ့ဆုံဝန်ဆောင်မှုပေးခြင်း | ၇၂ |
| ၁၄။ | မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ကကွင်းဆင်းဝန်ဆောင်မှုပေး | ၇၂ |
| ၁၅။ | ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ ကွင်းဆင်းဝန်ဆောင်မှုပေး | ၇၃ |
| ၁၆။ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေး | ၇၃ |
| ၁၇။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေး | ၇၃ |
| ၁၈။ | နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း ရင်းနှီးမြှုပ်နှံသူအား တွေ့ဆုံ၍ ဝန်ဆောင်မှုပေး | ၇၄ |
| ၁၉။ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေး | ၇၄ |
| ၂၀။ | မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ | ၇၄ |
| ၂၁။ | စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့် လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုအားပေး | ၇၅ |
| ၂၂။ | နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေး | ၇၅ |
| ၂၃။ | ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ | ၇၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဝန်ဆောင်မှုပေး | ၇၆ |
| ၂၅။ | တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ | ၇၆ |
| ၂၆။ | စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့် လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုကွင်းဆင်းကြည့်ရှုအားပေး | ၇၇ |
| ၂၇။ | မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ | ၇၇ |
| ၂၈။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/ ၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ | ၇၈ |
| ၂၉။ | ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကွင်းဆင်းစစ်ဆေး | ၇၈ |
| ၃၀။ | နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးကျင်းပ | ၇၉ |
| ၃၁။ | ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က VIDEO CONFERENCING စနစ်ဖြင့် တွေ့ဆုံဝန်ဆောင်မှုပေး | ၇၉ |
| ၃၂။ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေး | ၈၀ |
| ၃၃။ | ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၂) ကြိမ်မြောက် အစည်အဝေးကျင်းပ | ၈၀ |
| ၃၄။ | ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေး | ၈၁ |
| ၃၅။ | ပုသိမ်စက်မှုဇုန်အား ကွင်းဆင်းစစ်ဆေးခြင်း | ၈၁ |
| ၃၆။ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၃/၂၀၂၂ ကြိမ်မြောက် အစည်းအဝေး ပြုလုပ် | ၈၁ |
| ၃၇။ | နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေး | ၈၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **FERD သတင်းများ** | | |
| ၁။ | (၄၂) ကြိမ်မြောက် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ပါဝင်တက်ရောက် | ၈၃ |
| ၂။ | ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ Board of Directors Meeting (3/2022) နှင့် Extraordinary General Meeting of Shareholders No. 1/2022 အစည်းအဝေးကျင်းပ | ၈၄ |
| ၃။ | အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် အကောင်အထည်ဖော်မည့် အမျိုးသမီးရဲ့ လေ့ကျင့်ရေး သင်တန်းကျောင်း (ရမည်းသင်း) အဆင့်မြှင့်တင်ခြင်း စီမံကိန်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ | ၈၅ |
| ၄။ | ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV) ၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ | ၈၅ |
| ၅။ | အိန္ဒိယနိုင်ငံ၏ ချေးငွေ (Line of Credit-LOC) စီမံကိန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ | ၈၆ |
| ၆။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲ Mr. Hahm Jeong-han ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ် အဖွဲ့တို့အကြား တွေ့ဆုံဆွေးနွေး | ၈၆ |
| ၇။ | (၁၃) ကြိမ်မြောက် ဂျီအမ်အက်စ် စီးပွားရေးစကြီးများဖိုရမ် တက်ရောက် | ၈၇ |
| ၈။ | နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံး၊ Counsellor Mr. TAKAZAWA Akihiro ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး | ၈၈ |
| ၉။ | ဂျီအမ်အက်စ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ နည်းပညာပိုင်း ကြိုတင်ပြင်ဆင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တက်ရောက် | ၈၉ |
| **နိုင်ငံတကာစီးပွားရေး သတင်းများ** | | |
| ၁။ | ပြည်တွင်းစီးပွားရေး နှိုးဆွမှုအစီအမံသစ်များ ဖော်ဆောင်ကြရန် ဂျပန်ဝန်ကြီးချုပ် တိုက်တွန်း | ၉၀ |
| ၂။ | ဘယ်လ်ဂျီယံ စူပါမားကတ်များ၌ ဆီ၊ ဂျုံမှုန့် စသည်များကို အရေအတွက် ကန့်သတ်ရောင်းချနေ | ၉၁ |
| ၃။ | Airplane Boarding Tax ကောက်ခံမှု စတင်အသက်ဝင်တော့မည် | ၉၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | စူပါမားကတ်များ၌ ကုန်ပစ္စည်းပြတ်လပ်မှု မရှိစေရေးလုပ်ငန်းအဖွဲ့ တစ်ရပ်ဖွဲ့စည်း | ၉၂ |
| ၅။ | နှစ်နိုင်ငံအကြား G TO G စာချုပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှု အခြေအနေ | ၉၃ |
| ၆။ | မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည် | ၉၃ |
| ၇။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းလေ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေး ဆိပ်ကမ်းပြန်လည်ဖွင့်လှစ် | ၉၄ |
| ၈။ | မြန်မာ့ပို့ကုန်များ ရုရှားနိုင်ငံ စျေးကွက်သို့ မဟာဗျူဟာကျကျ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက် | ၉၄ |
| ၉။ | စျေးကွက် လိုအပ်ချက် မြင့်မားလာသည့် ကင်းပုစွန် | ၉၅ |
| ၁၀။ | ဘင်္ဂလားဒေ့ရှ်တွင် စျေးကွက်ရရှိနေသော မြန်မာ့ရေချို ငါးမြစ်ချင်းများ | ၉၅ |
| ၁၁။ | တောင်တရုတ်ပင်လယ်မှ မြန်မာနိုင်ငံသို့ သင်္ဘောလမ်းကြောင်းသစ်ကို တရုတ်ကဖွင့်လှစ်လိုက်ပြီ | ၉၇ |
| ၁၂။ | မြန်မာနိုင်ငံ၊ စစ်တွေမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်မှတစ်ဆင့် အမယ်သစ်ပို့ကုန် POLYESTER STAPLE FIBER တင်ပို့နိုင်ခဲ့ | ၉၈ |
| ၁၃။ | ၂၀၂၂ခုနှစ် ဒုတိယနှစ်ဝက်ကာလနှင့် ၂၀၂၃ ခုနှစ်တို့တွင် ကမ္ဘာ့ကုန်သွယ်မှု အခြေအနေ အား လေ့လာခြင်း | ၉၈ |
| ၁၄။ | အာဆီယံ ၅ နိုင်ငံနှင့် နယ်စပ်ဖြတ်ကျော် ငွေပေးချေနိုင်မည်ဟု အင်ဒိုဗဟိုဘဏ် ကြေညာ | ၉၉ |
| ၁၅။ | ပြည်တွင်းစက်သုံးဆီ ဖူလုံစေရေးအတွက် ပြည်ပမှ စက်သုံးဆီများကို စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် အညီ ပုံမှန် တင်သွင်း ဆောင်ရွက်လျက်ရှိ | ၁၀၀ |
| ၁၆။ | မြိတ်ဒေသထွက် ရော်ဘာများ စျေးကောင်းရလျက်ရှိ | ၁၀၀ |

# ဥယျောဇဉ်

နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာ၌ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်နှင့် ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင်ဖွံ့ဖြိုးမှု အထောက်အပံ့ ချေးငွေ၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်သွားရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၈၇/၂၀၁၈) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အဖြစ် စတင်ဖွဲ့စည်းခဲ့တာ လေးနှစ်တာရှိပြီ ဖြစ်ပါသည်။

စတင်ဖွဲ့စည်းခဲ့တဲ့နေ့ကစ၍ ယနေ့အထိ ဝန်ကြီးဌာန ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် မိမိတို့ဝန်ကြီးဌာနမှ အစဉ်တစိုက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် အားသာချက်များနှင့် အားနည်းချက်များကို လေ့လာ သုံးသပ်ပြီး နိုင်ငံတော်အတွက် ပိုမို တိုးတက်ကောင်းမွန်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည့် စီးပွားရေးဝန်ကြီးဌာနတစ်ခုဖြစ်ပြီး ချမှတ်ထားသည့် စီးပွားရေး မူဝါဒများနှင့်အညီ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေး၊ နိုင်ငံတော်၏ လူမှု-စီးပွား ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ဖွံ့ဖြိုးမှုအကူအညီနှင့် ချေးငွေများရယူ၍ အကျိုးရှိထိရောက်စွာ အသုံးချရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ဖွံ့ဖြိုးမှုအကူအညီ အထောက်အပံ့များမှ တစ်ဆင့် နိုင်ငံအတွက် နည်းပညာနှင့် ကျွမ်းကျင်မှုများ လွှဲပြောင်းရယူ နိုင်ရေးတို့အတွက် မူဝါဒ (၇) ရပ် ချမှတ် ဆောင်ရွက်လျက်ရှိရာ အဆိုပါ မူဝါဒများကို အကောင်အထည် ဖော်နိုင်ရေး အတွက် ရည်မှန်းချက် (၂) ရပ် ချမှတ်၍ လုပ်ငန်းတာဝန် (၄) ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။

ယခုလို လေးနှစ်ပြည့်မြောက်သည့် ဝန်ကြီးဌာန စတုတ္ထအကြိမ် နှစ်ပတ်လည်နေ့ နှင့်တိုက်ဆိုင်စွာ ထုတ်ဝေမည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန သတင်းလွှာ (MIFER Bulletin) သည် မိမိတို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် သတင်းအချက်အလက်များ အပြင် ကမ္ဘာတစ်ဝှမ်းနှင့် ဒေသတွင်းစီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ နှင့်ဆက်နွယ်သည့် ဆောင်းပါးများ၊ အသိပညာနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများ ရရှိစေမည့်ဆောင်းပါးများကို အများပြည်သူသိရှိနိုင်ရေးအတွက်ရည်ရွယ်၍ အထူးကဏ္ဍများဖြင့် ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားပါသည်။

ဆက်လက်၍ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျရာ အခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းပါဝင် ထမ်းဆောင်ရင်း ဤသတင်းလွှာ ထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီ ကြသူများ၊ ပုံနှိပ်ထုတ်ဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်း ဆန္ဒမွန်ဖြင့် ဂုဏ်ပြုလိုက်ရပါသည်။

ဒေါက်တာကံဇော်
ပြည်ထောင်စုဝန်ကြီး

# အမှာစကား

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနသည် ဝန်ကြီးဌာန၏ ဆောင်ပုဒ် "A trusted Partner of the Business and Development Community" (စီးပွားရေးအသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ ယုံကြည်အားကိုးရသည့် ဌာန အဖွဲ့အစည်းတစ်ခု) ဖြစ်စေရန် ကြိုးပမ်း ဆောင်ရွက်မှုနှင့်အတူ ဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှု များနှင့် သတင်းအချက်အလက်များ အပြင် ကမ္ဘာတစ်ဝှမ်းနှင့် ဒေသတွင်းစီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ဆက်နွယ်သည့် ဆောင်းပါးများ၊ အသိပညာနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများ ရရှိစေမည့် ဆောင်းပါးများကို အများပြည်သူ သိရှိနိုင်ရေးအတွက် သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရေးဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် ဤစာစောင်ကိုထုတ်ဝေလျက်ရှိရာ ယခုတစ်ကြိမ်သည် မိမိဝန်ကြီးဌာန ဖွဲ့စည်း တည်ထောင်ခြင်းစတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်နှင့် တိုက်ဆိုင်စွာ ထုတ်ဝေသည့် စာစောင်ဖြစ်ပါတယ်။ ဝန်ကြီးဌာနစတင်တည်ထောင်သည့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှစ၍ လက်ရှိကာလအထိ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်း ဆောင်ရွက်ထားရှိမှုမှတ်တိုင်များကို **"စတုတ္ထအကြိမ် နှစ်ပတ်လည် အထိမ်းအမှတ် အထူးကဏ္ဍ"** အဖြစ် ထည့်သွင်း ဖော်ပြထားသည့် အပြင် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ဦးစီးဌာနများ၏ လုပ်ငန်း ဆောင်ရွက်မှုများ၊ ပြည်တွင်း/ ပြည်ပ စီးပွားရေး နှင့် ဆက်စပ်သည့် စိတ်ဝင်စားဖွယ် သတင်းများ၊ ဆောင်းပါး များကို ဝေဝေဆာဆာ ထည့်သွင်း ဖော်ပြထားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက် www.mifer.gov.mm တွင် Download ရယူ၍ အလွယ်တကူ ဖတ်ရှုနိုင်မည် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန သတင်းလွှာ (MIFER Bulletin) ထုတ်ဝေနိုင်ရေးအတွက် ကာတွန်းများ၊ ကဗျာများနှင့် ဆောင်းပါးများ ကဏ္ဍတို့ အပါအဝင် ကဏ္ဍအလိုက် စုံလင်စွာ ထည့်သွင်းဖော်ပြနိုင်ရေး သတင်းအချက်အလက်များပံ့ပိုးပေးကြသည့် ပြည်ထောင်စုဝန်ကြီးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် ပုံနှိပ်ထုတ်ဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများအား အထူး ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

**ဒေါက်တာဝါဝါမောင်**

**ဒုတိယဝန်ကြီး**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
# စတုတ္ထနှစ်ပတ်လည် အထိမ်းအမှတ်အထူးကဏ္ဍ

*"A TRUSTED PARTNER OF THE BUSINESS AND DEVELOPMENT COMMUNITY"*

## ၂၀၁၈ ခုနှစ် နိုဝင်ဘာလ မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ အထိ လေးနှစ်တာအတွင်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်မှတ်တိုင်များ

ရုရှား-မြန်မာ Investment Development Fund (RC-Investment) နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ
အခမ်းအနား

# ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်မှတ်တမ်းများ

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေခြင်းဆိုင်ရာ အစီအစဉ်များ ဖြစ်သည့် “Investment Facilitation Toolkit 2022” ကို စတင်မိတ်ဆက်

MYANMAR GLOBAL INVESTMENT FORUM ကျင်းပ

ဒုတိယအကြိမ်မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုစကားဝိုင်း ဆွေးနွေးပွဲကျင်းပ

Invest Myanmar Summit 2019 ကျင်းပ

Yangon Investment Forum
2019 ကျင်းပ

ချင်းပြည်နယ်
ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲကျင်းပ

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကျင်းပ

မန္တလေးစီးပွားရေးဖိုရမ်ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ ၌ Mandalay ကျင်းပ

ဧရာဝတီတိုင်းဒေသ ကြီး ငွေဆောင်ဟိုတယ် ဇုန်တွင် ရင်းနှီး မြှုပ်နှံမှုပြပွဲကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ အတွင်း ကျင်းပ

# ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှတ်တိုင်

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership- RCEP) သဘောတူစာချုပ်ကို မြန်မာနိုင်ငံက ၂၀၂၀ ပြည့် နှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်လက်မှတ်ရေးထိုး

## ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများ အပေါ် ကုစားရေးဆိုင်ရာ ဆောင်ရွက်ချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်
ကုစားရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၁၃၅/၂၀၂၂
၁၃၈၄ ခုနှစ်၊ ပါဝေါင်လပြည့်ကျော် ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)
ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်
ကုစားရေးလုပ်ငန်းကော်မတီ ပြင်ဆင်မွမ်းမံပြင်ဆင်ခြင်း

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး
လုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်မွမ်းမံပေးလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
(ခ) ဒုတိယဝန်ကြီး — အမှုဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
(ဂ) ဒုတိယဝန်ကြီး — အမှုဝင်
အလုပ်သမားဝန်ကြီးဌာန
(ဃ) ဒုတိယဝန်ကြီး — အမှုဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(င) ဒုတိယဝန်ကြီး — အမှုဝင်
ဟိတယ်နှင်ဇီဝသွေးလေးရေးဝန်ကြီးဌာန
(စ) ဒုတိယသူဌာန — အမှုဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(ဆ) အမြောက်အတွင်းဝန် — အမှုဝင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
(၈) ညွှန်ကြားရေးမှူးချုပ် — အမှုဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(ဈ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခြင်း

## နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီအတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၈ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
( ၂၀၂၂ ခုနှစ်၊ ဧပြီလ ၄ ရက် )
နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားငွေ
လဲလှယ်ရန်းတည်ငြိမ်စေရေးနှင့် နိုင်ငံခြားငွေအား ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် လိုအပ်သည့်
လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် "နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ" ကို
အောက်ပါပုဒ်ဂို့လ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၈၁) ဒုတိယဗိုလ်ချုပ်ကြီးဝေါမြင့်ထွန်း — ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်
(၈) ဦးဝင်းရှိန် — အမှုဝင်
ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
(၈၁) ဒေါက်တာမွင့်ဆန်း — အမှုဝင်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(ဃ၁) ဒေါက်တာကံဓော် — အမှုဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်
(င) ဦးသန်းညိန်း — အမှုဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(စ) ဦးဆောင်နိုင်ဦး — အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန နှစ် (၅၀)
ပြည့် ရွှေရတုအခမ်းအနားကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စိန်ရတု ပြည်ထောင်စုနေ့အကြို
တိုင်းရင်းသားရိုးရာ အစားအစာပွဲတော်ကျင်းပ

ဝန်ကြီးဌာနတွင်း ထမန် ထိုးပြုင်ပွဲကျင်းပပြုလုပ်

မြန်မာနှစ်သစ်ကူးသင်္ကြန်အကြို စတုဒိသာ ကျွေးမွေးပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပ

MIFER

# ကာတွန်း

MIFER

Ministry of Investment and Foreign Economic Relations

# ဝန်ကြီးဌာန လုပ်ငန်းများ အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရေး

**အကူအညီအထောက်အပံ့ အလုပ်တွေက ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေမယ်။**

**အကူအညီ အထောက်အပံ့များ ထိရောက်ဖို့ လိုအပ်လျှက်ရှိ။**
**Aid flows need to be effective.**

**WHERE DOES AID MONEY GO?**

**HOW IS AID MONEY SPENT?**

MIFER
Before meeting with MIFER
When they meet
After
DP
DP
MIFER
DP
Road Map

ဟဲ့ - ပေါ်ဘီး
နိုင်ငံတကာက နိုင်ငံခြားအကူ
အညီ၊အထောက်အမှ၊
ချေးငွေတွေပေး
နေတယ်ဆို သူချည်းသာလော ...
TA လေးရော ပါပါတယ် ဘုရား
GLOBAL
SUPPORT

MIFER

# ၈၅၂

# Listen!

Please be listen!

Listen to your head.

Listen to your heart.

Listen to your trust.

Listen to your breath.

Could you hear me?

Life is just temporary.

So, listen to me.

# တန်ဖိုးဖြတ်ခြင်း သည်းခံပါ

သူငယ်ချင်းရေ.....
ချော်လဲလို့ ရောထိုင်လိုက်မယ့်အစား
ပြန်ထဖို့ ကြိုးစားလိုက်ပါ။
ထိုင်နေတဲ့လူထက်
မတ်တပ်ရပ်နေရတဲ့သူက
မြင်ကွင်းကျယ်ကျယ်မြင်ရသတဲ့။

သူငယ်ချင်းရေ.....
ကုန်ဆုံးသွားတဲ့ အချိန်တွေထက်
ရောက်လာမယ့် အနာဂတ်တစ်ခုအတွက်
အားထုတ်ကြိုးစားကြဖို့ လိုတာမလား
သံသရာခရီးသွားတွေဆိုတာလည်း
မမေ့နဲ့ဦးပေါ့။

သူငယ်ချင်းရေ.....
နင်ဆိုတာရော ငါဆိုတာပါမရှိတဲ့
ဟောဒီ လောက သမုဒယနယ်ပယ်မှာ၊
စွဲလန်းတတ်တဲ့
နှောင်ကြိုးအဆက်ဆက်
ပညာဉာဏ်ထက်ထက်နဲ့သာ
ပြတ်နိုင်ဖို့ ကြိုးစားရအောင်ပါ။

သူငယ်ချင်းရေ.....
စာအုပ်ပေလွှာထက်မှာ
ကိုယ့်နာမည်ကိုချရေးလို့
ပိုင်ဆိုင်မှုတွေ သက်သေပြကြတာဟာ
ခပ်ငယ်ငယ်အရွယ်ကပါကွာ၊
သို့ပေမယ့် နောက်ဆုံးတစ်နေ့
နောက်ဆုံးတစ်နေ့မှာတော့လေ၊
ငါတို့ရဲ့နာမည်တွေကို ကျောက်လွှာထက်မှာ
ကိုယ်စီရေးလို့
ဘယ်လိုပိုင်ဆိုင်မှုမျိုးကိုများ
သက်သေပြကြရပါ့မလဲ။

သူငယ်ချင်းရေ.....
တံဆိပ်ကပ်ထားတဲ့ တန်ဖိုးတွေကြောင့်
တန်ဖိုးမဖြတ်နိုင်တဲ့ အရာတွေကို
မဆုံးရှုံးစေရအောင်
ထိန်းသိမ်းသွားကြရအောင်ပါ.....

(ခိုင်မေကျော်ရှိန်)

MIFER

# ဆောင်းပါးများ

# ကမ္ဘာ့စီးပွားရေး စိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းရန် ချဉ်းကပ်မှု နည်းလမ်းသစ်များ

## (New Approaches to Global Economic Challenges)

၁၉၉၇ ခုနှစ် အာရှငွေကြေးအကြပ်အတည်း၊၂၀၀۷-၂၀၀၈ ကမ္ဘာ့စီးပွားရေး အကြပ်အတည်းများ၊ အီးယူချေးငွေ အကြပ်အတည်းများကြောင့် ကမ္ဘာ့စီးပွားရေးအား နလန်ထူနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများအကြား၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခဲ့ကြရသည့်အတွေ့အကြုံများ ကမ္ဘာ့နိုင်ငံများအကြားရှိခဲ့ပါသည်။ သို့သော် ယခုကာလတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများသည် ယခင်ကာလများကထက် ပိုမိုပြင်းထန်သည့် သဘောဆောင်ပါသည်။

### ကိုဗစ်- ၁၉ ဖြစ်ပွားမှုကြောင့် ကမ္ဘာ့စီးပွားရေးအပေါ် ထိခိုက်နစ်နာမှုများ

ကိုဗစ်- ၁၉ ဖြစ်ပွားမှုကြောင့် ကမ္ဘာ့စီးပွားရေးသည် စိတ်ပျက်ဖွယ်ရာ အခြေအနေတစ်ခုကို ရင်ဆိုင်ခဲ့ရပြီး စီးပွားရေး လုပ်ဆောင်ချက်များအနေနှင့် စီးပွားရေး မတည်ငြိမ်မှုများ၊ မူဝါဒရေးရာ မတည်ငြိမ်မှုများကြောင့် ရင်းနှီးမြှုပ်နှံမှုများ နှေးကွေးစေခဲ့ခြင်း၊ စက်ရုံပိတ်သိမ်းမှုများကို ဖြစ်ပေါ်ခဲ့ခြင်း၊ နိုင်ငံတကာကုန်သွယ်မှု၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုရပ်တန့်စေခြင်းတို့ကိုဖြစ်ပေါ်စေသည်။ တစ်ဖန် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် ပညာရေး လုပ်ငန်းများ နှေးကွေးစေခြင်းဖြင့် လူသားအရင်းအနှီးစုဆောင်းမှုအား နှေးကွေးစေခြင်း၊ ကမ္ဘာ့ရောင်းလိုအား ကွင်းဆက်အား ပြတ်တောက်စေခြင်းဖြင့် ကမ္ဘာ့စီးပွားရေး လုပ်ဆောင်မှုများအား ထိခိုက်စေပြီးကမ္ဘာ့ထုတ်ကုန်တိုးတက်မှုနှင့်တစ်ဦးကျ ထုတ်ကုန်တို့ကို လျော့နည်းကျဆင်းစေခဲ့သည်။ နိုင်ငံများအနေဖြင့် ထိရောက်သည့် ပြုပြင်ပြောင်းလဲမှုများအား တွန်းအားပေး လုပ်ဆောင်နိုင်ခြင်းမရှိပါကလာမည့် ဆယ်စုနှစ်တွင် ကမ္ဘာ့စီးပွားရေးမှာ မှုန်မှိုင်းနှေးကွေးသည့် အနေအထား ဖြစ်ပါလိမ့်မည်။သို့ဖြစ်ပါ၍ ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေသည့်လုပ်ငန်းများစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှု မပြုနိုင်ပါက ကမ္ဘာ့စီးပွားရေးလည်း ပြန်လည်ဦးမော့လာရန် ခက်ခဲမည်ဖြစ်သည်။

ယခု ကာလတွင် တွေ့ကြုံရသည့် ကိုဗစ်- ၁၉ ကပ်ရောဂါကို တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ် အလွန် စီးပွားရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြရသည့် အချိန်ပင်ဖြစ်ပါသည်။ ထို့ပြင် ရုရှား-ယူကရိန်း ပဋိပက္ခ အရှိန်မြင့်တက်လာပြီးနောက် အမေရိကန်နှင့်၎င်း၏ မိတ်ဖက်နိုင်ငံများက ရုရှားနိုင်ငံအပေါ် အဆုံးစွန်ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ခဲ့ရာ ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ထောက်ပို့ရေး ကွင်းဆက်တွင် အဟန့်အတားများ ဖြစ်ပေါ်စေခဲ့ပြီး ကမ္ဘာ့စားနပ်ရိက္ခာနှင့် လောင်စာဆီ ရှားပါးလာမှုနှင့်အတူ ကုန်စည်စျေးနှုန်းနှင့် စွမ်းအင်စျေးနှုန်းအပေါ် ကြီးမားသည့် ရိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ ဖြစ်ပွားစေမှုသည် ကိုဗစ်-၁၉ ကြောင့် စီးပွားရေး နလန်ထူနိုင်ရေးခဲယဉ်းစွာ ရုန်းကန်နေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဆိုးရွားစွာ ထိခိုက်စေခဲ့သည့်အပြင် ကမ္ဘာ့စီးပွားရေး တိုးတက်မှုအပေါ်တွင်လည်း မျှားစွာအဟန့်အတား ဖြစ်စေခဲ့ပါသည်။

### မေခရိစီးပွားရေး အခြေအနေအား တည်ငြိမ်အောင် ဆောင်ရွက်ရန်

ကမ္ဘာ့နိုင်ငံအတော်များများတွင် ဖြစ်ပေါ်နေသည့် မေခရိစီးပွားရေး အခြေအနေများအား တည်ငြိမ်အောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ယူကရိန်း-ရုရှား ပဋိပက္ခကြောင့် ကမ္ဘာ့ရေနံစျေးနှုန်းများ ကြီးမြင့်လာခြင်း၊ လောင်စာဆီပြတ်တောက်ခြင်း၊စွမ်းအင်မလုံလောက်ခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်များကြီးမြင့်ခြင်းတို့မှ တစ်ဆင့် အထွေထွေ ကုန်စျေးနှုန်းများကြီးမြင့်ကာ နိုင်ငံအနှံ့အပြားတွင် ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်လျှက်ရှိသည်။ နိုင်ငံတိုင်းသည် မေခရိစီးပွားရေး အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရန် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အလုပ်အကိုင်

အခွင့်အလမ်း၊ လွတ်လပ်သော စျေးကွက်ဖော်ဆောင်မှု နှင့်အတူ စျေးနှုန်းတည်ငြိမ်မှုရရှိရေး၊ ပြည်ပကုန်သွယ်မှု တွင် လုံခြုံချောမွေ့စေရေးအစရှိသည့် ရည်မှန်းချက်များ

ကို ချမှတ်ကာ မေခရိစီးပွားရေးစွမ်းဆောင်ရည် (Macro-economic Performance) ပြန်လည် မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ မေခရိစီးပွားရေး တည်ငြိမ်စေရန် အကောင်အထည်ဖော်ရာတွင် နိုင်ငံ အစိုးရများသည် ဘဏ္ဍာရေးဆိုင်ရာမူဝါဒ(Fiscal Policy)၊ ငွေကြေးဆိုင်ရာမူဝါဒ (Monetary Policy)၊ ပြည်ပ စီးပွားရေးဆိုင်ရာမူဝါဒ (Foreign Economic Policy)၊ ဝင်ငွေ ဆိုင်ရာမူဝါဒ (Income Policy) တို့အား ပေါင်းစပ်၍ ကိုင်တွယ် ကျင့်သုံးဆောင်ရွက်ကြပါသည်။ သို့ဖြစ်ပါ၍ မေခရိ စီးပွားရေးတည်ငြိမ်စေရန် လိုအပ်သည်များကို အချိန်မီ ပြုပြင်ပြောင်းလဲခြင်းဖြင့် နိုင်ငံတစ်ခု၏ ယှဉ်ပြိုင်နိုင်စွမ်း (National Competitiveness) ကို ထိမ်းသိမ်းရာရောက် ပါသည်။

တိုးတက်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း အခက်အခဲများ ဆက်လက်ရင်ဆိုင်ရဖွယ် ရှိနေသည်။ စီးပွားရေး ပြန်လည်နိုးထလာရန်မှာ ဒေသတစ်ခုနှင့် တစ်ခု တစ်နိုင်ငံနှင့်တစ်နိုင်ငံ အရှိန်အဟုန်အားဖြင့် မတူ ညီနိုင်ပေ။ ခရီးသွားလုပ်ငန်းများနှင့် စက်မှုကုန်စည် တင်ပို့နေသည့် နိုင်ငံများအနေဖြင့် Post-pandemic Management ကောင်းမွန်ပြီး New Normal အခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်ရေးမှာလည်း လွန်စွာအရေး ပါလာပါသည်။ အရှေ့အာရှနှင့် ပစိဖိတ်ဒေသအနေဖြင့်မူ ကျန်ဒေသများထက် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် စီးပွားရေး ပြန်လည် ကောင်းမွန်ခဲ့သည့် တိုးတက်မှု အခြေအနေများ ရှိပါသည်။

သို့ဖြစ်ပါ၍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု နှုန်းဖြင့် ခိုင်မာစွာ ဆက်လက် တိုးတက်စေနိုင်ရန် ကမ္ဘာ့ မေခရိစီးပွားရေး နယ်ပယ်တစ်ရပ်လုံး တည်ငြိမ်၍ ကမ္ဘာ့ နိုင်ငံများအကြား ဘက်ညီမျှတစွာ တိုးတက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစိန်ခေါ်မှုများအား ချဉ်းကပ်မှု နည်းလမ်းသစ်ဖြင့် ဆောင်ရွက်ရန် အခြေအနေများ တောင်းဆိုလျက် ရှိနေသည်။

## New-Normal အခြေအနေဖြင့် ဆောင်ရွက်နိုင်ရန်

ကမ္ဘာ့နိုင်ငံများအကြား ကိုဗစ်-၁၉ ကပ်ရောဂါ အနေ ဖြင့် ပြင်းထန်သောရောဂါဖြစ်ပွားမှုများနှင့် သေဆုံးမှုများ အားများစွာ လျှော့ချနိုင်ခဲ့ပြီဖြစ်သော်လည်း ကပ်ရောဂါ ကာလအလွန် (Post-Covid) ကာလတွင် New-Normal အခြေအနေဖြင့် ကုန်သွယ်ရေး၊ရင်းနှီးမြှုပ်နှံမှုနှင့် သယ်ယူ

ပို့ဆောင်ရေး ကဏ္ဍများနှင့် ချိတ်ဆက်ဆက်သွယ်ဆောင်ရွက်ရာတွင် နိုင်ငံများအကြား ကုန်သွယ်ရေးဂိတ်များ၊ လမ်းကြောင်းများဖွင့်လှစ်ရန်နှင့် လွယ်ကူချောမွေ့စေရေး လိုအပ်လျက်ရှိပါသည်။ ကိုဗစ်ကာကွယ်ဆေးများ ကြိမ်ရေပြည့် ထိုးနှံကာကွယ်ဆောင်ရွက် နိုင်ရေး နှင့် Vaccine Certificate များနှင့်သွားလာနိုင်ရေး၊ အပြန်အလှန် ယုံကြည်စွာဖြင့် လက်ခံဆောင်ရွက် နိုင်ရေးသည်လည်း စီးပွားရေးလုပ်ငန်းများ ပြန်လည် ပွင့်လန်းလာနိုင်ရေး အတွက် အလွန်အရေးပါ ပါသည်။

## ပြုလွယ်ပြောင်းလွယ်နှင့် ခံနိုင်ရည်စွမ်းရှိသည့် စီးပွားရေးနှင့် အားလုံးအကျုံးဝင်သည့် လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရေး (Resilient Economies and Inclusive Societies: Empowering people)

ပြုလွယ်ပြောင်းလွယ်နှင့် ခံနိုင်ရည်စွမ်းရှိသည့် စီးပွားရေးနှင့်အားလုံးအကျုံးဝင်သည့် လူ့အဖွဲ့အစည်း ဖြစ်ပေါ်စေရေးအတွက် လူသားတိုင်းအား စွမ်းရည်ရှိအောင်၊ ရှိပြီးသား စွမ်းရည်များ ပိုမိုဖွံ့ဖြိုးအောင် လုပ်သာကိုင်သာ ဖြစ်သည့် စီးပွားရေးဝန်းကျင်တစ်ရပ် ဖြစ်ပေါ်ရန်နှင့် အဆိုပါ ဝန်းကျင်တွင် လည်ပတ်ဆောင်ရွက်စေရေး အတွက် လူတို့၏ စွမ်းပကားအား မြှင့်တင်ပေးရန် (Empowering people)လိုအပ်ပါသည်။လူ့အဖွဲ့အစည်းရှိ လူတစ်ဦးချင်းစီသည် ပြုလွယ်ပြောင်းလွယ်ဝန်းကျင်တွင် ခံနိုင်ရည်စွမ်းရှိစွာဖြင့် ဆက်လက်ရပ်တည်နိုင်ရန်မှာ တစ်ဦးချင်းစီအတွက် လူ့စွမ်းအားရင်းမြစ် တိုးတက်စေရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ရေရှည်တည့်တံ့သော၊ ဘက်ညီမျှတမှုရှိသော၊ လူတိုင်းအကျုံးဝင်နိုင်သော ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရေးမှာ လူသားတိုင်းအား စွမ်းရည်ရှိအောင်၊ ရှိပြီးသား စွမ်းရည်များ ပိုမိုဖွံ့ဖြိုးအောင် လူတို့၏စွမ်းပကားအား မြှင့်တင်ပေးရန်လိုအပ်ပါသည်။

### (က) အရည်အသွေးပြည့်ဝသည့် ရင်းနှီးမြှုပ်နှံမှုများအားဖြစ်ပေါ်စေရန်

ပထမ ချဉ်းကပ်မှု အနေဖြင့် အရည်အသွေးပြည့်ဝသည့် ရင်းနှီးမြှုပ်နှံမှုများအားဖြစ်ပေါ်စေရန် ဆောင်ကျဉ်းရမည် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများအား လူမှုရေးအရ ပူးပေါင်းဆောင်ရွက်မှု တာဝန် ( Corporate Social Responsibility -CSR) ရယူ တတ်စေရန် ဖြစ်သည်။ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုအတွက် အခွန်အခများအား မရှောင်လွှဲဘဲ အခွန်တာဝန်ကျေပြွန်စွာ ထမ်းဆောင်ခြင်း၊ အလုပ်သမားနှင့် ဝန်ထမ်းများ၏ စွမ်းပကားအား မြှင့်တင်ပေးခြင်း၊ ထုတ်လုပ်မှုနည်းပညာများအား တိုးတက်အောင် စွမ်းဆောင်ခြင်း၊ ထုတ်လုပ်နိုင်စွမ်းရှိသည့် လုပ်သားထု ဖြစ်စေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းနှင့် လုပ်ခလစာအား ထုတ်လုပ်နိုင်စွမ်းနှင့် ချင့်ချိန်ပေးအပ်ခြင်း၊ စွမ်းအင်ချွေတာသည့် နည်းပညာများဖြင့် သဘာဝပတ်ဝန်းကျင်အားထိန်းသိမ်းစေခြင်း၊ လူ့အဖွဲ့အစည်းအတွက် အရည်အသွေး ပိုမိုပြည့်ဝသည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ ပံ့ပိုးထုတ်လုပ်ရောင်းချခြင်း စသည်အားဖြင့် လူမှုရေးအရ ပူးပေါင်းဆောင်ရွက်မှု တာဝန်များရယူကာ လူ့အဖွဲ့အစည်းအား ပိုမို အကျိုးကျေးဇူးရှိစွာဖြင့် ပါဝင်ဆောင်ရွက်ရန် ဖြစ်ပါသည်။

ယခုအခါ နိုင်ငံများသည် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးမှု (Private Sector Led Growth) ကို ဇောင်းပေး ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ နိုင်ငံတစ်ခု၏ ဂျီဒီပီတိုးတက်မှုနှင့် ထုတ်လုပ်နိုင်စွမ်းတိုးတက်မှုတို့သည် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှုအပေါ်များစွာ မူတည်နေပြီ ဖြစ်ပါသည်။ လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်များ၊ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေး၊ လိုအပ်သည့် အခြေခံအဆောက်အအုံများနှင့် ဥပဒေများပြဋ္ဌာန်းပေးခြင်း၊ တိုးတက်ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့အား သက်ဆိုင်ရာနိုင်ငံများ၏ အစိုးရဘက်မှ ပံ့ပိုးဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးဆိုင်ရာကျင့်ဝတ်(Business Ethic) အပြည့်အဝဖြင့် စီပွားရေးလုပ်ငန်းများနှင့် လူ့အဖွဲ့အစည်းတို့သည် အပြန်အလှန် အကျိုးပြုနေသည်ကို နားလည်လာခြင်းအားဖြင့် မိမိနိုင်ငံနှင့်စားသုံးသူများဖြစ်ကြသည့် ပြည်သူများအတွက် Win-Win မဟာဗျူဟာအားအကောင်အထည်ဖော်သည့် အနေဖြင့် သာမန်ရင်းနှီးမြှုပ်နှံမှုထက် လူ့အသိုက်အဝန်းအား ဖေးမဦးဆောင်နိုင်သည့် အရည်အသွေးပြည့်ဝသော ရင်းနှီးမြှုပ်နှံမှုများအား ဖြစ်ပေါ်စေရေးအား ဆောင်ကျဉ်းနိုင်ရန် ဖြစ်ပါသည်။

## (ခ) အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးစေရန်

ဒုတိယချဉ်းကပ်မှုမှာ ကိုဗစ်ကာလအပြီး စီးပွားရေးပြန်လည်ဦးမော့စေရေးအတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍသည် များစွာအရေးပါသည်။ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆင့်အတန်းသည် အငယ်စား၊ အသေးစား၊ အလတ်စား စီးပွား

ရေးလုပ်ငန်းများ (MSMEs ) ၏ ဖွံ့ဖြိုးမှုအပေါ် မူတည်နေပါသည်။ MSMEs လုပ်ငန်းများ၏ လိုအပ်ချက်များအပေါ် အစိုးရ၏အားပေး ကူညီမှုအပြင် ယင်းစီးပွားရေးလုပ်ငန်းများ၏ တိုးတက်ကြီးပွား လိုစိတ်ကလည်း အလွန်အရေးကြီးပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင်ရှိသော စီးပွားရေး လုပ်ငန်းများ၏ ၉၈ ရာခိုင်နှုန်းသည် MSMEs စီးပွားရေးလုပ်ငန်းများဖြစ်နေရာ ယင်းတို့၏ တိုးတက်မှုသည် တိုင်းပြည်၏ စီးပွားရေးတိုးတက်မှု၊ တည်ငြိမ်မှုနှင့်တိုက်ရိုက် ဆက်စပ်နေပါသည်။

စီးပွားရေး ပြန်လည်ဦးမော့ရန်အတွက် ပြည်တွင်းအသေးစားနှင့် အလတ်စားလုပ်ငန်းများ ရေရှည်ရပ်တည်ရေးအပေါ် မည်သို့လုပ်ဆောင်မည်နည်းဆိုသည့် အချက်သည် စိတ်ဝင်စားစရာဖြစ်သကဲ့သို့ လက်တွေ့ဆန်ဆန် ဆောင်ရွက်ရသည့် ကိစ္စရပ်မျိုးဖြစ်ပါသည်။ အစိုးရတစ်ရပ်အတွက် ယင်းအချက်သည်စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ မြေပေါ်မြေအောက် သယံဇာတများ ထုတ်ယူရောင်းချ၍ အကျိုးရှိသည့် အသုံးပြုမှုများ မဆောင်ရွက်နိုင်ပါက စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကို ဖြစ်ပေါ်နိုင်မည် မဟုတ်ပေ။ MSMEs များ အောင်မြင်ဖွံ့ဖြိုးအောင်နှင့် ရလဒ်ကောင်းများထွက်အောင်မှာ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွင် အရေးပါသည့် ဆောင်ရွက်ချက်ဖြစ်ပါ မည်။

ပြည်တွင်း SME လုပ်ငန်းများအနေနှင့် ဒေသတွင်းတန်ဖိုးကွင်းဆက်၊ ရောင်းလိုအား ကွင်းဆက်များတွင် ပါဝင်ထုတ်လုပ်နိုင်ရေး၊ ဒေသတွင်း အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရေး၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)နှင့် ဒေသတွင်း အလုံးစုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership -RCEP) ကဲ့သို့ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရန်မှာ သတ်မှတ်ပြင်ဆင်ချိန်ကာလအတွင်း သေချာစွာ ပြင်ဆင်နိုင်ရေးသည် အလွန်အရေးကြီးပါသည်။ MSMEs များ အခြေခိုင်မာစွာ တိုးတက်မှုမရှိသေးဘဲ ကုန်စည်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ စီးဝင်လာပါက ယှဉ်ပြိုင်မှုအခက်အခဲများဖြင့် ရင်ဆိုင်ကြရခြင်းကြောင့် ကြီးမားသည့် စိန်ခေါ်မှုများပင်ဖြစ်ပါသည်။

## (ဂ)အရည်အသွေးရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်

တတိယ ချဉ်းကပ်မှုအနေဖြင့် စီးပွားရေး စိန်ခေါ်မှုများအား ရင်ဆိုင်ကျော်လွှား နိုင်စေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရပါမည်။ အလုပ်အကိုင်ရှိမှသာ မိသားစုများအတွက်ဝင်ငွေရှိပါမည်။ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုမရှိပါက ခက်ခဲသော (Difficult)၊ အန္တရာယ်များသော (Dangerous ) ၊ ညစ်ပတ်ပေရေသော (Dirty ) 3 D jobs များသာ လုပ်ကိုင်ဆောင်ရွက်ရမည့် အနေအထားများဖြစ်သည်။ လူသားအရင်းအမြစ်

ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်ပြုစုပျိုးထောင်ရေးအတွက် အရည်အသွေးရှိသည့် ပညာရည်မြှင့်တင်မှု အစီအစဉ်၊ နည်းပညာနှင့် အသက်မွေးဝမ်းကြောင်း ပညာရေးနှင့် လေ့ကျင့်မှု ( Technical and Vocational Education and Training-TVET)တို့မှာ အရေးပါသကဲ့သို့ အရည်အသွေးရှိသည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရန် အစီအစဉ်နှင့်လုပ်ဆောင်ချက်များအား သက်ဆိုင်ရာနိုင်ငံများ၏ မဟာဗျူဟာတွင် ထည့်သွင်းရေးဆွဲရန်၊ အလုပ်အကိုင်နှင့် စပ်လျဉ်း၍ လူငယ်များ၏ လူသားရင်းမြစ်အား ကောင်းစွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားရှိနိုင်ရန် နိုင်ငံအလိုက် တိကျသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် လိုအပ်ပါသည်။

လုပ်သားနှင့် သက်ဆိုင်သည့် မူဝါဒများ (Labour Policy) ၊ လုပ်သားခန့်ထားသည့် မူဝါဒများ ( Recruitment Policy) ၊ မက်လုံးပေးသည့် မူဝါဒများ (Incentive Policy)များကြောင့် ထုတ်လုပ်နိုင်စွမ်း ရှိသလောက် မထုတ်လုပ်နိုင်သည့် ကုန်ထွက်ကွာဟမှု (Output Gap) များ ဖြစ်ပေါ်လေ့ရှိပါသည်။ ထုတ်လုပ်မှု တိုးတက်အောင် စွမ်းဆောင်နိုင်ရန် လုပ်ခ၊ လစာတိုးတက်မှု ရှိမရှိကိုလည်း ချင့်ချိန်နိုင်ရန်၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအား ကာလတို ဆိုသည်ထက် ကာလရှည်အတွက် ရည်ရွယ်၍ ဖွံ့ဖြိုးစေရန်၊ အလုပ်သမားထုတွင် အမျိုးသမီး အရေအတွက်အား တိုးမြှင့်စေရန်နှင့် အမျိုးသမီးများ အလုပ်

လုပ်ကိုင်နိုင်ရေးအတွက် ကလေးသူငယ် စောင့်ရှောက်ရေးလုပ်ငန်းများ တိုးတက်စေရန်လည်း လိုအပ်ပါသည်။

အနာဂါတ်အတွက် လူငယ်များအား ပြုစုပျိုးထောင်ရန်နှင့် ရပ်ရွာဖွံ့ဖြိုးရေး၊ လူမှုရေးစီမံချက်များတွင် လူငယ်များမှ တက်ကြွစွာပါဝင်သော လုပ်သားထု ဖန်တီးပေးရေး လိုအပ်ပါသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကအရေးပါသကဲ့သို့ လူငယ်ဖွံ့ဖြိုးမှု ဆောင်ရွက်ခြင်းသည်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအရ အနာဂါတ်အတွက် ခေါင်းဆောင်ကောင်းများအား မွေးမြူခြင်းပင်ဖြစ်ပါသည်။ လူငယ်ဖွံ့ဖြိုးမှုကို ဆောင်ရွက်ခြင်းသည် တစ်နည်းအားဖြင့် နိုင်ငံတော်အတွက် လူသားအရင်းအနှီးကို ပြုစုပျိုးထောင်ပေးခြင်း၊ အနာဂါတ်အတွက် မဟာဗျူဟာကျစွာဖြင့် ရင်းနှီးမြှုပ်နှံခြင်းမျိုး ဖြစ်ပါသည်။

အထူးသဖြင့် အမျိုးသမီးများနှင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ဖန်တီးစေရန် လိုအပ်ပါသည်။ အနာဂါတ်တွင် အလုပ်အကိုင် ဖန်တီးမှုအတွက် ဇစ်မြစ်အသစ်များမှာ အဘယ်နည်း၊ အရည်အသွေးရှိသည့် အလုပ်အကိုင်များ ဖန်တီးရေးအတွက် မည်ကဲ့သို့သော မူဝါဒများဖြင့် ချမှတ်ဆောင်ရွက်ရမည်နည်းတို့မှာ အလွန်အရေးပါသည့် မေးခွန်းများ ဖြစ်ပါသည်။ အမျိုးသမီးနှင့် လူငယ်များ၏ ပါဝင်မှုနှုန်းတိုးမြှင့်စေရန်နှင့် ကာလလတ်တွင် Informal ကဏ္ဍများတွင် အလုပ်လုပ်ကိုင်မှုများအား လျှော့ချကာ တရားဝင် အလုပ်လုပ်ကိုင်လာမှုများ ဖြစ်ပေါ်စေခြင်းဖြင့် အလုပ်အကိုင်ရရှိရေး ကွာဟချက်အား ဖြည့်ဆည်းနိုင်မည်ဖြစ်ပါသည်။အဆိုပါ အချက်အလက်များသည် အရည်အသွေးပြည့်ဝသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်အတွက် အလွန်အရေးပါသည့် မူဝါဒဆိုင်ရာ စိန်ခေါ်မှုများနှင့် ပြုပြင်ပြောင်းလဲမှုများအား သတ်မှတ်နိုင်ရန် အခြေခံစဉ်းစားရမည့်အချက်အလက်များပင်ဖြစ်သည်။

### (ဃ) တီထွင်ဆန်းသစ်မှုများအား အားပေးရန်

စီးပွားရေး စိန်ခေါ်မှုများအား စတုတ္ထချဉ်းကပ်မှုမှာ တီထွင်ဆန်းသစ်မှုများ အားကောင်းစေနိုင်ရေးအတွက် လူသားရင်းမြစ်အား ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ လူသားရင်းမြစ်အား ဖွံ့ဖြိုးစေခြင်းဖြင့် ထုတ်လုပ်မှုစွမ်းအားကို မြင့်တက်လာစေပြီး တီထွင်ဆန်းသစ်မှုများ(Innovation)အား ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် လုပ်သားဈေးကွက်တွင် လိုအပ်လျက်ရှိသည့် စွမ်းရည်များနှင့်ကိုက်ညီမည့် လုပ်သားထု (Demand driven)ကို ဖြစ်ပေါ် စေမည့်အပြင် ထုတ်လုပ်မှုစွမ်းအား(Productivity)ကိုမြင့်တက်စေမည်ဖြစ်သည်။

နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကဏ္ဍအသီးသီး၌ စွမ်းဆောင်ရည်ရှိသော လူ့စွမ်းအား အရင်းအမြစ်များစွာ လိုအပ်ပါသည်။

နိုင်ငံ တည်ဆောက်ရာတွင် လူစွမ်းအား (Human Capital) ၊ လျှပ်စစ်စွမ်းအင်၊ ရေ၊ လမ်းတံတားစသည့် စီးပွားရေး အခြေခံအဆောက်အအုံ ထူထောင်နိုင်မှုစွမ်းအား (Physical Capital) ၊အဖွဲ့အစည်းစွမ်းအား(Institutional Capital)နှင့်လူမှုရေးစွမ်းအား(Social Capital)များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသောကြောင့်အဆိုပါကဏ္ဍများအား ဘက်ညီမျှတစွာ တိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ လူစွမ်းအားအရင်းအမြစ်(Human Resources Capital)အား ကောင်းမှသာ အသိပညာအခြေပြုသော စီးပွားရေး အဆောက်အအုံ (Knowledge-Based Economy) သို့ ကူးပြောင်းရာတွင် လည်းကောင်း၊ ထုတ်လုပ်မှု စွမ်းအားကို မြင့်တက်လာစေသည့် တီထွင်ဆန်းသစ်မှုများ (Innovation) တို့အား အောင်မြင်အောင်ဆောင်ရွက် လာနိုင်မည် ဖြစ်ပါသည်။

### (c) ကောင်းမွန်သည့် စီမံအုပ်ချုပ်မှု ဖြစ်ပေါ်စေရန်

စီးပွားရေး စိန်ခေါ်မှုများအား ပဋ္ဌမချဉ်းကပ်မှုမှာ သင့်တော် မျှတမှုများ ဖြစ်ပေါ်စေရန်နှင့်မညီမျှမှုများ လျော့ပါးစေရန် အစိုးရပိုင်းတွင်သာမက ပုဂ္ဂလိကကဏ္ဍများတွင်ပါ ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ်(good governance) ဖြစ်ပေါ် စေရေးပင် ဖြစ်သည်။

ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ်သည် နိုင်ငံ့စွမ်းအား (State Power) ကို တိုက်ရိုက် အထောက်အကူပြုပေသည်။ ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ်ကို အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အကျိုးအမြတ်ရယူသည့် လုပ်ငန်းကဏ္ဍနှင့် အကျိုးအမြတ်ရယူခြင်းမရှိသည့် ကဏ္ဍများ အားလုံးတွင်ပါ ကျင့်သုံးရန် လိုအပ်လျက်ရှိပါသည်။

ကောင်းမွန်သည့် စီမံအုပ်ချုပ်မှု၏ အစီအမံတစ်ရပ်အဖြစ် နိုင်ငံ၏စီးပွားရေး အဆောက်အအုံသည် အကျင့်သိက္ခာရှိရှိ၊ တာဝန်ယူမှုရှိရှိနှင့်သင့်တော်၍ စည်းကမ်းကျနသည့် ဝန်းကျင်ကောင်းတစ်ရပ် ( Appropriate Regulatory Environment) ဖြစ်ရန် လိုအပ်ပါသည်။ သို့မှသာ ကမ္ဘာ့စီးပွားရေး အဆောက်အအုံနှင့်နိုင်ငံများ၏ စီးပွားရေး အဆောက်အအုံတို့အား သင့်တော်မျှတသည့် ပြိုင်ဆိုင်မှုကိုဖြစ်ပေါ်စေမည့် အပြည်ပြည်ဆိုင်ရာ စျေးကွက်၏ အနေအထားသို့ ရောက်ရှိစေနိုင်မည် ဖြစ်ပါသည်။ ကောင်းမွန်သည့် စီမံအုပ်ချုပ်မှု ဖြစ်ပေါ်စေရေးအတွက် လူမှုအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောအဖွဲ့ အစည်းများကလည်း ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ်တွင် ပါဝင်ကြရန်နှင့် လိုက်ပါဆောင်ရွက်ရန် လိုအပ်ပါသည်။ နိုင်ငံတိုင်းအတွက် ဒေသဆိုင်ရာ စီမံအုပ်ချုပ်မှုများအား တိုးတက်အားကောင်း စေနိုင်ရေးအတွက် ဖွံ့ဖြိုးမှုနှင့် စပ်ဆိုင်သူများ အားလုံးပါဝင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

### (စ)သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ရန်

စီးပွားရေး စိန်ခေါ်မှုများအား ဆဋ္ဌမချဉ်းကပ်မှုမှာ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် အစိမ်းရောင်စီးပွားရေး (Green Economy) အား ဖော်ဆောင်နိုင်ရန် ဖြစ်ပေသည်။Globalization၏ အသီးအပွင့်များအား ကမ္ဘာ့နိုင်ငံများအကြား ညီမျှစွာ ခွဲဝေခံစားစေနိုင်ရန် ၂၁ ရာစုသို့ ရောက်ရှိလာချိန်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ထိန်းသိမ်းမှု (Environmental Sustainability) သည် ပန်းတိုင်ဖြစ်ပေရာ ကမ္ဘာ့ကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ခြင်းအားဖြင့် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသားများ အတွက်သာမက ကမ္ဘာ့လူသားဖွံ့ဖြိုးမှုကိုလည်း တိုးတက်အောင် ဆောင်ရွက်ရာရောက်မည် ဖြစ်သည်။ အဆိုပါ ကမ္ဘာ့ဖွံ့ဖြိုးမှု မူဝါဒအဖြစ် ၂၀၁၅ ခုနှစ်အလွန် အကောင်အထည် ဖော်ဆောင်မည့် စဉ်ဆက်မပြတ်

ဖွံ့ဖြိုးမှုအတွက် ပန်းတိုင်များ (Sustainable Development Goals-SDGs ) တွင်လည်း အဆိုပါ ကိစ္စရပ်သည်လည်း အလွန် အရေးပါပေသည်။

အဓိကအားဖြင့် မျိုးဆက်သစ်များ နစ်နာမှုမရှိစေရန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု (Sustainable Development) ၏ သဘောတရားအား လက်တွေ့အသုံးချရန် ဖြစ်ပေသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆိုသည်မှာ နောင်လာနောင်သားတို့၏ စားသုံးမှုအားမလျော့စေဘဲ လက်ရှိမျိုးဆက်များ၏ လိုအင်ဆန္ဒများအား ဖြည့်ဆည်း ခြင်းပင်ဖြစ်သည်။ ကမ္ဘာ့ကြီးပူနွေးမှုနှင့် ရာသီဥတု ပြောင်းလဲမှုသည် လူသားတို့၏လုံခြုံမှု (Human Security ) အားခြိမ်းခြောက်မှုကို ဖြစ်ပေါ်စေခြင်းတို့ကြောင့် ကမ္ဘာ့လူသားတိုင်း အလေးအနက်ထားရမည့် ပြဿနာတစ်ရပ်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်မှ သယံဇာတများအား ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် အစိမ်းရောင် စီးပွားရေး (Green Economy)အား ဖော်ဆောင်နိုင်ရန်မှာ စီးပွားရေးစိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းမှု တစ်ရပ်ပင်ဖြစ်ပါသည်။

ရုပ်ကြွင်းလောင်စာ (Fossil Fuels) များအား အသုံးပြုနေခြင်းအားဖြင့် ရေရှည်တွင် မလုံလောက်နိုင်ပေ။ ပြည့်ဖြိုးမြဲ စွမ်းအင်သစ်များအား အသုံးချနိုင်မည့် နည်းပညာ ပျံ့ပွားစေရန် လိုအပ်ပါသည်။ စွမ်းအင်ဆိုင်ရာ စွမ်းဆောင်ရည် ( Energy Efficiency) ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ အာရုပစိဖိတ် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးမှုဝန်ကြီးအဆင့် ပဏ္ဍမအကြိမ်မြောက် အစည်းအဝေးတွင် သဘောတူညီထားခဲ့သည့်အတိုင်း စိမ်းလန်းသောဖွံ့ဖြိုးမှု ( Green growth) ဖြစ်ပေါ်ရေးသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ စီးပွားရေးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်အား ဘက်ညီစွာ ထိန်းသိမ်းကာကွယ်ပေးနိုင်မည့် နည်းလမ်းတစ်ခုလည်းဖြစ်ပါသည်။ Green Economy ထူထောင်ခြင်းအားဖြင့် သဘာဝသယံဇာတများအား အသုံးပြုမှုလျော့နည်း သက်သာစေနိုင်သည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကဇာစ်မြစ်သစ်အဖြစ် သဘာဝအရင်းအနှီး (Natural Capital) အပေါ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်း ဖြင့် စီမံခန့်ခွဲရာ ရောက်ပါသည်။

သို့ဖြစ်ပါ၍ စီးပွားရေး စိန်ခေါ်မှုများအား ထိရောက်စေမည့် ချဉ်းကပ်မှုနည်းလမ်းသစ်များရှာဖွေ၍ ဝိုင်းဝန်းအဖြေရှာရန်၊ သက်ဆိုင်ရာနိုင်ငံ အဖွဲ့အစည်းများအလိုက် အစီအစဉ်များရေးဆွဲအကောင်ထည်ဖော်ရန်တို့မှာရေရှည် ဖွံ့ဖြိုးတိုးတက်မှုဖြင့် ခိုင်မာစေသည့် ကမ္ဘာ့စီးပွားရေး အဆောက်အအုံတစ်ခုအား ထူထောင်ရာတွင် ကမ္ဘာ့နိုင်ငံများအကြား၊ ကမ္ဘာ့ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အကြားသင့်တော်မျှတစွာဖြင့်ထိရောက်၍ စွမ်းဆောင်ရည်ရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် လိုအပ်လျက် ရှိပါသည်။

**ဒေါက်တာဝါဝါမောင်**

# ကြက်ဥနှစ်ရောင် တိမ်တောင်သဖွယ်

ကုမ္ပဏီများတွင် ယနေ့တွေ့ကြုံရသည့် ပြဿနာများ အနက် တစ်ခုသောကိစ္စမှာ အနည်းစုအစုရှယ်ယာရှင်များ၏ အကာအကွယ်အကြောင်းအရာပင်ဖြစ်သည်။ ကျွန်တော်တို့ အနိုင်ကျင့်ခံနေရတယ်။ကျွန်တော် ကုမ္ပဏီမှာ ဘာမှဆုံးဖြတ်လို့မရဘူး။ ကုမ္ပဏီမှာ သူတို့ဖက်က အလေးသာနေတော့ကျွန်တော်တို့ ဘာပြောပြော အရာမထင်ဘူး။ စသည်ဖြင့် ပြဿနာများ။

ကုမ္ပဏီဥပဒေ၏ သဘောသဘာဝကို နားမလည်သဖြင့် ယင်းပြဿနာများကြုံရသည်ဟု နားလည်မိသည်။ ကျွန်တော် စကားကြီး၊ စကားကျယ်ပြောသလို ဖြစ်နေပြီထင်ပါတယ်။ အခြားတစ်ဖက်ကလည်း ပြန်မေးစရာ ရှိပါလိမ့်မယ်။ သင်ကောဘယ်လောက်နားလည်နေလို့လဲ။ ကျွန်တော်ဆိုလိုတာက ကုမ္ပဏီ ဥပဒေ၏ သဘောသဘာဝကို ပြောလိုရင်းပါ။ ဥပဒေမှာပါရှိတဲ့ ယုတ္တိဗေဒ Logic ကို နားမလည်တဲ့သဘောကို ပြောလိုရင်းပါ။ ဥပဒေပြဋ္ဌာန်း ချက်များကို နားမလည်ရကောင်းလားဟု ပြောလိုခြင်း မဟုတ်ပါ။ ကျွန်တော်ကိုယ်တိုင်လည်း လေ့လာဆဲပါ။

ငယ်စဉ်က ဗိုလ်၊ ကျား၊ သေနတ် ကစားကြသည့် ဥပဒေသကို အမှတ်ရစေချင်ပါတယ်။ ကျားက ဗိုလ်ကို နိုင်သည်။သေနတ်က ကျားကိုနိုင်သည်။ဗိုလ်နှင့် သေနတ်ဆို ဗိုလ်ကနိုင်သည်။ တူနေလျှင် သရေဖြစ်မည်။ ကုမ္ပဏီဥပဒေတွင် ယင်းကဲ့သို့ ယုတ္တိဗေဒကို အခြေခံသော အကြောင်းအရာ များစွာပါသည်။ ယနေ့ခေတ် အီလက်ထရောနစ်ပစ္စည်းများ ဖန်တီးသူများသည် လူသား၏ လိုအပ်ချက်ကို မျှော်တွေး၍ ထုတ်ကုန်အသစ်များကို ထုတ်လုပ်ဖန်တီးကြသည်ဟု ဆိုပါက ကုမ္ပဏီဥပဒေတွင် ပါဝင်သော ပြဋ္ဌာန်းချက်များသည် ကနဦးထဲက ရှိသော လူသား၏ ယုတ္တိဗေဒကိုမျှော်တွေး၍ ဥပဒေကို ဖန်တီးထားခြင်း သို့မဟုတ် ပြဋ္ဌာန်းထားခြင်းဟု ဆိုနိုင်ပါသည်။ ကုမ္ပဏီအတွင်း ဆောင်ရွက်မှုများသည် ယင်း ယုတ္တိဗေဒ သို့မဟုတ် ဥပဒေသ ကို ကျော်လွန်မည် မဟုတ်ပေ။

သင် ဖဲကစားဖူး ပါသလား။ မြန်မာတွေဖဲကစားပုံနှင့် အနောက်တိုင်းကသူများ ဖဲကစားပုံ ဘာကွာသည်ဟု သင်ထင်ပါသလဲ။ မြန်မာတွေ ဖဲကစားပုံက ကိုယ်ဖဲကိုသာ စိတ်ဝင်စားသည်။ တစ်နည်းအားဖြင့် ဖဲပွတ်သည်။ ဘာထွက်လာမလဲဟု ဖဲနှစ်ချပ်ထပ်၍ ပွတ်သည်။ မှားယွင်းသော အလေ့အထတစ်ခု ဖြစ်သည်။ ပွတ်ခြင်းအားဖြင့် ထိုဖဲချပ်သည် ပို၍ထူးခြားလာမည်မဟုတ်ပေ။ အနောက်တိုင်းသားများ ဖဲကစားရာတွင် ကိုယ့်ကို ဝေပေးသော ဖဲချပ်များကို တော်ရုံသာကြည့်သည်။ မိမိဖဲ၏ အတက်အကျကို စိတ်ခံစားမှုအရ မပေါ်လွင်အောင် မျက်နှာပိုးသတ်သည်။ သူတို့ကတစ်ဖက်လူ၏ အရိပ်အကဲကိုပို၍ လေ့လာသည်။ တွက်သည်။ တစ်ဖက်လူ၏ မျက်နှာရိပ် မျက်နှာကဲအရ (ဖဲအခေါ်အဝေါ်) လိုက်သင့်သည် မလိုက်သင့်သည်ကို ဆုံးဖြတ်သည်။ တစ်ဖက်သူ၏ မျက်နှာရိပ် မျက်နှာကဲသည် ယုတ္တိဗေဒဖြစ်သည်။ ယင်းယုတ္တိဗေဒ အရ တစ်ဖက်လူက လူကဲခတ် သိပ်တော်လာသည့်အခါ မိမိအမှုအယာကို မသိအောင် ဖုံးကွယ်နိုင်ရန် ဖဲကစားနေစဉ် နေကာမျက်မှန်အမဲကြီးတပ်ထားသော ပုဂ္ဂိုလ်များကို ဟောလီဝုဒ် ဇာတ်ကားအချို့တွင် သင်သတိထားမိပါလိမ့်မယ်။

ကိုယ်မမြင်ရသောသူ၏ ဖဲချပ်များ၏ အတက်အကျကို သူရဲ့မျက်နှာကိုကြည့်၍ သုံးသပ်နိုင်ရမည်။ကိုယ်လက်ထဲတွင် ရှိသောဖဲချပ်သည် ပေးထားချက်များ၊ ပြဋ္ဌာန်းချက်များဖြစ်သည်။ ထိုဖဲများကို ပွတ်နေခြင်းအားဖြင့် မိမိဖြစ်လိုသော ဖဲချပ်ဖြစ်လာနိုင်မည်မဟုတ်ပေ။ ဖဲချပ်များကို ပွတ်နေခြင်းအားဖြင့် မပင်ပန်းသင့်ပေ။ ယုတ္တိဗေဒကို မသိပါဘဲ မိမိ၏ ပေးထားချက်များအပေါ် အာရုံစိုက်နေခြင်းသည် ယင်း၏အဆုံး၌ အချည်းနှီးသာ ဖြစ်ပေလိမ့်မည်။ ဤနေရာတွင် စည်းမျဉ်းစည်းကမ်းများကို လိုက်နာ ဆောင်ရွက်ရန်တော့ လိုအပ်ပါသည်။

ထို့အတူ ကုမ္ပဏီ၏ ယုတ္တိဗေဒကို ကြည့်ရအောင်။ ကုမ္ပဏီတစ်ခုတွင် သင်သည် မည်သည့်နေရာက ပါဝင်ပါသလဲ။ကျွန်တော်ကကုမ္ပဏီရဲ့ မန်နေးဂျင်းဒါရိုက်တာပါ။ ဘုတ်အဖွဲ့ဥက္ကဋ္ဌဆိုလဲ ဟုတ်တယ်။ဒါ့အပြင် CEOဆိုလည်း ဟုတ်တယ်။ သာမန်အားဖြင့်တော့ ကြားရုံမျှဖြင့် အထင်ကြီးစရာပါ။ ထို့ထက်ပို၍ မေးလိုသော မေးခွန်းမှာ

သင်အဲ့ကုမ္ဍဏီမှာ အစုရှယ်ယာ ရာခိုင်နှုန်း မည်မျှ ပိုင်ဆိုင်ပါသလဲ။ ဆိုပါစို့ ၅၀ ရာခိုင်နှုန်းအောက်သာ ပိုင်ဆိုင်သည်ဆိုပါစို့။ ကျွမ်းကျင်နားလည်သူက သင့်ကို အထင်ကြီးမည်မဟုတ်ပေ။ ဘာကိုကြည့်ပြီး အထင်မကြီးတာလဲ ဟုမေးပါက ယုတ္တိဗေဒကိုကြည့်၍ အထင်မကြီးဘူးဟု သာ အလွယ်ပြောရမှာပါ။ ယုတ္တိဗေဒအရသင့်ဖဲသည် Run အပျက်သို့မဟုတ် အစဉ်အပျက်ဖြစ်နေသည်။ Run ဖြစ်ရန် သင်၏ လိုအပ်နေသောဖဲကို တစ်ဖက်လူက နင်းထားသောကြောင့် ဖြစ်သည်။ ဘာကြောင့်ပါလဲ။ တစ်ဖက်တွင် ကုမ္ဍဏီဒါရိုက်တာအဖွဲ့မှ သင့်ကိုဖယ်ရှားလိုသော ၅၁ ရာခိုင်နှုန်းသော မဲဆုံးဖြတ်ချက် တစ်ခုရှိခဲ့ပါလျှင် (ကုမ္ဍဏီ အစုရှယ်ယာရှင်များ၏ သာမန်ဆုံးဖြတ်ချက် တစ်ခုချနိုင်ပါလျှင် ထိုဆုံးဖြတ်ချက်သည် သင့်အားလက်ရှိအခြေအနေမှ ချက်ချင်းဖယ်ရှားနိုင်သည်ကို သတိပြုရမည် ဖြစ်သည်။

လုပ်လက်စ စီမံကိန်းတွေ၊ ကုမ္ဍဏီက စကားပြောလက်စ စာချုပ်စာတမ်းတွေ ရှိနေသေးတယ်။ ကျွန်တော့်ကို ဒီလိုဖယ်ရှားလို့ မရဘူး စသည်ဖြင့် သင်တို့ပြန်နိုင်ပါသည်။ယင်းတို့ပြန်ချက်သည် တရားမဝင်ပါ။ အရေးမကြီးပါ။ သင်ကို ဖယ်ရှားခြင်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်ကို သူတို့တွက်ချက်ပြီး ဖြစ်ပါလိမ့်မည်။ အားမနာတမ်းပြောရလျှင် သင်ထက်ပို၍ ကျွမ်းကျင်သူနှင့် အစားထိုးလို့ရပါတယ်။ နေမင်းကြီးကွယ်လေပြီဟု မျက်ရည်ကျနေမည် မဟုတ်ပါ။ ငွေကြေယ်ပွင့်တို့ကိုလည်း အဆုံးရှုံးခံမည် မဟုတ်ပါ။ (တစ်ဂိုး၏ ၄က်တေလေ ကဗျာစုမှ-)။ တစ်ဖက်တွင်လည်း ရာထူးနေရာက ဖယ်လိုက်တော့လည်း အေးဆေးအနားယူရတာပေါ့ (ဇာတ်ထဲမှာလို စောစောသေတော့ စောစောအိပ်ရတာပေါ့) လို့ သင်စိတ်တုံးတုံးချလို့ရမည် ထင်ပါသလား။ သင်အလုပ် တာဝန်ယူစဉ် အချိန်မှစ၍ အနားယူသောနေ့အထိ ဖြစ်ခဲ့သော ကိစ္စတစ်ရပ်ရပ်အတွက် သင့်မှာ တာဝန်ရှိနေပါတယ်။ ဤနေရာတွင် တရားစွဲဆိုမှုတစ်ခုခုရှိပါက ထိုကာလအတွင်း အဖြစ်အပျက်တစ်ခုအပေါ် သင်အမှုရင်ဆိုင်ရအုံးမည် ဖြစ်သည်။

အထက်ပါဆိုခဲ့သော အကြောင်းကြောင့် ဘယ်နေရာ၊ ဘယ်အချိန်၊ ဘာကြောင့်ဆိုသော သတ်မှတ်ချက်များသည် အရေးပါလာပါသည်။ ဒါရိုက်တာတစ်ဦးအဖြစ် သို့မဟုတ် အစုရှယ်ယာအဖြစ် သင်ပါဝင်ခဲ့သော အချိန်ကာလသည် အရေးကြီးလာပါတယ်။ ကုမ္ဍဏီဥပဒေ၏ ယုတ္တိဗေဒ နောက်တစ်ခုမှာ သဘောတူညီမှု Consent ဖြစ်ပါသည်။ ဒီတာဝန်တွေကို တကယ်ပဲယူနိုင်ပါသလား။ ဒီပြဋ္ဌာန်းချက်တွေ တကယ်ပဲ လိုက်နာနိုင်ပါသလား။ သင် ဒါရိုက်တာ သို့မဟုတ် အစုရှယ်ယာရှင်အဖြစ် ကုမ္ဍဏီတွင် ပါဝင်စကပင် အထက်ပါ မေးခွန်းများကို ဖြေကြားရမည် ဖြစ်သည်။သင်သတိထား မိပါသလား။ သင်၏သဘောတူညီမှုသည် ကနဦးကတည်းက ရှိပြီးဖြစ်သည်။ မသိရပါလားဗျာ။ ဘယ်သူမှလဲ မမေးပါဘူး။ ကုမ္ဍဏီ တည်ထောင်တာ လွယ်တယ်ဆိုတာနဲ့ပဲ မှတ်ပုံတင်လိုက်တာ စသည်ဖြင့်အဖြေများ။ ဥပဒေကြောင်းအရ သင်၏ သဘောတူညီမှု ကနဦးထဲက ရှိပြီးဖြစ်သည်ဟု သတ်မှတ်ရမည် ဖြစ်သည်။ ဘာကြောင့်လဲဆိုတော့ သင်က ကုမ္ဍဏီမှာ ဒါရိုက်တာဟု ပြောနေခြင်းကြောင့်ပင် ဖြစ်သည်။ သင်က ကုမ္ဍဏီမှာ အစုရှယ်ယာ ဘယ်လောက်ပိုင်ဆိုင်သည်ဟု ပြောနေခြင်းကြောင့်ပင်ဖြစ်သည်။ သင်သတိမထားမိသော်လည်းဥပဒေသဘောအရ စည်းနှောင်မှုရှိနေပြီဖြစ်သည်။ ရင်းနှီးသူအချို့က ကျွန်တော်ကုမ္ဍဏီမှတ်ပုံတင်ဌာနမှာ အလုပ်လုပ်သည်ကို သိသဖြင့် ကုမ္ဍဏီမှတ်ပုံတင်လိုသည့် အခြေအနေကို မေးမြန်းကြသည်။ ကျွန်တော်သူတို့ကို မေးသော မေးခွန်းမှာ ဘာကြောင့် ကုမ္ဍဏီ မှတ်ပုံတင်လိုတာလဲဟူသော အမေးဖြစ်သည်။ တိကျသော အဖြေမရပါ။ စီးပွားရေးလုပ်လိုသောကြောင့် ဖြေကြသည်။ ကုမ္ဍဏီရှိတော့ လူရှိန်တာပေါ့၊ ကိုယ့် ကုမ္ဍဏီဆိုတော့ ကိုယ်က MD / CEO ပေါ့ စသည်ဖြင့် အဖြေများ။ ကျွန်တော်၏ ရယ်စရာ အဖြေမှာ MD/CEO လုပ်ချင်တာများ ကုမ္ဍဏီဖွဲ့စည်းတည်ထောင်စရာ မလိုပါဘူး။ ပုံနှိပ်တိုက် သွားပြီး လိပ်စာ ကတ်ရိုက်၊ ကိုယ်ဖြစ်ချင်တဲ့ ရာထူးပြောလိုက် ပုံနှိပ်တိုက်က ရိုက်ပေးတာပဲ ဟာကို။ ပြီးရင်အသိမိတ်ဆွေတွေ့ရင် ပေးလိုက်။ ကုမ္ဍဏီ မှတ်ပုံတင်စရာမှ မလိုတာ။ ကုမ္ဍဏီမှတ်ပုံတင်ထားရင် ကုမ္ဍဏီဥပဒေကို လိုက်နာနေရအုံးမယ်။ မှတ်ပုံတင်ခ

ကုန်နေ အုံးမယ်။

ထို့အတူ စီးပွားရေးလုပ်ရန် ကုမ္ပဏီရှိရမည်ဆိုသော အတွေးမျိုးလည်း မဝင်စေချင်ပါ။ တစ်ဦးတည်းပိုင် လုပ်ငန်းတွေ၊ မိသားစုလုပ်ငန်းတွေ သင်တွေ့ဖူးမှာပါ။ သူတို့လည်း သူတို့နည်း၊ သူတို့ဟန်နဲ့ အောင်မြင်နေတာပဲ။ လုပ်ငန်းတိုင်းက ကုမ္ပဏီ ဟုတ်ချင်မှ ဟုတ်မှာကို။ ကုမ္ပဏီ တည်ထောင်တယ်ဆိုတာ လုပ်ငန်းတစ်ခုကို နည်းစနစ်တကျ ထူထောင်ပြီး စီးပွားတိုးအောင်၊ ရှင်သန်အောင်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံတကာနဲ့ ချိတ်ဆက် ဆောင်ရွက်နိုင်အောင် စသည့်ရည်ရွယ်ချက်များနဲ့ အနာဂတ်ကို မျှော်တွေးပြီး လုပ်ငန်းဆောင်ရွက်လိုမှသာ ကုမ္ပဏီတစ်ခုအနေဖြင့် မှတ်ပုံတင်သင့်သည်။

တစ်နည်းဆိုရပါမူ မိမိ၏ ဓနကြေးငွေနဲ့ စီးပွားရေးဆိုင်ရာ မသေချာမှုများတွင် ရှိသည့် Risk ကို မည်သို့ လျှော့ချနိုင်မလဲဆိုသော အမြင်ဖြင့် ကုမ္ပဏီတွင် ပါဝင်သင့်သည်။ ဘယ်နေရာက ပါရမည်ကို မဆိုလိုပါ။ ဤသို့ဆိုလျှင် သင်သည် အစုရှယ်ယာရှင် ဖြစ်ပါက Limited Liability ပေးရန် တာဝန်ကို ကန့်သတ် ခံရသော အခွင့်အရေးနှင့် သင်သည် ဒါရိုက်တာ ဖြစ်ပါက Liability ပေးရန် တာဝန်ရှိသော အခြေအနေများ ဥပဒေအရ ရှိနေသဖြင့် ဖြစ်ပါသည်။ ဆိုလိုတာက သင့်သဘောတူညီမှုအတွက် ဆိုင်ရာအခွင့်အရေးနှင့် တာဝန်များရှိနေမှာ ဖြစ်ပါတယ်။ အလွယ်ပြောရရင်တော့ ငွေကြေးအရင်းအနှီးတစ်ခုနဲ့ စီးပွားရေးဆိုင်ရာ မသေချာမှုတွေ လျှော့ချချင်တယ်ဆိုတဲ့ ရည်ရွယ်ချက် ရှိရင်တော့ အစုရှယ်ယာရှင်နေရာက ပါပေါ့။ သို့မဟုတ် တာဝန်ယူ ဆောင်ရွက်ရမှုနှင့် အခွင့်အလမ်းကို ကစားချင်တယ်ဆိုရင်တော့ ကုမ္ပဏီ ဒါရိုက်တာ အဖြစ်လုပ်ပေါ့။ ဘယ်နေရာကပါပါ သင့်၏ သဘောတူညီမှု Consent သည် မူလကတည်းက ရှိပြီး ဖြစ်နေသည်ကို မမေ့သင့်ပေ။

**အခြေအနေ ၂ ခုဖြင့် ဥပမာ ပေးပါမည်။**

- သင်ဘာကို မျှော်လင့်လို့ ကုမ္ပဏီမှာ ဒါရိုက်တာ တာဝန်ကို ထမ်းဆောင်ပါသလဲ။
- သင်ဘာကို မျှော်လင့်ပြီး ကုမ္ပဏီ၏ အစုရှယ်ယာ ၂၅ % ကို ပိုင်ဆိုင်ထားတာပါလဲ။

ပထမ ဥပမာအရ ဒါရိုက်တာ တာဝန်ထမ်းဆောင်ရခြင်းအတွက် သင်ဘာကို မျှော်လင့်ပါသလဲ။ အကျိုးခံစားခွင့် သို့မဟုတ် လစာ သို့မဟုတ် အခွင့်အရေးစသည်ဖြင့် သင်မျှော်လင့်သော အခြေအနေတစ်ခု ရှိနိုင်ပါသည်။ သင်၏ အခွင့်အရေးများကို အရင်ကြည့်ရအောင်။ လစာ၊ အကျိုးခံစားခွင့် တကယ်ကျေနပ်စရာ ကောင်းပါသလား။ နေစရာ အိမ် သို့မဟုတ် ကွန်ဒို၊ စီးစရာ ကား၊ အတွင်းရေးမှူး (ရှိလျှင်)၊ အလုပ်ကိစ္စ အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားရ သည့်အခါ စရိတ်၊ ဘောနပ် (ကုမ္ပဏီ စီးပွားရေး အောင်မြင်လျှင်)၊ ကုမ္ပဏီတွင် အရေးပါအရာရောက်သော ဂုဏ်ပုဒ် (တန်ဖိုးဖြတ်ရန်ခက်ခဲသော အကြောင်း အရာများ အပါအဝင်) စသည်ဖြင့် များစွာ ရှိနိုင်ပါသည်။

တစ်ဖက်တွင် ထိုအခွင့်အရေးရရှိထားမှု အတွက် သင့်တွင်တာဝန်များရှိနေမည် ဖြစ်သည်။ ကုမ္ပဏီက ကြွေးမြီတွေ မဆပ်နိုင်ဘူး သင့်တာဝန်ပါ။ သင်က ကုမ္ပဏီရဲ့ ဒါရိုက်တာလေ။ ဒါရိုက်တာရဲ့ တာဝန်က ကုမ္ပဏီမှာ ကြွေးမြီတွေ ရှင်းအောင် သင်စွမ်းဆောင်နိုင်ရမယ်လေ။ သင်မူလတာဝန်ထမ်းဆောင်စဉ်က ကုမ္ပဏီ အကျိုးစီးပွားအတွက် အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ပါမယ်လို့ သင်သဘောတူ ခဲ့တယ်လေ။ ကုမ္ပဏီက ကုန်သွယ်ခွန်၊ ဝင်ငွေခွန်တွေ မပေးဘူး။ ကြွေးကျန်တွေ ဖြစ်နေတယ်။ သင့်တာဝန်လေ။ သင်ကျလစာနဲ့ အခွင့်အရေးတွေယူပြီး နိုင်ငံတော်ကို ပေးရမယ့် အခွန်ကျ သင်က ဘာလို့ ပျက်ကွက်တာလဲ။ ကုမ္ပဏီက အလုပ်သမားတွေ၊ ဝန်ထမ်းတွေ အခွင့်အရေး နစ်နာမှု ဆုံးရှုံးမှုရှိနေတယ်။ သင့်တာဝန်ပဲ ဖြစ်ပါတယ်။ ကုမ္ပဏီ ဒါရိုက်တာတစ်ဦး ထမ်းဆောင်ရမည့် တာဝန်ထဲတွင် Applicable Laws သက်ဆိုင်ရာဥပဒေများကို လိုက်နာရမည့် ကိစ္စလည်း ပါဝင်ပါသည်။ ကုမ္ပဏီက လက်ခံထားတဲ့ အလုပ်တွေ အချိန်မီမပြီးဘူး။ လက်ခံထားတဲ့ သဘောတူစာချုပ်တွေအရ နောက်ကျကြေးတွေ၊ လျော်ကြေးတွေ ပေးနေရတယ်။ ဒါရိုက်တာဖြစ်သူ သင်၏ တာဝန်ပဲ ဖြစ်ပါတယ်။

ဒါရိုက်တာ တစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ လုံလောက်သော ဂရုစိုက်မှု Care & Due Diligence ဘာလို့ မရှိတာလဲ။ တကယ်မလုပ်နိုင်ဘဲနဲ့ စာချုပ်တွေ အစထဲက ဘာလို့ ချုပ်ဆိုထားတာလဲ Reckless Trading လုပ်တာလဲ။ သင်၏ ချို့ယွင်းချက်ပင် ဖြစ်လိမ့်မည်။

တစ်ဖက်က တရားစွဲဆိုလာပါကကုမ္ပဏီ ဒါရိုက်တာ ဖြစ်သော သင် တရားရင်ဆိုင်ရဖွယ် ရှိသည်။ အဆိုးဆုံးကတော့ အကြွေးမဆပ်နိုင်လို့ တရားရှုံးလို့ ထောင်ကျ စရာရှိရင် သို့မဟုတ် လူမွဲဖြစ်စရာရှိရင် အဲ့ဒါသင်ပဲ ဖြစ်လိမ့်မည်။ ပြန်စဉ်းစားကြည့်တော့ ဒါရိုက်တာ တစ်ယောက်အဖြစ် သင်ရတဲ့ အခွင့်အရေးနှင့် သင်ယူရသော တာဝန် ကာမိရဲ့လား စဉ်းစားစရာပါ။ ဖေ့ဘုတ်ရဲ့ စီအီးအို ဇုကာဘတ် တစ်ယောက် တရားရုံးများတွင် တရားရင်ဆိုင်ရသည့် သတင်းများကို ကမ္ဘာ့မီဒီယာများမှာ မကြာခဏတွေ့မြင်ရမည် ဖြစ်သည်။ ဂုဏ် သို့မဟုတ် အခွင့်အရေး နှင့် တာဝန် ကစားနေခြင်းနှင့်တူသည်။ ရံဖန်ရံခါ ကြားရသော မြန်မာပြည်က ကုမ္ပဏီဒါရိုက်တာများလို ကုမ္ပဏီကတစ်ပြားမှ မရဘဲ ဒါရိုက်တာလုပ်ချင်လို့ကို ဝင်လုပ်နေတာ ဆိုရင်တော့ တော်တော် စဉ်းစားစရာပါပဲ။အံ့ဖွယ်ပင်ဖြစ်ပါသည်။သင်ကဥပဒေကို မသိဘူးဆိုရုံမျှဖြင့် ဥပဒေကသင့်ကို ခွင့်လွှတ်လိမ့်မည်မဟုတ်ပါ။ ဓားခုတ်ရာ လက်ဝင်လျှိုတာနဲ့ တူလှပေသည်။

ဒုတိယဥပမာအရ အစုရှယ်ယာရှင်၏ အခန်းကဏ္ဍကို ကြည့်ရအောင်။ အထက်ကဆိုခဲ့သည့် အတိုင်း ကုမ္ပဏီတွင် သင်အစုရှယ်ယာ ၂၅ % ပိုင်ဆိုင်သည် ဆိုပါစို့။ မေးခွန်းမှာ သင်ဘာကိုမျှော်လင့်ပြီး ထို ၂၅ % နှင့် ညီမျှသော ငွေကြေး (အဖိုးစားနား) သို့မဟုတ် Non cash consideration ဆိုသော တန်ဖိုးမျှခြေ တစ်ခုကို ထည့်ဝင်ခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံခြင်း ဆောင်ရွက်ပါသလဲ။သင့်တွင် ဥပဒေအရပေးထားသော အခွင့်အရေး တစ်ခု ဖြစ်သည့် ပိုင်ဆိုင်မှု အကျိုးခံစားခွင့် Ownership Interestသည် သင်စတင်ပါဝင် ကတည်းက၊ သဘောတူ ကတည်းက ရှိနှင့်ပြီး ဖြစ်သည်။အစုရှယ်ယာ ပိုင်ဆိုင်ခွင့်၊ မဲပေးဆုံးဖြတ်ခွင့်၊အကျိုးအမြတ်ရရှိပိုင်ဆိုင်ခွင့်များသည် ပိုင်ဆိုင်မှု အကျိုးခံစားခွင့်တွင် အကျုံးဝင်ပြီး ဖြစ်သည်။ ကုမ္ပဏီဥပဒေအရ ပေးထားသော အခွင့်အရေးအကုန် ဖြစ်သည်ဟု ဆိုချင်ပါသည်။ ထို့ပြင်ဘာကို ထပ်ပြီး မျှော်လင့်ထားပါသလဲ။ ကျွန်တော်တော့မမြင်ပါ။

အစုရှယ်ယာရှင်များ၏ ယုတ္တိဗေဒကို ကြည့်ရအောင်။ အစုရှယ်ယာရှင်များ အစည်းအဝေးတွင် တစ်ဖက်နှင့်ဆန့်ကျင်၍ သင်ဘာဆုံးဖြတ်လို့ရမည်ဟု ထင်ပါသလဲ။ ဒါမှမဟုတ် သင်က သဘောတူပြီး ကျန်သူများက သင်နှင့်ဆန့်ကျင်နေလျင် သင်ဖက်က နိုင်မည်ဟု ထင်ပါသလား။ ဥပမာအရ သူတို့ဖက်က ဂ၅ % သော ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီတွင် အထူးဆုံးဖြတ်ချက်များကို ချနိုင်မည်ဖြစ်သည်။ ဥပဒေအရ အထူးဆုံးဖြတ်ချက်တစ်ခုကို ဂ၅ % နှင့် အထက် ချမှတ်၍ ရနေသည်ကို သင် အစထဲက မသိဘူးလား။ ကျားက ဗိုလ်ကို နိုင်သည်ဆိုသော ဥပဒေသကို မသိပါဘဲ သင်အဲ့ဒီကစားပွဲမှာ ဘာဝင်လုပ် နေတာလဲ။ သင်၏ ပေးထားချက်သည် ၂၅ % ပဲရှိတယ်ဆိုတာ သင်အစထဲက သတိမထားမိတာလား။ကုမ္ပဏီရဲ့ အမြတ်ခွဲဝေမှုကို မျှော်ကိုးပြီး အလုပ်လုပ်နေတာဟုဆိုပါက အမြတ်ခွဲဝေတဲ့ အစီအစဉ်ပါရင်တော့ သင်ပျော်ရပြီပေါ့။ မဟုတ်ရင်တော့ ၂၅ % ဆိုတာ အိမ်ဖြည့်သက်သက်ပါပဲ။

ကုမ္ပဏီ၏ နှစ်ပတ်လည် အစည်းအဝေးတစ်ခုမှာ သင်က အမျှော်အမြင်ရှိရှိနဲ့ အနာဂတ်ကုမ္ပဏီရဲ့ အလားအလားကို မျှော်တွေးပြီး ငွေစာရင်းတွေ ခိုင်မာတိကျအောင် ဒိတ်ဒိတ်ကြဲစာရင်းစစ် တစ်ယောက်ကို ခန့်ထားချင်တယ်ဆိုပြီး အဆိုပြုတယ်ဆိုပါစို့။ သင်၏ထောက်ခံမဲသည် ၂၅% ရာခိုင်နှုန်းသာရှိသည်။ ကျန်အစုရှယ်ယာရှင်များကအဲ့ဒါတော့မလုပ်ပါနဲ့ဦးဗျာ။အခုလဲ ငွေစာရင်းတွေ မှန်ကန်ပါတယ်။ ခင်ဗျားပြောသလိုသဆိုရင် အဲ့မှာ အပိုကုန်ကျစရိတ်တွေ ရှိလာနိုင်တယ်။ နောင်တော့ စဉ်းစားတာပေါ့ဗျာ။ ဆိုသော အကြောင်းပြချက်ဖြင့် ကျန်အစုရှယ်ယာရှင်များက ၅၁% ကန့်ကွက်လိုက်ရုံမျှဖြင့် ယင်းကဲ့သို့သော သာမန်ဆုံးဖြတ်ချက်တစ်ခု တောင်ချမှတ်လို့ မရဘူးဆိုတာ သင်သတိမထားမိတာလား။ ဗိုလ်နဲ့ သေနတ်ဆို ဗိုလ်က နိုင်တယ်ဆိုသော ဥပဒေသကို သင်မေ့နေပြီလား။ ဒါဆို ၂၅ % ပိုင်ဆိုင်

တယ်ဆိုသော အဓိပ္ပါယ်ကို သင် သဘောပေါက်မည်ဟု ထင်ပါသည်။

ယင်းကဲ့သို့သော အခြေအနေများတွင် မေးနိုင်သော မေးခွန်းမှာ အစုရှယ်ယာများ အစည်းအဝေးတိုင်းမှာ သူတို့နဲ့ ဆန့်ကျင်တဲ့ အမြင်ရှိတိုင်း ၂၅ % ပိုင်ဆိုင်တာက ဘာမှလုပ်လို့ မရတော့ဘူးလား။ ဥပဒေအရ အဲ့လို အစီအစဉ်မျိုး Agenda နဲ့ နောက်တစ်ကြိမ် အစည်းအဝေးတောင်ခေါ်နိုင်တဲ့ အခွင့်အရေး ရှိပါတယ်။ အဲ့ဒီ အစည်းအဝေး နောက်တစ်ကြိမ်အတွက် ကုန်ကျစရိတ်ကို သင်၏ ငွေကြေးဖြင့် ကျခံ ရလိမ့်မယ်။ အစည်းအဝေး ထပ်မခေါ်သင့်ပါ။ ဆုံးဖြတ်ချက်က သူတို့သဘော အတိုင်းသာ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်၏ အပြန်အလှန် မေးခွန်းမှာ ၂၅ % သာပိုင်သော သင်က သူတို့နဲ့ ဘာလို့ ဆန့်ကျင်တဲ့ ဆုံးဖြတ်ချက်မျိုး ရှိတာလဲ။ သူတို့ကကော သင်နဲ့ ဆန့်ကျင်လိုတိုင်း တနည်းအားဖြင့် သင်၏ ၂၅ % ပိုင်ဆိုင်မှုကို အကျိုးမရှိစေလို သောအလို့ငှာ တစ်နည်း သင်စီးပွားပျက်စေလိုသော အလို့ငှာ သူတို့၏ ပိုင်ဆိုင်မှု ၇၅ % ကို အဆုံးရှုံးခံမည်ဟု သင်ထင်ပါသလား။ သင်အဲ့လို ထင်နေရင်တော့ ယုတ္တိဗေဒ Logic ကို ကျော်လွန်နေသာ သင်၏ စိတ်ကူးယဉ် အတွေးသက်သက်မျှသာ ဖြစ်ကြောင်း အကြံပြုပါရစေ။

**အမ်တူး**

## ကယားပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အခွင့်အလမ်းများနှင့်စိန်ခေါ်မှုများ

ကယားပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်ရန်အတွက် မြေဆီညြောကောင်းမွန်သည့် စိုက်ပျိုးမြေများနှင့်သတ္တုသိုက်များစသည့် သဘာဝသယံဇာတများပေါကြွယ်ဝစွာတည်ရှိပါသည်။ ထို့အပြင်သဘာဝ အခြေခံခရီးသွားလုပ်ငန်း၊ ပထဝီဝင် ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့် ဘာသာရေး လေ့လာမှုဆိုင်ရာ ခရီးသွားလုပ်ငန်းစသည်ဖြင့် ခရီးသွားကဏ္ဍများ ဆောင်ရွက်ရန်အတွက် ကြီးမားသော အလား အလာများလည်း တည်ရှိနေပါသည်။ ထို့အပြင် အခြေခံ အဆောက်အအုံများဖွံ့ဖြိုးလျက်ရှိခြင်း၊ရင်းနှီးမြှုပ်နှံသူများကို နွေးထွေးစွာကြိုဆိုမည့် ပြည်နယ်အစိုးရနှင့် လုပ်ငန်းဆိုင်ရာအဖွဲ့များရှိခြင်း၊ ကယားပြည်နယ်အတွင်း နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေကျပ်(၁၀)ဘီလီယံကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားဆိုင်ရာ စီးပွားရေးလုပ်ငန်းများ(MSMEs)နှင့် အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ချေးငွေများ ပံ့ပိုးပေးလျက်ရှိခြင်း စသည်တို့မှာ ပိုမိုကောင်းမွန်သည့် စီးပွားရေး ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်လျက်ရှိသော အဓိကအချက်များ ဖြစ်ပါသည်။

ကယားပြည်နယ်ရှိ မြို့နယ်အားလုံးသည် အခွန်ကင်းလွတ်ဇုန်(၁)တွင် ပါဝင်သဖြင့်ဝင်ငွေခွန် ကင်းလွတ်ခွင့် ၇ နှစ် ခံစားခွင့် ရရှိမည်ဖြစ်ပါသည်။ လေ့လာတွေ့ရှိချက်များအရ ပြည်နယ်အတွင်း အလုပ်လုပ်ကိုင်ရခြင်းမှာ စျေးကွက်ရရှိမှုကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။ လုပ်ငန်း စတင်လုပ်ကိုင် ပါကလိုင်စင်နှင့် ပါမစ်များရရှိရန် လွယ်ကူကြောင်း သိရှိရပါသည်။ ကယားပြည်နယ်အတွင်း၌ ကုန်ထုတ်လုပ်မှုကဏ္ဍသည် ရာခိုင်နှုန်းအားဖြင့် အများဆုံးတွင် ရပ်တည်လျက်ရှိပြီး ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားဆိုင်ရာ စီးပွားရေး လုပ်ငန်း(MSMEs) များဖြစ်သည့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် အခြား

လုပ်ငန်းများကို အားပေးရန်နှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို အားပေးလျက်ရှိကြောင်း သိရှိရပါသည်။ ယခုလတ်တလောတွင် ဖြစ်ပေါ် လျက်ရှိသည့် ကိုဗစ် ၁၉ ရောဂါနှင့် နိုင်ငံရေးပဋိပက္ခများ တည်ငြိမ်လာပါက တိုးတက်လာမည့် အလားအလာများ ရှိပါသည်။

ကယားပြည်နယ်၏ အောက်ပါကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ရှိကြောင်း ဖော်ထုတ်ရရှိပါသည်-

(၁) အသေးစား၊ အငယ်စားနှင့် အလတ်စားဆိုင်ရာ စီးပွားရေးလုပ်ငန်း(MSMEs)

(၂) ခရီးသွားဝန်ဆောင်မှုလုပ်ငန်း

(၃) ရေအားလျှပ်စစ် ထုတ်လုပ်သည့်လုပ်ငန်း

(၄) စိုက်ပျိုးရေး သွင်းအားစုများနှင့် အထွက်နှုန်းကောင်းသည့် မျိုးစေ့များ ဖြန့်ဖြူးခြင်း

(၅) သယ်ယူ ပို့ဆောင်ရေးအတွက် လိုအပ်သော အဆောက်အအုံများ တည်ဆောက်ခြင်း

(၆) ဆောက်လုပ်ရေးလုပ်ငန်းများ

(၇) ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများ ထုတ်လုပ်ခြင်း(ဘိလပ်မြေ)

(၈) ဟိုတယ်လုပ်ငန်းများ

(၉) စိုက်ပျိုးရေးလုပ်ငန်း (ကော်ဖီ၊ လျှော်ဖြူ၊ မက္ကဒေးနီးယား)

(၁၀)စိုက်ပျိုးရေး ထွက်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်း (ပြောင်းအခြောက်ခံစက်၊ တိရိစ္ဆာန်အစာစက်၊ ဆီစက်၊ ဆန်စက်)

(၁၁)သတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်ခြင်းများ ဖြစ်ကြပါသည်။

ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်အတွက် အောက်ပါအစီအစဉ်များကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း ဖော်ပြလိုက်ပါသည်-

(၁) ရင်းနှီးမြှုပ်နှံသူများအတွက် မြေအသုံးချခွင့် ရရှိရေး စီစဉ်ပေးခြင်း

(၂) ရင်းနှီးမြှုပ်နှံသူများအပေါ် ဒေသခံများမှ လိုလားသည့် သဘောထားများ ဖြစ်လာစေရန် အသိပညာပေးခြင်းနှင့် စည်းရုံးခြင်း

(၃) ထိုသို့ အသိပညာပေးခြင်းနှင့် (NGO)နှင့်ဒေသခံအဖွဲ့အစည်းများ (CBO)တို့၏ အကူအညီများ ရယူခြင်း

(၄) နယ်စပ်ကုန်သွယ်ရေးအခြေအနေများ တိုးတက်လာစေရန် နယ်စပ်ဂိတ်များမှတစ်ဆင့် တရားဝင်ကုန်သွယ်နိုင်ရန်နှစ်နိုင်ငံ သဘောတူညီချက်များအရ အလျှင်အမြန် အကောင်အထည်ဖော်ခြင်း

(၅) အရည်အသွေးကောင်းမွန်သော လုပ်သားများ မွေးထုတ်ပေးနိုင်ရန် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်း များဖွင့်လှစ်ပို့ချပေးခြင်း

(၆) ခေတ်မီ စက်ပစ္စည်းများနှင့် နည်းပညာလိုအပ်ချက်များ ထောက်ပံ့ခြင်း

(၇) လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် အထောက်အပံ့များပေးခြင်း

(၈) MSMEsလုပ်ငန်းများ၏ ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း

လက်ရှိနိုင်ငံရေး မတည်ငြိမ်မှုများနှင့်ကိုဗစ်၁၉ရောဂါကူးစက်မှုများမရှိတော့ဘဲ တည်ငြိမ်အေးချမ်းမှုရရှိချိန်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများပါ ရင်းနှီးမြှုပ်နှံမှု၏ ကောင်းကျိုးရလဒ်များအား နားလည်မှုရရှိလာပါက တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ဖော်ပြလိုက်ပါသည်။

**ဒေါက်တာထွန်းထွန်း**

# ဗီယက်နမ်နိုင်ငံ၏ ကိုဗစ်- ၁၉ ကာလ စီးပွားရေးနှံ့မှ ရုန်းထွက်မှု

ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံများ အနက် စီးပွားရေးထွန်းသစ်စနိုင်ငံတစ်ခု ဖြစ်ပါသည်။ ကိုဗစ်- ၁၉ ကာလအတွင်း ဒေသတွင်းနိုင်ငံများအနက် ဗိုင်းရပ်စ်ကူးစက်မှုခံရဆုံး နိုင်ငံဖြစ်ပြီး အခြားနိုင်ငံများ နည်းတူ ရောဂါပျံ့ပွားမှုမှ ကာကွယ်တားဆီးရန် စက်ရုံ၊ အလုပ်ရုံများ၊ ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းများ ပိတ်ခဲ့ရသောကြောင့် ကုန်ထုတ်လုပ်မှုများတွင် သက်ရောက်မှုများ ရှိခဲ့ပါသည်။ အဆိုပါတားဆီး ပိတ်ပင်မှုများ ကြောင့် နိုင်ငံ၏စီးပွားရေးရည်မှန်းချက်များ ပြည့်မီမှု မရှိသော်လည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုများ ရှိခဲ့ပါသည်။နိုင်ငံ၏GDPသည် ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက၂၀၂၁ ခုနှစ်တွင်၂ ဒသမ ၅၈ ရာခိုင်နှုန်းရှိပြီးကိုဗစ်- ၁၉ ကြောင့် ကျဆင်းခဲ့သော နိုင်ငံ၏ စီးပွားရေးကို (၂) နှစ် ဆက်တိုက် ပြန်လည်တိုးတက်စေခဲ့သည့် နိုင်ငံအနည်းငယ်တွင်ပါဝင်ခဲ့ပါသည်။

## စတင်ဖြစ်ပွားမှု

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉သည် ၂၀၂၀ ပြည့်နှစ်၊ အစောပိုင်းတွင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ပျံ့နှံ့ခဲ့ပြီး၂၀၂၀ ပြည့်နှစ်၊ ဧနှစ်ဝါရီလ ၂၃ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ တရုတ်နိုင်ငံသားနှစ်ဦး၌ စတင်တွေ့ရှိခဲ့ပါသည်။ ပထမ သေဆုံးလူနာသေဆုံးမှုသည် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် စတင်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ပိုးတွေ့လူနာ ၁၁.၅ သန်း၊ ရောဂါပိုးကင်းစင်သူ ၁၀.၆ သန်းနှင့် သေဆုံးသူ ၄၃,၁၆၃ ဦး ဖြစ်ကာ အရှေ့တောင်အာရှနိုင်ငံများအနက် ကူးစက်ခံရမှုအမြင့်ဆုံး နိုင်ငံဖြစ်ပါသည်။

## ထိခိုက်နစ်နာမှုများ

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် အသွားအလာကန့်သတ်မှုများ၊ နယ်စပ်ဖြတ်ကျော်ခွင့်များ၊ ဗီဇာများ ပိတ်ပင်တားဆီးခဲ့ပြီး ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ထို့ပြင် စက်ရုံ၊ အလုပ်ရုံများရပ်နားခဲ့ရသဖြင့် နေ့စားများ လုပ်သားများ၊ စက်ရုံဝန်ထမ်းများနှင့်၎င်းတို့၏ မိသားစုများအပေါ်ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပါသည်။ အထူးသဖြင့် ကလေးငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ နှင့်ထိခိုက်လွယ်သောအုပ်စုများ၊ ရွှေ့ပြောင်းလုပ်သားများ၊ မျိုးနွယ်စုများ၊ အလုပ်သမားများ၊ လယ်သမားများ၊ အငယ်စား၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ထိခိုက်ခဲ့ပါသည်။

ကျောင်းများပိတ်ထားခြင်းကြောင့် ကျောင်းသား ၂၁.၂သန်း ပညာသင်ယူမှုများ ရပ်နားခဲ့ရပြီး လုပ်သား

အင်အား ၁၀.၃ သန်းခန့်ထိခိုက်ခဲ့ရပါသည်။ စိုက်ပျိုးရေးနှင့် ပုံမှန်ဝင်ငွေမရှိသော လုပ်ငန်းများရှိ လုပ်သား ၃၅ သန်းခန့်မှာ လူမှုရေးဆိုင်ရာ အာမခံချက်မရှိဘဲ ထိခိုက်ခံရမှုများခဲ့ပါသည်။ ကိုဗစ်- ၁၉ ကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ GDP သည် ၂၀၂၀ ပြည့်နှစ်တွင် ၁.၈ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းခဲ့သော်လည်း ၀.၃ဖြ ရာခိုင်နှုန်း ခန့်သာ ရှိခဲ့ပြီး ၂၀၁၁- ၂၀၂၀ ကာလအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ပထမနှစ်ဝက်တွင် နိုင်ငံတစ်ဝှမ်းရှိ လုပ်ငန်းသစ်ဖြ,၀၀၀ခန့် ၇.၃ ရာခိုင်နှုန်းနှင့်လည်ပတ်လျက်ရှိသော လုပ်ငန်းစုံ၅ဖြ,၀၀၀ ရာခိုင်နှုန်း အားဖြင့် ၁၀.၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ရပ်နားခြင်းနှင့် ပိတ်သိမ်းရသောလုပ်ငန်းများမှာ ၃၈.၂ ရာခိုင် နှုန်း ရှိခဲ့ပါသည်။

## ကိုဗစ်-၁၉ကို အမျိုးသားရေးတုံ့ပြန်မှု

ကပ်ရောဂါကို တုံ့ပြန်ရန် ၂၀၂၀ ပြည့်နှစ်၊ ဧနဝါရီလတွင် အမျိုးသားဦးဆောင်ကော်မတီကို ဖွဲ့စည်းခဲ့ပြီး အမျိုးသား ကိုဗစ်-၁၉ တုံ့ပြန်ရေး အစီအစဉ်ကို ၂၀၂၀ ပြည့်နှစ်၊ ဧနဝါရီလ ၂၀ ရက်နေ့တွင်ထုတ်ပြန်ပြီး ၃၁ ရက်နေ့တွင် ပြင်ဆင်မွမ်းမံခဲ့ပါသည်။ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ ရသုံးမှန်းခြေငွေစာရင်းနှင့် လူမှုကျန်းမာရေးရန်ပုံငွေများကို အမျိုးသားတုံ့ပြန်ရေး အစီအစဉ်များဖြစ်သော ကာကွယ်ရေး၊ စစ်ဆေးရေး၊ ကွာရန်တင်းနှင့် ကုသရေးအစီအစဉ်အဖြစ် ရွှေ့ပြောင်းသုံးစွဲခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ရောဂါစတင် ဖြစ်ပွားသည့် တရုတ်နိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိရောက်သည့် စစ်ဆေးမှု၊ ကာကွယ်မှုနှင့် ကုသမှုအစီအစဉ်များကြောင့် ဂါပိုးကူးစက်မှုများသော်လည်း သေဆုံးမှုနည်းပါးခဲ့ပါသည်။

## စီးပွားရေးဆိုင်ရာတုံ့ပြန်မှုအစီအစဉ်များ

၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ဗီယက်နမ်အစိုးရက လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်ကို ထုတ်ပြန်၍ အမေရိကန်ဒေါ်လာ ၂.၆ ဘီလီယံကို မတည်ကာ ထိခိုက်မှုအများဆုံး လုပ်ငန်းစုများမှ လုပ်သားများကို ငွေကြေး ထောက်ပံ့ပေးခဲ့ပြီး လုပ်သားလစာများ အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခဲ့ပါသည်။ ထို့ပြင် အစိုးရအနေဖြင့် အမျိုးသားကျန်းမာရေးစနစ်များ အားကောင်းလာစေရန် ဘဏ္ဍာရေးဆိုင်ရာ အားပေးကူညီမှုကို စတင်ခဲ့ပြီး ထိခိုက်လွယ်အုပ်စုနှင့် ဆင်းရဲနွမ်းပါးသူများအတွက် ဝင်ငွေများ ပံ့ပိုး ပေးခဲ့ပါသည်။

ထို့ပြင် ကြီးမားသည့်ဘဏ္ဍာရေးထောက်ပံ့မှုတစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးကာ ချေးငွေဆိုင်းငံ့ခြင်းနှင့် ထိခိုက်မှုအများဆုံးခံရသည့် လုပ်ငန်းများကို အခွန်ကင်းလွတ်ခွင့်နှင့် အစိုးရပိုင်မြေများ၏ ငှားခများကို ဆိုင်းငံ့ပေးခဲ့ပါသည်။ ကပ်ရောဂါကြောင့် ထိခိုက်ခံရသည့် ဒေသခံပြည်သူများ၏ လူမှုစီးပွားအလုံးစုံဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ပြန်လည်ဦးမော့စေရေးနှင့် လူမှုဘဝလုံခြုံရေးလုပ်ငန်းစဉ်များကို ဗဟိုနှင့်ပြည်နယ်များရှိ ဝန်ကြီးဌာနအားလုံးမှ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှု၊ လူမှုရေးဆိုင်ရာ လုံခြုံမှုနှင့် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများကို အထောက်အပံ့ပေးမှု အစီအစဉ်ဖော်ဆောင်၍ အမျိုးသားတစ်ရပ်လုံး အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ကြပါသည်။

ရောဂါကာကွယ်ထိန်းချုပ်ရန်နှင့် လူစုလူဝေးမှ ကာကွယ်ရန်နှင့် ဌာနဆိုင်ရာများသို့ လာရောက်ရန် မလိုအပ်ဘဲ အွန်လိုင်းမှဆောင်ရွက်နိုင်ရန် အွန်လိုင်းဝန်ဆောင်မှုများဖြစ်သော ဈေးဝယ်ခြင်းနှင့်ဘဏ်လုပ်ငန်းများကို မြို့ကြီးများတွင် အဆင့်မြှင့်တင် တိုးမြှင့်ဆောင်ရွက်၍ ICTနည်းပညာ ကွန်ယက်အခန်းကဏ္ဍကို အရှိန်မြှင့်တင်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် အသွားအလာ ကန့်သတ်ချက်များကို ဖြေလျော့ပေးခဲ့ပြီးပြည်သူများနှင့် လုပ်ငန်းခွင်များအကြား ကိုဗစ်- ၁၉ နှင့်အတူ ဘေးကင်းလုံခြုံစွာ ယှဉ်တွဲနေထိုင်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လနောက်ပိုင်း ကိုဗစ်- ၁၉ မျိုးကွဲများကြောင့် ကူးစက်မှုများဆက်တိုက်ဖြစ်ပွားခဲ့သော်လည်းအစိုးရအနေဖြင့် ထိခိုက်ခံရသည့်နယ်ပယ်များကို ကာကွယ်ထိန်းချုပ်သည့် အစီအစဉ်များ တင်းကြပ်စွာဆောင်ရွက်ခဲ့ပြီး တစ်ပြိုင်နက်တည်းမှာပင် လူမှုစီးပွားပြန်လည်နလန်ထူရေးကို ဟန်ချက်ညီစွာအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

## ကိုဗစ်- ၁၉ မဟာဗျူဟာမြောက်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်မှုအစီအစဉ်

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများအဖြစ် ဗီယက်နမ်နိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့မှ ကိုဗစ်- ၁၉မဟာဗျူဟာမြောက် ပြင်ဆင်ခြင်းနှင့်တုံ့ပြန်မှု အစီအစဉ်ကို ၂၀၂၀ ပြည့်နှစ်၊မတ်လ ၂၇ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နည်းပညာဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ လိုအပ်လျက်ရှိသည့် ပြည်သူ့ကျန်းမာရေးနှင့် လူမှုကာကွယ်ရေး လုပ်ငန်းစဉ်များကို အစဉ်တစ်စိုက်စောင့်ရှောက်ရန်၊ စီးပွားရေးကြောင့် ထိခိုက်ခဲ့မှုများကို အားပေးကူညီရန်နှင့် ပညာရေးကို အလေးထားဆောင်ရွက်ရန်စသည့်မဏ္ဍိုင် ၃ ရပ်ကို ချမှတ်ခဲ့ပါသည်။ အဆိုပါတုံ့ပြန်မှု အစီအစဉ်ကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အစဉ်မွမ်းမံ ပြင်ဆင်သွားမည့် စာတမ်းကဲ့သို့ ရေးဆွဲထုတ်ပြန်ခဲ့ပြီး အကြိမ်များစွာ မွမ်းမံပြင်ဆင်ခဲ့ ပါသည်။ ထို့ပြင်ဝင်ငွေနိမ့်နှင့် အလယ်အလတ်လူတန်းစားများစွာ ရှိသည့် နိုင်ငံများအတွက်အရေးပါသည့် အစီအစဉ်ဖြစ်ပါသည်။

အဆိုပါအစီအစဉ်တွင် အောက်ပါလုပ်ငန်းအစီအစဉ် ၅ ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်-

၁။ မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေး ဝန်ဆောင်မှုများ လွယ်လင့်တကူ ရရှိရန်၊

၂။ လူမှုဘဝကာကွယ်ရေးနှင့် အခြေခံ ဝန်ဆောင်မှုများမှတစ်ဆင့် ပြည်သူများကို အားပေးကူညီရန်၊

၃။ မြို့ပြနှင့်ကျေးလက်စီးပွားရေး တုံ့ပြန်မှုနှင့် ပြန်လည်ဦးမော့စေရေးအစီအစဉ်များမှ တစ်ဆင့်အလုပ်အကိုင်တည်မြဲစေရန်၊ ဝင်ငွေအစဉ်ရရှိစေရန်နှင့်အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများရှိ ပုံမှန်ဝင်ငွေမရှိသောလုပ်သားများ၊ လယ်သမားများနှင့် ကုန်ထုတ်လုပ်သူများကို ထောက်ပံ့ကူညီရန်၊

၄။ ထိခိုက်မှုအများဆုံးခံရသည့်အုပ်စုများအတွက် မေခရိုစီးပွားရေး အားကောင်းခိုင်မာစေမည့် မူဝါဒများကို ချမှတ်၍ လိုအပ်သည့်ငွေကြေးလုံ့ဆော်သည့် အစီအစဉ်များကိုလမ်းညွှန်ကာ ဒေသအလိုက် တုံ့ပြန်မှုများ အားကောင်းခိုင်မာစေရေး ဆောင်ရွက်ရန်နှင့်

၅။ ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုကို မြှင့်တင်၍ အသင်းအဖွဲ့အလိုက် ဦးဆောင်သည့် ပြန်လည်ထူထောင်ရေးနှင့် တုံ့ပြန်ရေးစနစ်များတွင် ရင်းနှီးမြှုပ်နှံရန်။

အဆိုပါလုပ်ငန်းအစီအစဉ် ၅ ရပ်ကို သဘာဝပတ်ဝန်းကျင် စဉ်ဆက်မပြတ် ထိန်းသိမ်းရေး၊ ကျား/မ တန်းတူညီမျှမှုနှင့် ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောင်ရန်တို့နှင့်ချိတ်ဆက်၍ဝင်ငွေနိမ့်နှင့်အလယ်အလတ် လူတန်းစားများအတွက် ဦးတည်ဆောင်ရွက်ခဲ့ပါသည်။

လုပ်ငန်းအစီအစဉ် ၁ နှင့် ၂ သည် ထိခိုက်လွယ်အုပ်စုများကို အလေးထားဆောင်ရွက်ရန်နှင့် မြို့ပြနှင့်ကျေးလက်ရှိ ပုံမှန်နှင့် ပုံမှန်မဟုတ်သော ကဏ္ဍများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများအတွက် ဦးတည်ဆောင်ရွက်ရန်ဖြစ်ပြီး လုပ်ငန်း အစီအစဉ် ၃ သည် ဗီယက်နမ်နိုင်ငံမှ အလေးထားဆောင်ရွက်လျက်ရှိသည့် အလုပ်အကိုင်ရရှိရေး၊ ဆင်းရဲမှုပယောက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုစေမည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတို့ကို အားပေးမြှင့်တင်မည့် အစီအစဉ်များ ဖြစ်ပါသည်။ လုပ်ငန်းအစီအစဉ် ၄ သည် ဗီယက်နမ်နိုင်ငံ၏ ကိုဗစ်- ၁၉ ကာလအတွင်း မေခရို

စီးပွားရေးပြန်လည် ကောင်းမွန်ရန် ကြီးမားထင်ရှားစွာ အထောက်အပံ့ပေးနိုင်ခဲ့ပါသည်။ လုပ်ငန်းအစီအစဉ် ၅ သည် အသင်းအဖွဲ့အလိုက် ဦးဆောင်သည့် ပြန်လည်ထူထောင်ရေးနှင့် တုံ့ပြန်ရေးစနစ်များအတွက် အလေးပေးဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ကိုဗစ်-၁၉ အရေးပေါ် တုံ့ပြန်ရေး အစီအစဉ်သည် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို ပြည့်မီအောင်ဆောင်ရွက်ရန် ချိတ်ဆက် ထားပါသည်။

## K- Curve အကျိုးသက်ရောက်မှု

GDP တိုးတက်မှုနှုန်းသည် ကိုဗစ်- ၁၉ ကြောင့် အမှန်တကယ် ထိခိုက်မှုများကို လွှမ်းခြုံနိုင်ခြင်းမရှိပါ။ ဗီယက်နမ်နိုင်ငံအနေဖြင့် ကိုဗစ်- ၁၉ ကာလအတွင်း လုပ်ငန်းကဏ္ဍအသီးသီးမှ ထိခိုက်မှုများ မတူညီသည့် K- Curve အကျိုးသက်ရောက်မှုကို ခံစားရပါသည်။ ဥပမာအားဖြင့် ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုနှင့် စားသောက်ကုန် ဝန်ဆောင်မှုလုပ်ငန်းများတွင်များစွာ ထိခိုက်ခဲ့သော်လည်း ပို့ကုန်တင် ပို့မှုကဏ္ဍတွင် ခံနိုင်ရည်ရှိသောကြောင့်လွန်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်မှစ၍ စီးပွားရေး ကျဆင်းမှုကို လျင်မြန်စွာ ပြန်လည်ထူထောင်နိုင်ခဲ့ပါသည်။

## ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ဆွဲဆောင်လျက်ရှိ

ဗီယက်နမ်နိုင်ငံသည် အခြားအိမ်နီးချင်းနိုင်ငံများ နှင့် နှိုင်းယှဉ်ပါက အခြေခံကျစွာ တည်ဆောက်ထားသည့် စီးပွားရေးအားကောင်းခိုင်မာမှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကျင် ကောင်းကို ဖန်တီးနိုင်ခဲ့မှုကြောင့်ဒေသတွင်း ဘက်စုံကုန်ထုတ်လုပ်မှု နှင့် ထောက်ပို့မှုကွင်းဆက်၏ အချက်အချာကျသည့် နိုင်ငံဖြစ်ခဲ့ပါသည်။ ကိုဗစ်- ၁၉ ကာလ အတွင်းနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ဆွဲဆောင်လျက်ရှိပြီး ကုန်ထုတ်လုပ်ငန်းတွင် ပိုမိုရင်းနှီးမြှုပ်နှံလျက်ရှိရာ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၃၁.၁၅ ဘီလီယံရှိကာ နှစ်စဉ် ၉.၂ ရာခိုင်နှုန်း တိုးတက်လျက်ရှိပါသည်။ အဆိုပါအချက်သည်လည်း ကိုဗစ်- ၁၉ ကာလအတွင်း စီးပွားရေး မြန်ဆန်စွာပြန်လည် ကောင်းမွန်စေခဲ့သည့် သော့ချက်ပင်ဖြစ်ပါသည်။

## ပို့ကုန်အခြေပြုစီးပွားရေးဖြင့် ပြန်လည်ထူထောင်နိုင်

ဗီယက်နမ်နိုင်ငံသည်ခရီးသွားလုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အလွန်အကျွံမှီခိုသည့် နိုင်ငံမဟုတ်ဘဲ ပို့ကုန်အခြေပြုစီးပွားရေးကို အလေးထားဆောင်ရွက်ခဲ့သည့်နိုင်ငံဖြစ်ပါသည်။ အဆိုပါအချက်သည်ကိုဗစ်- ၁၉ ကာလအတွင်း စီးပွားရေးပြန်လည်နလန်ထူစေခြင်း၏ အဓိက အချက်ပင်ဖြစ်ပါသည်။ ဥပမာအားဖြင့် ခရီးသွားလုပ်ငန်းအပေါ် မှီခိုသည့်ထိုင်းနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ၎င်း၏ GDP သည် ၆ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်

နိုင်ငံသည် ၉.၆ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံသည် ၃.၁ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ အဆိုပါနိုင်ငံများသည် ၎င်းတို့၏ GDP ပြန်လည် တိုးတက်လာစေရန် ရုန်းကန်လျက်ရှိစဉ်တွင် ဗီယက်နမ်နိုင်ငံသည် အပေါင်းလက္ခဏာ ဆောင်သည့် တိုးတက်မှုများ ပြန်လည် ရရှိခဲ့ပါသည်။

လက်ရှိတွင် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံသည် စီးပွားရေးပြန်လည်ကောင်းမွန်၍ ၂၀၂၂ ခုနှစ်တွင် GDP တိုးတက်နှုန်း ၆.၆ ရာခိုင်နှုန်းဖြင့် အရှေ့တောင်အာရှနိုင်ငံများအနက် စီးပွားရေး မြန်ဆန်စွာတိုးတက်သည့် နိုင်ငံဖြစ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ်-၁၉ ကာလအတွင်း ၂ နှစ်ဆက်တိုက် တိုးတက်ခဲ့သည့် GDPနှင့် ၂၀၂၁ခုနှစ်၏ ကိန်းဂဏန်းအချက်အလက်များအရ နိုင်ငံ၏စုစုပေါင်းပို့ကုန်ပမာဏသည် ၁၉ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဧနှစ်ဝါရီလတွင် စတင်သက်ဝင်ခဲ့သည့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအရ ဗီယက်နမ်နိုင်ငံသည် ဒေသတွင်းနိုင်ငံများအနက် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုအားကောင်းခိုင်မာလာနိုင်ပါသည်။

## ထောက်ပို့မှု ကွင်းဆက်ဝန်းကျင်ကောင်းအတွက် အချက်အချာ

ဗီယက်နမ်နိုင်ငံသည် ဒေသတွင်းကုန်သွယ်မှုတွင် ထိပ်ဆုံးနိုင်ငံများတွင်ပါဝင်ပါသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ကုန်သွယ်မှုနှင့်ထောက်ပို့မှု ကွင်းဆက်ယှဉ်ပြိုင်မှုတွင် ဂေဟစနစ်ကိုအထောက်အကူပြုသည့် အားကောင်းခိုင်မာသည့် ထုတ်လုပ်မှုကွင်းဆက်ကို တည်ဆောက်နိုင်ခဲ့ပါသည်။ထို့ပြင် စက်မှုလုပ်ငန်းများနှင့် ဈေးကွက်သို့ ချိတ်ဆက်ပေးနိုင်မည့် ကွန်ယက်များဖြစ်သော လျှပ်စစ်၊ လမ်း၊ တံတားနှင့် သယ်ယူပို့ဆောင်မှု အခြေခံအဆောက်အအုံများကို တည်ဆောက်နိုင်ခဲ့ပြီး အဆိုပါ အခြေခံအဆောက်အအုံ အားကောင်းခိုင်မာခြင်းသည်လည်း စီးပွားရေးပြန်လည်ဦးမော့စေသည့် အဓိကသော့ချက်ဖြစ်ပါသည်။

## နိဂုံး

၂၀၁၉ခုနှစ်တွင် တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်- ၁၉ ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကူးစက်ခံရမှုနှင့် အသက်ပေါင်းများဆုံးရှုံးခဲ့ရပါသည်။ ရောဂါပိုးပြန့်ပွားခြင်းကိုကာကွယ်ရန် တားဆီးမှုများ၊ အသွားအလာကန့်သတ်မှုများနှင့် လုပ်ငန်းများရပ်ဆိုင်းခြင်းကြောင့် ကမ္ဘာ့ထောက်ပံ့မှု ကွင်းဆက်လည်း ထိခိုက်ခဲ့ပြီး စီးပွားရေးများ ကျဆင်းခဲ့ရပါသည်။ နိုင်ငံများအနေဖြင့် လက်ရှိတွင် စီးပွားရေးပြန်လည်နလန်ထူနိုင်ရေး ဆောင်ရွက်လျက်ရှိသော်လည်း ခရီးသွားလုပ်ငန်းနှင့် ဝန်ဆောင်မှုအပေါ် အလွန်အမင်းမှီခိုခြင်းမရှိဘဲ ကုန်ထုတ်လုပ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးအခြေခံကောင်းများကို ကြိုတင်တည်ဆောက်နိုင်ခဲ့သည့် ဗီယက်နမ်နိုင်ငံ၏ ကိုဗစ် - ၁၉ ကြောင့်ဖြစ်ပေါ်သည့် စီးပွားရေးနှိမ့်မှလွတ်မြောက်နိုင်ရန် စွမ်းဆောင်နိုင်မှုသည် မှတ်သားဖွယ်ဖြစ်ပါသည်။

## ရင်းမြစ်


၁။ Vietnam Outlook 2022 Economic prospects in the wake of COVID-19, PWC, February 2022

၂။ COVID -19 Socio Economic Response Plan for Viet Nam, UN 2020

၃။ ၁-၁၁-၂၀၂၂ ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ ၁၂


**ဒေါက်တာပင်လုံအေး**

# အိန္ဒိယနိုင်ငံမှ ဆိပ်ကမ်းအော်ပရေတာ Adani ရဲ့ ရင်းနှီးမြှုပ်နှံမှုကြောင့် နိုင်ငံတကာဆိပ်ကမ်း လုပ်ငန်းများနည်းတူဖွံ့ဖြိုးတိုးတက်လာတော့မည့် အပြည်ပြည်ဆိုင်ရာအလုံးဆိပ်ကမ်း (၂)

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာနရဲ့စာရင်းဇယားများအရ မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်မှုမှာ စင်ကာပူနိုင်ငံက အများဆုံးရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံအဖြစ် ရပ်တည်နေခဲ့သော်လည်း ယခုနှစ် အစပိုင်းမှာတော့ အခြားနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာတာ တွေ့ရပါတယ်။ နိုင်ငံပေါင်း ၄၈ နိုင်ငံ ရင်းနှီးမြှုပ်နှံလျက်ရှိရာမှာ တရုတ်နိုင်ငံက ဒုတိယနေရာနဲ့ဟောင်ကောင်(SAR)က တတိယနေရာမှာ ရင်းနှီးမြှုပ်နှံလျက်ရှိပါတယ်။ ကဏ္ဍကြီး ၁၁ ခုရဲ့ ရင်းနှီး မြှုပ်နှံမှုအခြေအနေမှာ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေး ကဏ္ဍဟာ အဆင့် ၄ နေရာမှာရှိပြီး ရာခိုင်နှုန်းအားဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုရဲ့ ၁၄.၇၆ ရာခိုင်နှုန်း ရှိပါတယ်။

၂၀၁၄ ခုနှစ် နောက်ပိုင်း ဆက်သွယ်ရေးကဏ္ဍဟာ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ လက်ရှိမှာ ဆက်သွယ်ရေးအော်ပရေတာ ၄ ဦး ရှိနေပြီး နိုင်ငံလူဦးရေ စုစုပေါင်းရဲ့ ၈၀ ရာခိုင်နှုန်းဟာ မိုဘိုင်းဖုန်းကို ကျေးလက်ရော မြို့ပါမကျန် သုံးစွဲနေပြီ ဖြစ်ပါတယ်။ ဆက်သွယ်ရေး ကဏ္ဍဟာ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့သော်လည်း ပို့ဆောင်ရေးကဏ္ဍမှာတော့ ရင်းနှီးမြှုပ်နှံမှုအပိုင်းရော၊ဖွံ့ဖြိုးတိုးတက်မှုအပိုင်းမှာရော၊ထောက်ပံ့မှု အပိုင်းမှာပါ အားနည်းလျက်ရှိပါတယ်။ ဒီလိုအချိန်မျိုးမှာ အိန္ဒိယရဲ့ အကြီးဆုံး Port Operator ကုမ္ပဏီတစ်ခု ဖြစ်တဲ့ Adani အနေနဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံ လာတာဟာ ကြိုဆိုရမှာပါ။

မြန်မာနိုင်ငံမှာ လာရောက် ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံပေါင်း ၄၈ နိုင်ငံမှာ အိန္ဒိယနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအဆင့် ဟာနံပါတ် ၁၁ နေရာမှာ ရှိပါတယ်။၂၀၂၂ခုနှစ် စက်တင်ဘာလကုန်အထိ အိန္ဒိယနိုင်ငံမှ လုပ်ငန်းပေါင်း ၃၀ ခု လာရောက် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး အမေရိကန် ဒေါ်လာ ၆၃၁.၉၃၃ သန်း မြှုပ်နှံထားတာကို တွေ့ရပါတယ်။ စွမ်းအင် ကဏ္ဍမှာ အဓိကရင်းနှီးမြှုပ်နှံလျက်ရှိတာကို တွေ့ရပါတယ်။ အိန္ဒိယနိုင်ငံမှ အခြေခံ အဆောက်အအုံကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ဆိပ်ကမ်းလုပ်ငန်းကို မြန်မာနိုင်ငံမှာ ပထမဆုံး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

## Adani ရဲ့ နောက်ခံသမိုင်း

Adani ဆိုတာကတော့ အိန္ဒိယနိုင်ငံရဲ့ အကြီးမားဆုံး နိုင်ငံတကာ အတွေ့အကြုံရှိတဲ့ Port Operator ကုမ္ပဏီ တစ်ခုဖြစ်တဲ့အပြင် ဒီလိုကုမ္ပဏီက မြန်မာနိုင်ငံမှာ လာရောက် ရင်းနှီးမြှုပ်နှံတာဟာ မြန်မာနိုင်ငံအတွက် ကောင်းတဲ့အချက်တစ်ခုပါပဲ။ Adani ကို ၁၉၈၈ ခုနှစ်မှာ Mr. Gautam Adani က စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ Adani အုပ်စုက လျှပ်စစ်ထုတ်လုပ်ခြင်း၊ စားသုံးဆီထုတ်လုပ်ခြင်း၊ ကျောက်မီးသွေးသတ္တုတွင်း၊ကုန်သွယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဆိပ်ကမ်းအော်ပရေတာ စသည့် လုပ်ငန်းတွေမှာ အဓိကရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံ ရဲ့ Mundra၊ Hazira၊ Murmugao၊ Vishakhapatnam နှင့် Tuna-Tekra တို့ အပါအဝင် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းတစ်လျှောက် ဆိပ်ကမ်း ၁၀ ခုခန့် ဗျူဟာကျစွာ တည်ဆောက်ဆောင်ရွက်နေတဲ့ အိန္ဒိယနိုင်ငံ၏ အကြီးဆုံး ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်တဲ့ ကုမ္ပဏီပဲ ဖြစ်ပါတယ်။ ဒီလိုကုမ္ပဏီမျိုးတွေ များများ ရင်းနှီးမြှုပ်နှံလေ တိုင်းပြည်ရဲ့ FDI တွေများများ တိုးတက်လာပြီး တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လာမှာမလွဲပါဘူး။

## Adani ရဲ့ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုခရီးအစ

မြန်မာနိုင်ငံမှာမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ထုတ်ပြန်ထားတဲ့ စာရင်းများအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ General Cargo ဆိပ်ကမ်းလုပ်ကိုင်တဲ့ လုပ်ငန်း ၁၂ ခုရှိပြီး ယင်းလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၈၆၀ သန်းကျော်ရှိတဲ့အနက် Adani က အမေရိကန်ဒေါ်လာ ၂၉၀သန်းကျော်နဲ့အကြီးဆုံးနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်တဲ့ ဆိပ်ကမ်းကုမ္ပဏီဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဝင်လာတာမှာ အိန္ဒိယနိုင်ငံက တိုက်ရိုက်ရင်းနှီးမြှုပ်နှံတာမဟုတ်ဘဲ ကုမ္ပဏီဖွဲ့စည်းမှုမြန်ဆန်ပြီး ဥပဒေမူဘောင်အားကောင်းတဲ့ စင်ကာပူနိုင်ငံမှတစ်ဆင့် ရင်းနှီးမြှုပ်နှံခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ နိုင်ငံခြားကုမ္ပဏီအနေနဲ့ ဖွဲ့စည်းပြီး အပြည်ပြည်ဆိုင်ရာ အလုံ ဆိပ်ကမ်းအမှတ်(၂)ကို ဆိပ်ကမ်းအော်ပရေတာ အဖြစ်နှစ်ရှည်ရင်းနှီးမြှုပ်နှံခွင့် ရရှိရေးအတွက်မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ကော်မရှင်ခွင့်ပြုမိန့် ရယူခဲ့တာ ဖြစ်ပါတယ်။

Adani က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိဖို့ ၂၀၁၉ ခုနှစ် ဧပြီလဆန်းပိုင်းမှာ အဆိုပြုလွှာ စတင်ပြင်ဆင်ခဲ့ပြီး မေလလယ်မှာ ကော်မရှင်ခွင့်ပြုမိန့်ကို ရရှိခဲ့တာဖြစ်ပါတယ်။ ခွင့်ပြုမိန့် မရခင် ရှေ့ပိုင်းမှာ လုပ်ကိုင်ဆောင်ရွက်ရတာတွေက မနည်းပါဘူး။ ဥပဒေမူဘောင်အတိုင်း ဆောင်ရွက်နိုင်ဖို့ နိုင်ငံတကာဥပဒေ အကြံပေးတွေနဲ့ စာချုပ်စာတမ်းတွေကို ချုပ်ဆိုခဲ့ရတယ်။ ကော်မရှင်ခွင့်ပြုမိန့်ရဖို့ လိုအပ်တာတွေကို ဆောင်ရွက်ခဲ့ရတယ်။ ဝန်ထမ်းအင်အား ၁၂၀၀ နီးပါးနဲ့ လုပ်ငန်းဆောင်ရွက်မှာဖြစ်ပြီး နိုင်ငံခြားက ကျွမ်းကျင်ပညာရှင်တွေလည်း မြန်မာပြည်ကို လာရောက်တာဝန်ထမ်း ဆောင်မှာ ဖြစ်ပါတယ်။ မြန်မာအလုပ်သမားတွေအနေနဲ့ သူတို့ရဲ့ လုပ်ပုံကိုင်ပုံနည်းပညာတွေကို ရယူနိုင်မယ့် အခွင့်အရေးတွေ အများကြီးရှိတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုမိန့်ရရှိပြီးနောက်ပိုင်းမှာ Monitoringက ပါလာပြီဖြစ်ပါ တယ်။ ခွင့်ပြုမိန့်ရရှိတဲ့ ကုမ္ပဏီတွေကလည်း လုပ်ငန်းအပေါ်မှာ တာဝန်ယူမှု၊ တာဝန်သိမှုရှိဖို့ လိုတယ်။

## အနာဂါတ်အလားအလာနှင့် Adani

Adani က အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအမှတ် ၂ ကို အမေရိကန်ဒေါ်လာသန်း ၂၉၀ ကျော် နဲ့ လုပ်ကိုင်ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာတာဟာ မြန်မာနိုင်ငံရဲ့ အတော်အတန် တန့်နေတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအတွက် အားတစ်ခုဖြစ်စေခဲ့ပါတယ်။ ဒါကြောင့် Adani လို ရင်းနှီးမြှုပ်နှံမှုမျိုးကို ကြိုဆိုရမှာပါ။ စိုက်ပျိုးရေးထွက်ကုန်၊ ရေထွက်ကုန်၊ အထည်ချုပ်နဲ့ စက်ယန္တရား အစိတ်အပိုင်းတွေ တင်ပို့မှုတွေ မြင့်တက်လာပြီး နိုင်ငံရဲ့ဆိပ်ကမ်းကဏ္ဍဟာ လာမည့်နှစ်တွေမှာ ပိုမိုမြင့်တက်လာမှာ ဖြစ်ကြောင်း Adani မြန်မာရဲ့ အမှုဆောင်အရာရှိချုပ် Mr. Sunil Seth က ကော်မရှင် ခွင့်ပြုမိန့်ရပြီးနောက်ပိုင်း မြန်မာတိုင်း သတင်းစာမှာ ဖြေကြားထားတာလည်း တွေ့ရပါတယ်။

Adani ရဲ့ ရည်ရွယ်ချက်က မြန်မာနဲ့အိန္ဒိယ နှစ်နိုင်ငံ အကြားကုန်သွယ်မှု အားကောင်းလာစေရန်နဲ့ အရှေ့အနောက် Gateway တိုးတက်မှုကိုဖြစ်ပေါ်လာစေဖို့ ဖြစ်ပါတယ် Adani ရဲ့ အဓိက တာဝန်က မြန်မာနိုင်ငံကို နိုင်ငံတကာအဆင့်မီ cargo handlings service ဖြင့် အထောက်အကူပြုရန်၊ Adani ဆိပ်ကမ်းရဲ့ နိုင်ငံတကာ အကောင်းဆုံး နည်းလမ်းများကို မြန်မာနိုင်ငံသို့ ယူဆောင်လာရန်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တို့ရဲ့ GDP တိုးတက်စေရန်အတွက်ကုန်သွယ်ရေးပင်လယ်ရေကြောင်း ဖွံ့ဖြိုးတိုးတက်မှုကို တစ်နိုင်ငံလုံး ပါဝင်လာစေရန်နဲ့ ပင်လယ်ရေကြောင်းနဲ့ ပတ်သက်ပြီး မြန်မာလူငယ်တွေရဲ့ ကျွမ်းကျင်မှု စွမ်းဆောင်ရည် တိုးတက်လာစေရန်တို့ ဖြစ်ပါတယ်။ Corporate Social Responsibility (CSR) အနေဖြင့် လုပ်ငန်းကရရှိတဲ့ဝင်ငွေရဲ့အသားတင်အမြတ် ၂ ရာခိုင်နှုန်း ကို သုံးစွဲသွားမှာဖြစ်ပါတယ်။ အဓိက အနေဖြင့်

ပင်လယ်ရေကြောင်း အကယ်ဒမီ သင်တန်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲသွားမှာ ဖြစ်ပါတယ်။ Adani က ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင်၊ ဒေသခံ ပြည်သူတွေနဲ့ သင့်မြတ်အောင်၊ အလုပ်အကိုင်အခွင့် အလမ်းပေးရာမှာလည်း ဒေသခံပြည်သူတွေကို ဦးစားပေး ခန့်ဖို့နဲ့ အဆင့်မြင့် နည်းပညာတွေသယ်ဆောင်လာပြီး ဝန်ထမ်းတွေကို ကျွမ်းကျင်မှုရှိအောင် နည်းပညာ သင်တန်းကျောင်းတွေ ဖွင့်လှစ်သွားမှာဖြစ်တဲ့ Adani ဟာ အရည်အသွေး ပြည့်ဝတဲ့ ရင်းနှီးမြှုပ်နှံမှု Quality and responsible Investment ဖြစ်ပါကြောင်း သုံးသပ်မိပါတယ်။

## အကျိုးကျေးဇူး

ဆိပ်ကမ်းလုပ်ငန်းတွေ အားကောင်းလာတာနဲ့အမျှ ဆက်စပ်နေတဲ့ ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းတွေ၊ ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းတွေတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းရတာတွေ ဥပမာ ကွန်တိန်နာ တွေကို သယ်ယူပို့ဆောင်ပေးတဲ့ ကားငှားတဲ့လုပ်ငန်းတွေ ကအစ အလုပ်အကိုင်တွေ ပိုမိုကောင်းမွန်လာမှာ ဖြစ်ပါ တယ်။ Adani ကဲ့သို့ ဆိပ်ကမ်းလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများ ကို နမူနာယူပြီးအနာဂတ်ကာလနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တွေ ပိုမိုအားကောင်းလာစေဖို့မျှော်လင့်မိပါကြောင်းနဲ့ အနာဂတ်မှာမြန်မာနိုင်ငံရဲ့ဆိပ်ကမ်းကဏ္ဍဖွံ့ဖြိုးတိုးတက် လာမှာ မလွဲကောန်ဖြစ်ပါကြောင်းရေးသားလိုက်ရပါတယ်။

ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၃)

# အများပါဝင်အကျိုးခံစားနိုင်သည့်စီးပွားရေးလုပ်ငန်းများ (Inclusive Business-IB)ဆိုရာဝယ်

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်မှာ တစ်ဦးတစ်ယောက်ချင်းစီ၏ဝင်ငွေနှင့် အထူးသက်ဆိုင်နေပြီး ဝင်ငွေအနည်းပါးဆုံး ဖြစ်နေသည့်သူများ (People at the base of the Economic Pyramid)၏ လူနေမှုအဆင့်မြင့်မားလာစေရေးအတွက် ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်းမှုတို့နဲ့ ပတ်သတ်တဲ့ အခွင့်အလမ်းများဖော်ဆောင် ပေးရန်လိုအပ်ပါတယ်။ ထိုသို့ ဆောင်ရွက်ရာမှာ အများပါဝင်အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများ (Inclusive Business - IB) အသွင်ဖြင့် ပေါ်ပေါက်လာဖို့ လိုအပ်လျက်ရှိနေပါတယ်။ အများပါဝင် အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများဟာဆိုရင် ဝင်ငွေနည်းပါးသူများကို ဝင်ငွေနှင့် ဝန်ဆောင်မှုများ တိုးတက်လာစေခြင်း၊ ဆင်းရဲနိမ့်ကျမှုကို လျှော့ကျစေခြင်းမှတစ်ဆင့် အများပါဝင်အကျိုးခံစားနိုင်သည့် တိုးတက်မှုကိုဖြစ်ပေါ်စေပြီး ကုမ္ပဏီများကို စျေးကွက်သစ်များ ဖော်ဆောင်နိုင်စေခြင်းနှင့် အဆိုးကြုံနိုင်ခြေ နည်းပါးလာခြင်းဖြင့် ပါဝင်ပတ်သက်သူများ အားလုံးအတွက် အကျိုးဖြစ်ထွန်းစေနိုင်ပါတယ်။

ကမ္ဘာ့ဘဏ် (World Bank) အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံရှိ လူဦးရေစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းခန့်မှာ ဆင်းရဲမွဲတေမှုမျဉ်းအောက်မှာ ရှိနေတဲ့အတွက် မြန်မာနိုင်ငံမှာ အများပါဝင်အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက် လာစေခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် ရင်ဆိုင်နေရသည့် လူမှုစီးပွားဆိုင်ရာ အခက်အခဲများကို ထိရောက်စွာ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ အများပါဝင်အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများဟာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Sustainable Development Goals-SDGs) ကို ပြည့်ဝစေခြင်း၊ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်စေခြင်း၊ လူအများအနေဖြင့် ပါဝင်အကျိုးခံစားစေနိုင်သည့် စီးပွားရေးစနစ်တစ်ခု ဖြစ်ထွန်းစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေပါတယ်။ မြန်မာနိုင်ငံအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ အများပါဝင် အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများ အသွင်ပြောင်းလဲလုပ်ဆောင်နိုင်ခြင်းဖြင့် လူမှုအကျိုးစီးပွားဖွံ့ဖြိုး တိုးတက်မှုရရှိစေမှာ ဖြစ်ပါ တယ်။

ယခုအခါ မြန်မာ့စီးပွားရေးသည် စိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးတိုးတက်မှုကို အားပေးမြှင့်တင်မယ့် ဥပဒေ၊ နည်းပညာ အသစ်များကို မိတ်ဆက်ဖော်ဆောင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင် အများပါဝင်အကျိုး ခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများသည် စတင်ဖြစ်ထွန်းစ အခြေအနေတွင်သာ ရှိနေပြီး ဤလုပ်ငန်းများ၏ အခြေခံသဘောတရားနှင့် ယင်းတို့၏ အကျိုးကျေးဇူးများအကြောင်း နားလည်သဘောပေါက်မှုနည်းပါးလျက် ရှိနေပါသေးတယ်။ အခြားသော နိုင်ငံများမှာဆိုရင် အများပါဝင်အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်တဲ့ မက်လုံးများကို စီးပွားရေးလုပ်ငန်းများအား ခံစားခွင့်ပေးလျက်ရှိပါတယ်။ ဥပမာ အားဖြင့် ဖိလစ်ပိုင် ၊ တရုတ် ၊ မလေးရှား ၊ ထိုင်း ၊ စင်ကာပူ အစရှိသော အာရှနိုင်ငံများအနေဖြင့် အများပါဝင်အကျိုးခံစားနိုင်သော စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သော အစိုးရဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် မက်လုံးများကို သီးခြားသတ်မှတ်ပေးထားပါတယ်။ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံများ မှာဆိုရင် အများပါဝင်အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်းပေးတဲ့ ကော်မတီများလည်း ဖွဲ့စည်းထားရှိပါတယ်။

## အများပါဝင် အကျိုးခံစားနိုင်သည့် စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ရန် လူငယ်လုပ်သားပေါကြွယ်ဝသည်သာမက သယံဇာတများပိုင်ဆိုင်သည့် နိုင်ငံတစ်ခုဖြစ်သည့်အလျောက် စီးပွားရေးလုပ်ငန်းများတွင် ဆက်စပ်ပတ်သက်နေသည့် အများပါဝင်အကျိုးခံစားနိုင်သည့်စီးပွားရေးလုပ်ငန်းများထူထောင်ဖို့ အခွင့်အလမ်း များစွာရှိနေပါတယ်။ အခြေခံလူတန်းစားများစွာအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိစေနိုင်သည့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေး လုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးနှင့် ဆက်စပ်လုပ်ငန်းများ၊ ငွေကြေး၊ ပညာရေး၊ စွမ်းအင်နှင့် ကျန်းမာရေးလုပ်ငန်းများ၊ အိမ်ယာလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများနှင့် အထည်ချုပ်လုပ်ငန်းများ စသည်တို့ဟာ အများပါဝင်အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်တဲ့ စီးပွားရေး လုပ်ငန်းများအဖြစ် ရှိနေပါတယ်။

ထို့ပြင် မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro,Small and Medium Enterprises-MSMEs)များဟာဆိုရင် စျေးကွက်နှင့်ဘဏ္ဍာရေးရရှိနိုင်ဖို့ အခက်အခဲများစွာ ရှိနေပါတယ်။ ဒါ့အပြင် ငွေကြေးနှင့် နည်းပညာများ အားနည်းနေခြင်းသည်လည်း လုပ်ငန်းများရဲ့ ယှဉ်ပြိုင်နိုင်စွမ်းကို ကန့်သတ်ထားတာ ဖြစ်တဲ့အတွက် အများပါဝင် အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများအဖြစ် အသွင်ပြောင်းလဲစေခြင်းဖြင့် ဖြေရှင်းနိုင်ပါတယ်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ကုမ္ပဏီကြီးများနှင့် ချိတ်ဆက်ပေးသည့် အစီအစဉ်များ ဆောင်ရွက်ပေးခြင်းမှတစ်ဆင့် ၎င်းလုပ်ငန်းများအနေနဲ့ ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာပြီး ကမ္ဘာလုံးဆိုင်ရာတန်ဖိုးမြှင့် ကွင်းဆက်များ အတွင်းပေါင်းစည်းလာနိုင်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ရှာဖွေသူအချင်းချင်းသင်ယူမှု (peer-to-peer learning) ကို မြှင့်တင်ပြီး စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ ဖော်ဆောင်ခြင်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ကြီးထွားလာအောင် စွမ်းဆောင်နိုင်ပါတယ်။ ဒါကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို အများပါဝင် အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများ (Inclusive Business - IB Model) အဖြစ် ပေါင်းစည်းဆောင်ရွက်ခြင်းသည် အရေးကြီးဆုံးနှင့် အကျိုးသက်ရောက်မှု အရှိဆုံး ဖြစ်ပါတယ်။

အများပါဝင်အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်း (Inclusive Business - IB) မော်ဒယ်လ်များကို အသုံးချပြီးကုမ္ပဏီကြီးများအနေနဲ့ ၎င်းတို့၏ တန်ဖိုးကွင်းဆက်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းများကို အဓိကမောင်းနှင်အားအဖြစ် အသုံးချဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြည်တွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးမြှင့်ကွင်းဆက်တွင် ပါဝင်နိုင်စေဖို့ IB မော်ဒယ်လ် ၏ နည်းလမ်း (၄) ခုမှာ-

(က) စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊

(ခ) ငွေကြေးပံ့ပိုးကူညီခြင်း၊

(ဂ) တန်ဖိုးရှိသော သတင်းအချက်အလက်များကို မျှဝေပေးခြင်းနှင့်

(ဃ) IB မော်ဒယ်လ်များတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ တိုးမြှင့်နိုင်စေရန် မူဝါဒများ ချမှတ်ရေးဆွဲခြင်း တို့ဖြစ်ပါတယ်။

## အများပါဝင်အကျိုးခံစားနိုင်သည့် စီးပွားရေး လုပ်ငန်းများတိုးတက်စေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လုပ်ဆောင်ချက်များ

မြန်မာနိုင်ငံအနေဖြင့် အများပါဝင် အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများအတွက် သီးသန့်မက်လုံးများပေးပြီး ဆွဲဆောင်ထားခြင်း မရှိသော်လည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဦးစားပေးဒေသများနှင့် ဦးစားပေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများအတွက် အခွန်မက်လုံးများ ပေးအပ်ခြင်းသည် အများပါဝင် အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများတိုးတက်စေရန် သွယ်ဝိုက်ဆောင်ရွက်ခြင်းဟုဆိုနိုင်ပါတယ်။ ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသည် ဥပဒေခွင့်ပြုချက်အတိုင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်များကို လျှောက်ထားပြီး ဝင်ငွေခွန်၊ အကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များစတဲ့ အခွန်မက်လုံးများကို ခံစားနိုင်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာ(၁၃/၂၀၁၇) အရ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် အကျုံးဝင်သည့်လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတည်ရှိရာ အရပ်ဒေသ၏ ဖွံ့ဖြိုးမှုအပေါ် မူတည်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အမိန့်ကြော်ငြာစာ (၁၀/၂၀၁၇) အရ ဝင်ငွေခွန် ကင်းလွတ်ခွင့် ၃ နှစ်၊ ၅ နှစ်၊ ၇ နှစ် အထိ ခံစားခွင့် ရရှိနိုင်မှာ ဖြစ်ပါတယ်။

## အများပါဝင် အကျိုးခံစားနိုင်သည့် စီးပွားရေး လုပ်ငန်းဥပမာ

အများပါဝင်အကျိုးခံစားနိုင်သည့် စီးပွားရေး လုပ်ငန်းများတိုးတက်စေရန် အားပေးခြင်းသည် အစိုးရအဖွဲ့အစည်းများသာမက လုပ်ငန်းအလိုက် အခြားသော ပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် လိုအပ်ပါတယ်။ စီးပွားရေးအဖွဲ့အစည်း၊ ရင်းနှီးမြှုပ်နှံသူများ၊ မီဒီယာ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် အများပါဝင်အကျိုး ခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းများ တိုးတက်စေရန် ပါဝင်လုပ်ဆောင်နိုင်သကဲ့သို့ အစိုးရအနေဖြင့် စီးပွားရေး အသင်းအဖွဲ့များ၊ အထူးသဖြင့် စီးပွားရေးအသင်းအဖွဲ့များနှင့် မိတ်ဖက် အဖွဲ့အစည်းများကို ဦးဆောင်ရန်နှင့် ထပ်မံ အားပေးထိန်းကျောင်းရန် အဓိကလိုအပ်လျက်ရှိပါတယ်။

မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် စီးပွားရေး လုပ်ငန်းအချို့မှာ အများပါဝင်အကျိုး ခံစားနိုင်သော စီးပွားရေးပုံစံ (Inclusive Business Model) ဟု တိကျစွာမဆိုနိုင်သော်လည်း IBM သဘောသဘာဝများနှင့် ကိုက်ညီမှုရှိစွာ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ရှိပါတယ်။ ထင်ရှားတဲ့ ဥပမာတစ်ခုအနေနဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ မြန်မာနိုင်ငံသားရင်း နှီးမြှုပ်နှံမှုဖြင့် သကြားထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုထားတဲ့ မြန်မာနိုင်ငံသားပိုင်သကြား ထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုဟာဆိုရင် ကြံစိုက်သူ တောင်သူများနှင့် အကျိုးတူပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်လျက်ရှိပါတယ်။အဆိုပါလုပ်ငန်းမှရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ကြံစိုက်ခင်းများကို ဒေသခံ တောင်သူများနှင့် အကျိုးတူ ပူးပေါင်းပြီး သကြားဖြူ (White Sugar) များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက် ရှိပါတယ်။ ကုမ္ပဏီ အနေဖြင့် တောင်သူများရဲ့ စိုက်ပျိုး ရေး၊ လူမှုရေးပံ့ပိုးမှုများအား နှစ်စဉ်တိုးမြှင့် ဆောင်ရွက် ပေးနေပြီး ကြံစိုက် တောင်သူ ဦးရေ ၆,၀၀၀ ကျော်အထိ တိုးမြှင့်ကာ

အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ဒီလုပ်ငန်းအနေနဲ့ လုပ်ငန်းမှထွက်ရှိသော ဘေးထွက်ပစ္စည်းများဖြစ်သည့် ကြံမြှုပ်ချေး မြေသြဇာများမှ တောင်သူများသို့ မြေသြဇာ (၂) အိတ် အခမဲ့ဖြန့်ဖြူး ပံ့ပိုးပေးခြင်းနှင့် မြေသြဇာရောင်းချခြင်း အတွက် စက်ရုံသို့ ကြံပေးသွင်းသည့်အချိန်မှသာ ခုနှိမ်သည့် စနစ်ဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ကြံစိုက်တောင်သူများ ကြံစိုက်ပျိုးရာတွင် အဆင်ပြေစေဖို့အတွက် ကုမ္ပဏီရဲ့ပံ့ပိုးပေးမှုအနေဖြင့် တစ်ဧကထွက်ရှိမယ့် ခန့်မှန်းကြံတန်ချိန်တန်ဖိုးရဲ့ ၃၀ % ကို စိုက်ပျိုးငွေအဖြစ် ထုတ်ချေးပေးခြင်း၊ ကြံမျိုးများကို ဖြန့်ဖြူးရောင်းချပေးခြင်းအပြင် ကုမ္ပဏီ၏စိုက်ပျိုးရေးပညာရှင်များမှလည်း ကြံတောင်သူများ၏ စိုက်ကွင်းများသို့ သွားရောက်ပြီး စိုက်ပျိုးရေးနည်းပညာများကို ကူညီပံ့ပိုးဆောင်ရွက် ပေးလျက်ရှိပါတယ်။

ကြံစိုက်တောင်သူများ စိုက်ပျိုးပြီးစီးသည့် စိုက်ခင်းများကိုလည်း မခုတ်ယူမီကာလအတွင်း လိုအပ်သည့် ပိုးသတ်ဆေးများ ပံ့ပိုးကူညီလျက်ရှိသည့်အပြင် ခုတ်သိမ်းရာတွင်လည်း လုပ်သားအခက်အခဲရှိပါက ကူညီခုတ်သိမ်းပေးလျက်ရှိပါတယ်။ စက်ရုံသို့ လာရောက်ရောင်းချရာတွင် သယ်ယူစရိတ်အတွက် အပိုဆောင်းပေး၍ ဝယ်ယူနေသည့်အတွက် ကြံစိုက်တောင်သူများ အနေဖြင့် သယ်ယူစရိတ်ကုန်ကျမှုမရှိဘဲ ရောင်းချနိုင်လျက်ရှိပါတယ်။

ကုမ္ပဏီမှ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် အနေဖြင့် စက်ရုံတည်ရှိရာဒေသနှင့် အနီးပတ်ဝန်းကျင်ရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး ကြံတောင်သူများအား ပညာပေးဟောပြောပွဲ၊ နည်းပညာရှင်းလင်းပွဲများ ကျင်းပ၍ အသိပညာပေးဆောင်ရွက်လျက်ရှိပါတယ်။ ကုမ္ပဏီကဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပုံစံသည် အများနှင့်အကျိုးဝင်သော စီးပွားရေးပုံစံ (Inclusive Business) ရဲ့လုပ်ငန်း သဘောသဘာဝများနှင့်ကိုက်ညီမှုရှိပြီး ဒေသခံတောင် သူများအနေဖြင့် ၎င်းတို့ထံမှ ထွက်ရှိလာမည့် ကုန်ပစ္စည်းအား လက်ခံရယူမည့် ကုမ္ပဏီနှင့်ချိတ်ဆက်ပြီး ဖြစ်သည့်အတွက် လုပ်ငန်းအဆင်ပြေချောမွေ့မည်ဖြစ်သကဲ့သို့ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှု များလည်း မြင့်တက်လာမည် ဖြစ်ပါတယ်။ သို့ဖြစ်ရာ (Inclusive Business Model – IBM) သည် ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူ ဖြစ်စေနိုင်မည့် Model တစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**ဒေါ်ခင်သီတာဇင် ( DICA)**

## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှု

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏သဘာဝသယံဇာတအရင်းအမြစ်များသာမက လူသားအရင်းအမြစ်များပေါ်တွင်လည်း မှီခိုနေရတတ်ပါတယ်။ လူသားအရင်းအမြစ်ဆိုရာတွင် လူဦးရေ၊ အသက်ဖွဲ့စည်းပုံ၊ လုပ်သားအင်အားပါဝင်မှုအချိုးအစား၊ အလုပ်အကိုင်နှင့်လုပ်ငန်းအလိုက် လူဦးရေစသည့် လူဦးရေဆိုင်ရာ အချက်အလက်များကို ဆိုလိုခြင်းဖြစ်ပြီး ယင်းအချက်အလက်များသည် နိုင်ငံတော်၏ စီးပွားရေး မူဝါဒများ၊ လူမှုစီးပွားရေး စီမံကိန်းများရေးဆွဲရာတွင် အခြေခံအကျဆုံး အချက်အလက်များ ဖြစ်ပါတယ်။ လူဦးရေတွင် လုပ်သားအင်အားပါဝင်မှု အချိုးအစား မြင့်တက်လာခြင်းဖြင့် ကုန်ထုတ်လုပ်ငန်း များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ပြီး စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုစေနိုင်ပါသည်။ မြန်မာနိုင်ငံ၏ ၂၀၂၂ ခုနှစ်အောက်တိုဘာလ ၁ ရက်နေ့တွင် စုစုပေါင်းခန့်မှန်း လူဦးရေမှာ ၅၅.၈ သန်းရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါတယ်။ ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ ၂၀၂၁ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ Labor Force သည် ၂၂.၄၇ သန်း ရှိကြောင်း ထုတ်ပြန်ထားပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) မှာလည်း ပြည်သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ပါတယ်။ နိုင်ငံတော်အနေဖြင့်လည်း ပြည်သူလုပ်သားထုအတွက် ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပြည်တွင်း/ပြည်ပရှိ အလုပ်အကိုင် အခွင့်အလမ်းများ၌ သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်ရရှိ ရေးဆောင်ရွက် ပေးခြင်း၊ လွတ်လပ်စွာကုန်စည်စီးဆင်းမှု (Trade Liberalization) ကို ကောင်းစွာ အသုံးချနိုင်ရေး အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment) ရယူကာမိမိနိုင်ငံ အတွင်းစက်ရုံ/အလုပ်ရုံများ တည်ထောင်၍ အလုပ်အကိုင်များ ဖန်တီးပေးခြင်းများကို ပြုလုပ်လာခဲ့ပါတယ်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုလုပ်ငန်း ၂၂၁၇ ခုတွင် ပြည်တွင်းလုပ်သား ၁၁၉၁၇၁ ဦးနှင့် ပြည်ပလုပ်သား ၄ဖ၉၁၅ ဦး စုစုပေါင်း ၁၂၃၈ဖ၃ဖ ဦး တို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပါသည်။ Labor Intensive လုပ်ငန်းဖြစ်သည့် စက်မှုကဏ္ဍကတော့ စုစုပေါင်း၏ ၈၂.၃၇ ရာခိုင်နှုန်းအထိ အလုပ် အကိုင်အခွင့်အလမ်းများ များစွာဖန်တီးပေးနိုင်တာကို တွေ့ရှိရပါတယ်။ စက်မှုလုပ်ငန်းများတွင် အများစုမှာ CMP စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများမှာ အများစုဖြစ်သည့်အတွက် ပြည်တွင်းရှိ အခြေခံလုပ်သားများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်တာ ဖြစ်ပါတယ်။

၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈၉၇ ခုတွင် ပြည်တွင်းလုပ်သား ၄၁၀၉၁၈ ဦးနှင့် ပြည်ပလုပ်သား ၅၄၁၃ ဦး စုစုပေါင်း ၄၁ဖ၃၃၁ ဦး တို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပါသည်။ အလားတူ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတွင်လည်း Labor Intensive ဖြစ်သည့် စက်မှုကဏ္ဍသည် စုစုပေါင်း၏ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှု၏ ၆၄.၄၂ ရာခိုင်နှုန်းထိ ဆောင်ရွက် ပေးနိုင် ခဲ့ပါတယ်။

ဇယား (၁) ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအခြေအနေ

(ဦးရေ)

| စဉ် | ကဏ္ဍ | ပြည်တွင်း | ပြည်ပ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | စက်မှုကဏ္ဍ | ၉၉၉၈၁၇ | ၂၀၄၂၁ | ၁၀၂၀၂၃၈ | ၈၂.၃၇% |
| ၂ | အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၅၅၄၆၅ | ၂၁၆၅ | ၅၇၆၃၀ | ၄.၆၅% |
| ၃ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၂၁၀၆၂ | ၁၃၉၇၁ | ၃၅၀၃၃ | ၂.၈၃% |
| ၄ | ဝန်ဆောင်မှုကဏ္ဍ | ၂၃၂၀၆ | ၁၀၂၈ | ၂၄၂၃၄ | ၁.၉၆% |
| ၅ | မွေးမြူရေးနှင့်ရေလုပ်ငန်း ကဏ္ဍ | ၂၁၅၉၃ | ၂၅၉၈ | ၂၄၁၉၁ | ၁.၉၅% |
| ၆ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ကဏ္ဍ | ၂၁၄၁၄ | ၂၀၁၉ | ၂၃၄၃၃ | ၁.၈၉% |
| ၇ | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | ၁၇၅၇၀ | ၁၂၄၄ | ၁၈၈၁၄ | ၁.၅၂% |
| ၈ | စိုက်ပျိုးရေး ကဏ္ဍ | ၁၆၄၁၉ | ၃၂၁ | ၁၆၇၄၀ | ၁.၃၅% |
| ၉ | သတ္တုတူးဖော်ရေး ကဏ္ဍ | ၉၃၆၄ | ၂၄၃၈ | ၁၁၈၀၂ | ၀.၉၅% |
| ၁၀ | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ | ၂၆၇၂ | ၄၆၃ | ၃၁၃၅ | ၀.၂၅% |
| ၁၁ | စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍ | ၂၁၀၂ | ၁၈၂ | ၂၂၈၄ | ၀.၁၈% |
| ၁၂ | ဆောက်လုပ်ရေးကဏ္ဍ | ၁၀၃၇ | ၆၅ | ၁၁၀၂ | ၀.၀၉% |
| | **စုစုပေါင်း** | **၁၁၉၁၇၂၁** | **၄၆၉၁၅** | **၁၂၃၈၆၃၆** | **၁၀၀%** |

ဇယား (၂) ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအခြေအနေ

(ဦးရေ)

| စဉ် | ကဏ္ဍ | ပြည်တွင်း | ပြည်ပ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | စက်မှုကဏ္ဍ | ၂၆၄၉၅၇ | ၃၂၄၆ | ၂၆၈၂၀၃ | ၆၄.၄၂% |
| ၂ | ဝန်ဆောင်မှုကဏ္ဍ | ၂၉၉၂၂ | ၆၃၀ | ၃၀၅၅၂ | ၇.၃၄% |
| ၃ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂၅၃၁၆ | ၂၁၃ | ၂၅၅၂၉ | ၆.၁၃% |
| ၄ | ဆောက်လုပ်ရေးကဏ္ဍ | ၂၃၉၀၂ | ၅၈ | ၂၃၉၆၀ | ၅.၇၆% |
| ၅ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၂၀၉၅၃ | ၂၃၁ | ၂၁၁၈၄ | ၅.၀၉% |

| စဉ် | ကဏ္ဍ | ပြည်တွင်း | ပြည်ပ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၆ | အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၂၀၅၀၄ | ၂၃၁ | ၂၀၇၃၅ | ၄.၉၈% |
| ၇ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၉၆၉၈ | ၁၆၀ | ၉၈၅၈ | ၂.၃၇% |
| ၈ | သတ္တုတူးဖော်ရေးကဏ္ဍ | ၈၀၄၆ | ၁၉၉ | ၈၂၄၅ | ၁.၉၈% |
| ၉ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၄၅၆၈ | ၃၄၂ | ၄၉၁၀ | ၁.၁၈% |
| ၁၀ | စိုက်ပျိုးရေးကဏ္ဍ | ၁၈၅၃ | ၅၀ | ၁၉၀၃ | ၀.၄၆% |
| ၁၁ | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၁၀၆၄ | ၁၄ | ၁၀၇၈ | ၀.၂၆% |
| ၁၂ | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ | ၁၃၅ | ၃၉ | ၁၇၄ | ၀.၀၄% |
| | **စုစုပေါင်း** | **၄၁၀၉၁၈** | **၅၄၁၃** | **၄၁၆၃၃၁** | **၁၀၀%** |

ရင်းမြစ်။ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

မြန်မာနိုင်ငံအနေဖြင့် ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် ကာလဟာ သဘာဝအရင်းအမြစ်ကို ထုတ်ယူ သုံးစွဲသည့် လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ခဲ့တဲ့ကာလ၊ ၂၀၁၅ ခုနှစ်က Labor Intensive ကို ဦးစားပေး၍ လုပ်ငန်းများကို ခွင့်ပြုခဲ့တဲ့ ကာလ၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် အထိ ကာလဟာ Skill Intensive ကို ဦးစားပေးတဲ့ ကာလဖြစ်၍ ၂၀၁၉ ခုနှစ်ကတော့ Capital Intensive ဖြင့် လုပ်ငန်းများကို ဆောင်ရွက်တဲ့ ကာလတွေ ဖြစ်ခဲ့ပါတယ်။ နိုင်ငံတော်အနေနဲ့ ၂၀၁၅ ခုနှစ်မှစ၍ Labor Intensive ကို ဦးစားပေး အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအထိ တွင်လည်း စက်မှုကဏ္ဍက အများဆုံး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့တာ တွေ့ရှိရပါတယ်။ ဒုတိယအနေဖြင့် Capital Intensive ကို ဖော်ဆောင်နေသည့် အိမ်ရာနှင့် အဆောက်အအုံ တည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍက ရပ်တည်နေပါတယ်။

**ဇယား (၃) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအခြေအနေများ**

**ဦးရေ**

| **စဉ်** | **ကဏ္ဍ** | **၂၀၁၆-၂၀၁၇ မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ** | | |
|---|---|---|---|---|
| | | **ပြည်တွင်း** | **ပြည်ပ** | **စုစုပေါင်း** |
| ၁ | စက်မှု ကဏ္ဍ | ၅၇၆၉၉၇ | ၁၂၇၆၈ | ၅၈၉၇၆၅ |
| ၂ | အိမ်ရာနှင့် အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | ၄၁၇၄၇ | ၁၆၀၈ | ၄၃၃၅၅ |
| ၃ | ဝန်ဆောင်မှု ကဏ္ဍ | ၁၆၉၁၈ | ၈၄၄ | ၁၇၇၆၂ |
| ၄ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၇၄၇၂ | ၁၄၈၀ | ၈၉၅၂ |
| ၅ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၅၁၂၇ | ၂၅၅ | ၅၃၈၂ |
| ၆ | စိုက်ပျိုးရေးကဏ္ဍ | ၃၈၁၅ | ၁၃၅ | ၃၉၅၀ |
| ၇ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၅၁၈၀ | ၁၂၉၂ | ၆၄၇၂ |
| ၈ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂၃၅၆ | ၇၉ | ၂၄၃၅ |
| ၉ | စက်မှုဇုန် တည်ဆောက်မှု ကဏ္ဍ | ၆၃၅ | ၁၂၁ | ၇၅၆ |
| ၁၀ | ဆောက်လုပ်ရေးကဏ္ဍ | ၂၁၇ | ၃၀ | ၂၄၇ |
| ၁၁ | ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ | ၁၀၂ | ၀ | ၁၀၂ |
| ၁၂ | သတ္တုတူးဖော်ရေးကဏ္ဍ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၆၆၀၅၆၆** | **၁၈၆၁၂** | **၆၇၉၁၇၈** |

ရင်းမြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

**ဇယား (၄)　　၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအခြေအနေများ**

**(ဦးရေ)**

| **စဉ်** | **ကဏ္ဍ** | **၂၀၁၆-၂၀၁၇ မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ** | | |
|---|---|---|---|---|
| | | **ပြည်တွင်း** | **ပြည်ပ** | **စုစုပေါင်း** |
| ၁ | စက်မှုကဏ္ဍ | ၅၄၆၆၃ | ၉၅၈ | ၅၅၆၂၁ |
| ၂ | ဝန်ဆောင်မှုကဏ္ဍ | ၂၁၄၇၈ | ၅၀၁ | ၂၁၉၇၉ |
| ၃ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁၁၇၈၉ | ၉၁ | ၁၁၈၈၀ |
| ၄ | အိမ်ယာနှင့် အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၆၉၁၀ | ၁၁၉ | ၇၀၂၉ |
| ၅ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၇၁၅၁ | ၅၆ | ၇၂၀၇ |
| ၆ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၁၈၈၅ | ၆၅ | ၁၉၅၀ |
| ၇ | သတ္တုတူးဖော်ရေးကဏ္ဍ | ၂၀၂၁ | ၉၁ | ၂၁၁၂ |
| ၈ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁၄၆၇ | ၇၉ | ၁၅၁၀ |
| ၉ | စိုက်ပျိုးရေးကဏ္ဍ | ၁၀၁၇ | ၃၇ | ၁၀၁၈ |
| ၁၀ | စက်မှုဇုန် တည်ဆောက်မှုကဏ္ဍ | ၃၀၇ | ၀ | ၃၀၇ |
| ၁၁ | ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ | ၁၃၅ | ၃၉ | ၁၇၄ |
| ၁၂ | ဆောက်လုပ်ရေးကဏ္ဍ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | **၁၀၈၈၂** | **၂၀၃၆** | **၁၁၀၇၈၇** |

ရင်းမြစ်။ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုခဲ့သည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ပြည်တွင်းလုပ်သား ၂၃၃၄၄ ဦးနှင့် ပြည်ပလုပ်သား ၅၄၉ ဦး စုစုပေါင်း ၂၃၈၉၃ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပါတယ်။ အများအားဖြင့် Labor Intensive Industry များဖြစ်သည့် စက်မှုကဏ္ဍသည် အများဆုံး အလုပ်အကိုင် ဖန်တီးပေးနိုင်တဲ့ကဏ္ဍဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံး အလုပ်အကိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

**ဇယား(၅)　　၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များမှ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှု (ကဏ္ဍအလိုက်)**

**(ဦးရေ)**

| စဉ် | ကဏ္ဍ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ | | |
|---|---|---|---|---|
| | | ပြည်တွင်း | ပြည်ပ | စုစုပေါင်း |
| ၁ | စက်မှုကဏ္ဍ | ၂၁၉၄၁ | ၃၄၄ | ၂၂၂၈၅ |
| ၂ | လျှပ်စစ်ဓါတ်အားကဏ္ဍ | ၅၃၁ | ၁၆၅ | ၆၉၆ |
| ၄ | အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၂၅၀ | ၂၆ | ၂၇၆ |
| ၅ | စိုက်ပျိုးရေးကဏ္ဍ | ၃၉၂ | ၁၀ | ၄၀၂ |
| ၆ | ဝန်ဆောင်မှုကဏ္ဍ | ၂၃၀ | ၄ | ၂၃၄ |
| | **စုစုပေါင်း** | **၂၃၃၄** | **၅၄၉** | **၂၃၈၃** |

ရင်းမြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်၊စက်တင်ဘာလအထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ ပြည်တွင်းလုပ်သား ၅၂၇၇ ဦးနှင့် ပြည်ပလုပ်သား ၈၀ ဦး စုစုပေါင်း ၅၃၅၇ ဦး အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပါတယ်။ အများအားဖြင့် Labor Intensive Industry များဖြစ်သည့် စက်မှုကဏ္ဍသည် အများဆုံး အလုပ်အကိုင် ဖန်တီးပေးနိုင်တဲ့ ကဏ္ဍဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံး အလုပ်အကိုင် ရရှိခဲ့တာ ဖြစ်ပါတယ်။

**ဇယား(၆)　　၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များမှ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှု (တိုင်းဒေသကြီး/ပြည်နယ် အလိုက်)**

**(ဦးရေ)**

| စဉ် | ကဏ္ဍ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ | | |
|---|---|---|---|---|
| | | ပြည်တွင်း | ပြည်ပ | စုစုပေါင်း |
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၂၀၈၅၂ | ၄၂၀ | ၂၁၂၇၂ |
| ၂ | ပဲခူးတိုင်းဒေသကြီး | ၁၅၁၀ | ၂၆ | ၁၅၃၆ |
| ၃ | ကချင်ပြည်နယ် | ၃၉၂ | ၁၀ | ၄၀၂ |
| ၄ | ရောဝတီတိုင်းဒေသကြီး | ၂၉၀ | ၁၀ | ၃၀၀ |
| ၅ | မန္တလေးတိုင်းဒေသကြီး | ၁၂၀ | ၄၀ | ၁၆၀ |
| ၆ | မကွေးတိုင်းဒေသကြီး | ၁၂၀ | ၄၀ | ၁၆၀ |
| ၇ | ရှမ်းပြည်နယ် | ၆၀ | ၃ | ၆၃ |
| | **စုစုပေါင်း** | **၂၃၃၄** | **၅၄၉** | **၂၃၈၃** |

ရင်းမြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ဇယား(၇) ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှု (ကဏ္ဍအလိုက်)

(ဦးရေ)

| စဉ် | ကဏ္ဍ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ | | |
|---|---|---|---|---|
| | | ပြည်တွင်း | ပြည်ပ | စုစုပေါင်း |
| ၁ | စက်မှုကဏ္ဍ | ၄၁၄၇ | ၅၈ | ၄၂၀၅ |
| ၂ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁၁၅ | - | ၁၁၅ |
| ၃ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၂၄၂ | ၉ | ၂၅၁ |
| ၄ | ဝန်ဆောင်မှုကဏ္ဍ | ၄၆၂ | ၅ | ၄၆၇ |
| ၅ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၃၉ | - | ၃၉ |
| ၆ | စိုက်ပျိုးရေးကဏ္ဍ | ၂၄၂ | ၃ | ၂၄၅ |
| ၇ | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ | ၃၀ | ၅ | ၃၅ |
| | **စုစုပေါင်း** | **၅၂၇၇** | **၈၀** | **၅၃၅၇** |

ရင်းမြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ဇယား(၈) ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှု (တိုင်းဒေသကြီး/ ပြည်နယ် အလိုက်)

(ဦးရေ)

| စဉ် | ကဏ္ဍ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ စက်တင်ဘာလအထိ | | |
|---|---|---|---|---|
| | | ပြည်တွင်း | ပြည်ပ | စုစုပေါင်း |
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၂၆၈၀ | ၃၉ | ၂၇၁၉ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၄၉၄ | ၁၅ | ၁၅၀၉ |
| ၃ | ရှမ်းပြည်နယ် | ၂၃၅ | ၉ | ၂၄၄ |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂၀၃ | ၂ | ၂၀၅ |
| ၅ | ကချင်ပြည်နယ် | ၁၈၀ | ၃ | ၁၈၃ |
| ၆ | ဧရာဝတီတိုင်းဒေသကြီး | ၁၁၅ | ၀ | ၁၁၅ |
| ၇ | မွန်ပြည်နယ် | ၉၀ | ၇ | ၉၇ |
| ၈ | မကွေးတိုင်းဒေသကြီး | ၉၀ | ၅ | ၉၅ |
| ၉ | နေပြည်တော်ကောင်စီ | ၈၉ | ၀ | ၈၉ |
| ၁၀ | တနင်္သာရီတိုင်းဒေသကြီး | ၇၇ | ၀ | ၇၇ |
| ၁၁ | ပဲခူးတိုင်းဒေသကြီး | ၂၄ | ၀ | ၂၄ |
| | **စုစုပေါင်း** | **၅၂၇၇** | **၈၀** | **၅၃၅၇** |

ရင်းမြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

မြန်မာနိုင်ငံ၏ အလုပ်အကိုင်အမျိုးအစားအလိုက် ပါဝင်မှုအချိုးအစားတွင် လုပ်သားအင်အားကို အရင်းပြု သည့် အလုပ်အကိုင်များဖြစ်သည့် စိုက်ပျိုးရေး၊ သစ်တော နှင့် ရေလုပ်သားများ၏ အချိုးအစားသည် ထက်ဝက် ကျော်ခန့် ခန့်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အသက်မွေး ဝမ်းကျောင်း အတတ်ပညာဖြင့် အလုပ်လုပ်သူများမှာ ခန့်သာ ရှိနေပါတယ်။ လုပ်သားအင်အားရှားပါးမှုကို စတင် ရင်မဆိုင်ရသေးခင်ကာလအတွင်း ထုတ်လုပ်မှု ကဏ္ဍနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာဖြင့် အလုပ်လုပ်သူများ၏ အချိုးအစား မြင့်မားလာစေရန် အစီအစဉ်များရေးဆွဲ ချမှတ်ဆောင်ရွက်သွားရန်လိုအပ် မည်ဖြစ်ပါသည်။

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံ ခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်နေသော်လည်း အလုပ် အကိုင်အခွင့်အလမ်း ဖန်တီးပေးမှု အများဆုံးမှာ နည်းပညာနည်းပါးသည့် CMP အထည်ချုပ် လုပ်ငန်းများ သာ ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့် ပြည်တွင်းရှိ အလုပ်အကိုင် အခွင့်အလမ်းများ များစွာ ဖန်တီးပေးနိုင် ရန် နည်းပညာမြင့်မားသည့် လုပ်ငန်းများတွင် ပြည်တွင်း လုပ်သားများ အလုပ်အကိုင် ရရှိနိုင်ရေးအတွက် Vocational Training များ အစိုးရမှဖန်တီးပေး သင့်ပါတယ်။

**ဒေါ်ခင်သီတာဇင် (DICA)**

MIFER

# MIFER သတင်းများ

## (၂၁) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ပါဝင်တက်ရောက်

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နှင့် ၁၀ ရက်နေ့တို့တွင် ကျင်းပသည့် (၂၁) ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံ၏အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ရက်နေ့ နံနက် ၀၈:၃၀ နာရီတွင် ကျင်းပသည့် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးညီလာခံ (ASEAN Business and Investment Summit) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် H.E. Samdech Akka Moha Sena Padei Techo HUN SEN က တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယင်းနေ့နံနက်

၀၉:၃၀ နာရီမှ ၁၂:၃၀ နာရီအထိ ကျင်းပသည့် (၂၁) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးသို့ ဆက်လက် တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ၂၀၂၂ ခုနှစ် ၊ ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေး လုပ်ငန်းစဉ်များ၏ အကောင်အထည်ဖော်မှုအခြေအနေ၊ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၊ စတုတ္ထစက်မှုအသွင်ကူးပြောင်းရေးမူဘောင်၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးအစီအစဉ်နှင့်ပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေသည့် အစီအစဉ်တို့၏ အကောင်အထည်ဖော်မှုအခြေအနေ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ကာလလယ်သုံးသပ်ချက်တွင်ပါဝင်သည့် အကြံပြုချက်များအပေါ် ဆက်လက်ဆောင်ရွက်မှုအခြေအနေနှင့် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ရေးဆွဲရာတွင်

အာဆီယံစီးပွားရေးအသိုက်အဝန်းအနေဖြင့် ထည့်သွင်းမည့် အချက်အလက်များအပေါ် ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီမှ အကြိမ်(၄၀)နှင့်(၄၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြမည့်အစီရင်ခံစာနှင့် ၂၀၂၂ ခုနှစ်အတွင်း အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအနေဖြင့် အတည်ပြုရန်၊ မှတ်တမ်းတင်ရန်ရှိသည့် Document များအပေါ်အတည်ပြုခဲ့ကြပြီး အာဆီယံဥက္ကဋ္ဌ ကြေညာစာတမ်းတွင် ထည့်သွင်းမည့် အာဆီယံစီးပွားရေးမဏ္ဍိုင်ဆိုင်ရာ အချက်အလက်များအပေါ် မှတ်တမ်းတင်ခဲ့သည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံ၊ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေး လုပ်ငန်းစဉ်များ အနက် အကောင်အထည်ဖော် နေဆဲလုပ်ငန်းများကို ရည်မှန်းကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး

အတွက်ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့များက အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးမူဘောင်သဘောတူစာချုပ်အတွက် လေ့လာမှု ဆောင်ရွက်ရာတွင် အာဆီယံ၏ လက်ရှိဆောင်ရွက်ဆဲ ဒစ်ဂျစ်တယ်လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ရေးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဒစ်ဂျစ်တယ်အဆင်သင့်ဖြစ်မှုကိုပါ ထည့်သွင်းလေ့လာရေးကိစ္စများကို ပါဝင်ဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး အာဆီယံ-ဩစတြေးလျှ၊ နယူးဇီလန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးကို ၁၃း၃၀ နာရီမှ ၁၈း၃၀ နာရီအထိ ဆက်လက်ကျင်းပခဲ့သည်။ အစည်းအဝေးတွင် အာဆီယံ-ဩစတြေးလျှ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ အဆင့်မြှင့်တင်မှုအတွက် စေ့စပ်ညှိနှိုင်းမှုအပြီးသတ်ကြောင်း ကြေညာနိုင်ရေးနှင့်စပ်လျဉ်းပြီး ဆွေးနွေးမှုမပြီးပြတ်သေးသည့် ကိစ္စရပ်များ ညှိနှိုင်းခဲ့ကြပါသည်။

ထို့နောက် ဒုတိယအကြိမ်မြောက် အာဆီယံ-ယူကေ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ၁၈း၃၀ နာရီမှ ၂၀း၀၀ နာရီအထိ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဝန်ကြီးများက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့်စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးပြီး အာဆီယံ-ယူကေ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ် (၂၀၂၁-၂၀၂၂)၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ အပေါ်မှတ်တမ်းတင်ခဲ့ကြသည်။ ထို့နောက် အာဆီယံနှင့် ယူကေတို့အကြား အနာဂတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်ကို အတည်ပြုခဲ့သည်။

အဆိုပါအစည်းအဝေးများတွင် ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Pan Sorasakက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံ စီးပွားရေး အသိုက်အဝန်းကောင်စီဝန်ကြီးများ၊ အာဆီယံ အဆင့်မြှင့်စီးပွားရေးအရာရှိများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့်တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ အာဆီယံ အဆင့်မြှင့်စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာမျိုးညွန့်နှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံများ ပါဝင်တက် ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးများတက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိနေစဉ်ကာလ အတွင်း လူပုဂ္ဂိုလ်များ ယာယီရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အာဆီယံသဘောတူစာချုပ်ကို ပြင်ဆင်သည့် အခြေပြုစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ထို့အပြင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့၊ ၁၉း၀၀ နာရီမှ ၂၁း၀၀ နာရီအထိ အာဆီယံစီးပွားရေးအကြံ ပေးကောင်စီ၏ ၂၀၂၂ ခုနှစ် အလှည့်ကျဥက္ကဋ္ဌက ဦးဆောင်ကျင်းပသည့် Gala Dinner နှင့် စီးပွားရေးဆုများ ချီးမြှင့်သည့် အစီအစဉ်တွင်ပါဝင်တက်ရောက်ခဲ့သည်။ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံမှမထွက်ခွာမီ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပသည့် အကြိမ် (၄၀) နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့သည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး မစ္စတာအလက်ဇန်းဒါးဆာဂီးအ်ဗစ်ရှ် ရှာတီရော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၈ ရက်နေ့ နံနက် ၈:၀၀နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံခဲ့ သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှစ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ထို့နောက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့တို့အကြား လက်မှတ်ရေးထိုးလဲလှယ်ခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ် အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး က လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင် ဦးဆောင်သောကိုယ်စားလှယ် အဖွဲ့ဝင်များအား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ နံနက် ၈:၃၀ နာရီတွင် နေပြည်တော်၊ ရုံးအမှတ်(၁)ရှိ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် တရုတ်နိုင်ငံအစိုးရအနေဖြင့် ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရှေ့ဆက် ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ဆွေးနွေးလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးမှ တရုတ်နိုင်ငံမှ ပေးအပ်သည့် အကူအညီများဖြင့် ဆောင်ရွက်မည့် လူမှုစီးပွားရေးအစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊

အဆိုပါ တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီး၊နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ်နှင့် သက်ဆိုင်ရာဌာန အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

# အာဆီယံအသိုက်အဝန်း၂၀၂၅အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်း အဖွဲ့၏ ပဌမအကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန်မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ပဌမအကြိမ်မြောက်အစည်းအဝေးကို ၆-၁၁-၂၀၂၂ ရက်မှ ၇-၁၁-၂၀၂၂ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့ရှိ Hyett Regency Hotelၨ၌ကျင်းပပြုလုပ်ခဲ့ ပါသည်။

အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊အဆင့်မြင့်ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်များနှင့် အာဆီယံ

နိုင်ငံရေး - လုံခြုံရေး အသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဝင်၊ မြန်မာနိုင်ငံ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် (Eminent Person) အဖြစ်ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာ ဝါဝါမောင်ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်တွင် ထည့်သွင်းဖော်ပြမည့် အဓိကသွင်ပြင်လက္ခဏာများကိစ္စ၊အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ တာဝန်ပေးအပ်ချက်အရ (၃၁) ကြိမ်မြောက် အာဆီယံပူးပေါင်းညှိနှိုင်းရေး ကောင်စီအစည်းအဝေး၏ အတည်ပြုချက်ရယူပြီး (၄၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့တင်ပြမည့် အာဆီယံ၏ စွမ်းဆောင်ရည်နှင့်အဖွဲ့အစည်း၏ ထိရောက်မှုစွမ်းရည် မြှင့်တင်ရေးဆိုင်ရာ အကြံပြုချက်(မူကြမ်း) များကိစ္စ၊ ဒေသတွင်းရှိသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ နည်းလမ်းများကိစ္စ၊ အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် ပူးပေါင်းညှိနှိုင်းရေးအစည်းအဝေးသို့တင်ပြမည့် အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်တိုးတက်မှု အစီရင်ခံစာ(မူကြမ်း)ကိစ္စ စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

အာဆီယံအသိုက်အဝန်း ၂၀၂၅အလွန် မျှော်မှန်းချက်ရေးဆွဲရန် အဆင့်မြင့်လုပ်ငန်း အဖွဲ့ ဖွဲ့စည်းရေးကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ(၂၆) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့်(၃၈)ကြိမ်မြောက်နှင့်(၃၉) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အတည်ပြုခဲ့ပါသည်။ အဆိုပါ အဆင့်မြင့်လုပ်ငန်းအဖွဲ့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များနှင့် အဆင့်မြင့်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါသည်။

## ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂) ကို ၂၀၂၂ ခုနှစ် ၊ အောက်တိုဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၁)၌ ကျင်းပခဲ့ပါသည်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီ အတွင်း ရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို အသေးစိတ် စိစစ်တင်ပြဆွေးနွေးပါသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ၊အလုပ်သမားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဌာနကိုယ်စားလှယ်များ တက်ရောက်ကြပါ သည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာကိစ္စများအတွက်လုပ်ငန်းကော်မတီက ညှိနှိုင်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ချေးငွေပြန်လည်ပေးဆပ်လျက်ရှိသည့် အခြေအနေများနှင့်လုပ်ငန်းကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးတက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့်

လုပ်ငန်းများ၊ အတွင်းရေးမှူးရုံးက ဆုံးဖြတ်ချက်ရယူရန် ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ ကြသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စတုတ္ထအကြိမ် ကထိန်လျှာသက်နံ်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စတုတ္ထအကြိမ်ကထိန်လျှာသက်နံ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ၊ရုံးအမှတ် (၁) ၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ စမ်းမြိုင်တောရကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသူရိယအမှူးပြု၍ သံဃာတော်များတက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စမ်းမြိုင်တောရကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တသူရိယအား ကထိန်လျှာသက်နံ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများမှသံဃာတော်များအား ကထိန်လျှာသက်နံ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်ပရိတ်သတ်များက စမ်းမြိုင်တောရ ကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသူရိယထံမှ ကထိန်အနုမောဒနာ တရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြသည်။ အခမ်းအနားအပြီးတွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

ဆွမ်းဆက်ကပ်ပွဲသို့ စုစုပေါင်း ဧည့်ပရိတ်သတ်အင်အား ၁၃၀ ခန့်တက်ရောက်ခဲ့ကြ ကြောင်းသတင်းရရှိပါ သည်။

## အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်

ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိုမြို့၌ ကျင်းပသည့် (၅၄) ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကာလ အတွင်း ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ရုရှား၊ ကိုရီးယား၊ တရုတ်၊ အာဆီယံ+၃၊ အရှေ့အာရှ(E A S )၊ ဟောင်ကောင်(တရုတ်)(H K C )၊ ကနေဒါ၊ ဂျပန်၊ အီးယူ၊ အမေရိကန်၊ ဩစတြေးလျ၊ နယူးဇီလန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးများ၊ ပထမအကြိမ် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ဝန်ကြီးများ အစည်းအဝေးနှင့် (၁၄) ကြိမ် မြောက် စီအယ်လ်အမ်ဗွီ (CLMV) စီးပွားရေးဝန်ကြီးများ အစည်းအဝေးများကိုဆက်လက်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ၏ အာဆီယံစီးပွားရေး ဝန်ကြီး ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော် ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ ဟောင်ကောင်(တရုတ်)၊ အမေရိကန်၊ ရုရှား၊ အီးယူ နှင့် ကနေဒါနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေး များတွင် ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး H.E. Pan Sorasak နှင့် သက်ဆိုင် ရာ ဆွေးနွေးဖက်နိုင်ငံများမှ စီးပွားရေး ဝန်ကြီးများက ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

(၁၉) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ စီးပွားရေးဝန် ကြီးများအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၈:၃၀ နာရီတွင် စတင် ကျင်းပခဲ့ရာ အစည်းအဝေးတွင်အာဆီယံ-အိန္ဒိယ ကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ်ကို ပြန်လည် သုံးသပ် ခြင်းအတွက် နယ်ပယ်များ သတ်မှတ်သည့် စာတမ်းကို အတည်ပြုခဲ့ပြီး အာဆီယံ-အိန္ဒိယ ကုန်စည် ကုန်သွယ်ရေး ဆိုင်ရာ ပူးတွဲကော်မတီကို ပြန်လည် ဖွဲ့စည်းခဲ့သည်။

(၁၁) ကြိမ်မြောက် အာဆီယံ-ရုရှား စီးပွားရေးဝန်ကြီး များ အစည်းအဝေးကို ဒေသစံတော်ချိန် ၁၀:၄၅ နာရီတွင် ဆက်လက်ကျင်းပခဲ့ရာ အစည်းအဝေးတွင် အာဆီယံ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက် ရေး လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) အကောင်အထည် ဖော်မှုနှင့် အာဆီယံနှင့် ယူရေးရှားစီးပွားရေး ကော်မရှင် တို့အကြား ချုပ်ဆိုထားသည့် နားလည်မှု စာချွန်လွှာကို အကောင်အထည်ဖော်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ ဖြစ်ပေါ် တိုးတက်မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် (၁၉) ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပ ခဲ့ရာ အစည်းအဝေးတွင် အာဆီယံ-ကိုရီးယား လွတ်လပ် သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှု၊ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ အဆင့်မြှင့်တင်ခြင်းအတွက် ပူးတွဲလေ့လာမှု၊ ဒီဂျစ်တယ် ကုန်သွယ်မှု သုတေသန ဆောင်ရွက်မှုနှင့် အာဆီယံ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဆွေး နွေးခဲ့သည်။

ဆက်လက်၍ (၁၄) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ အစည်းအဝေးတွင် စီအယ်လ်အမ်ဗွီအဆင့်မြင့် စီးပွားရေး

အရာရှိများ၏ အစီရင်ခံစာနှင့် စီအယ်လ်အမ်ဗွီ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၂)၏ အကောင်အထည်ဖော်မှု အခြေအနေတို့ကို ဆွေးနွေးခဲ့ကြပြီး စီအယ်လ်အမ်ဗွီ လုပ်ငန်းစီမံချက်များအတွက် လမ်းညွှန်မှု၊ လုပ်ငန်းစီမံချက် ( ၂၀၂၃-၂၀၂၄) နှင့် စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှုမူဘောင်ကို အကောင်အထည် ဖော်မည့် လုပ်ငန်းအစီအစဉ် တို့ကို အတည်ပြုခဲ့သည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၉:၀၀ နာရီတွင် (၂၁) ကြိမ်မြောက် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို စတင်ကျင်းပခဲ့ရာ အစည်းအဝေးတွင် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုအခြေအနေအပေါ် ဆွေးနွေးခဲ့ကြပြီး လွတ်လပ်သော ကုန်သွယ်မှုဒေသ အဆင့်မြှင့်တင်ရေးအတွက် နယ်ပယ်များနှင့် စပ်လျဉ်းသည့် ပူးတွဲဖြစ်နိုင်ချေ လေ့လာဆန်းစစ်မှု အစီရင်ခံစာ နှင့် ကိုဗစ် -၁၉ ကပ်ရောဂါအလွန် စီးပွားရေးပြန်လည်ထူထောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် ပူးတွဲကြေညာချက်တို့ကို အတည်ပြုခဲ့သည်။ ထို့ပြင် အာဆီယံ-တရုတ် ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်း စေမည့် လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၆) အပေါ် ဆွေးနွေးခဲ့သည်။

(၂၅)ကြိမ်မြောက်အာဆီယံ-အပေါင်းသုံး(ASEAN+3) (တရုတ်၊ ဂျပန်၊ ကိုရီးယား) စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ဒေသစံတော်ချိန် ၁၀:၄၅ နာရီတွင် ဆက်လက်ကျင်းပခဲ့ရာ အစည်းအဝေးတွင် အာဆီယံ အပေါင်းသုံးစီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၂) အကောင်အထည် ဖော်မှု၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေး ထိခိုက်မှုများ လျော့နည်းစေရေး အာဆီယံအပေါင်းသုံး လုပ်ငန်းစီမံချက်တို့၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို မှတ်တမ်းတင် ခဲ့ပြီး အာဆီယံအပေါင်းသုံး စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၄) ကို အတည်ပြုခဲ့သည်။

မွန်းလွဲပိုင်းတွင် (၁၀) ကြိမ်မြောက် အရှေ့အာရှ စီးပွားရေးဝန်ကြီးများ အစည်းအဝေး(EAS)ကို အလုပ်သဘော နေ့လည်စာစားပွဲဖြင့်ကျင်းပခဲ့ရာ အစည်းအဝေးတွင် (၁၂) ကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဝန်ကြီးများ ညီလာခံ၏ရလဒ်များ၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး စိန်ခေါ်မှုများ၏ အကျိုး သက်ရောက်မှုများကို လျော့ပါးစေရန် အရှေ့အာရှ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ဆောင်ရွက်ရန် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ထို့နောက် “ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်းမှ တစ်ဆင့် ပေါင်းစည်းမှု၊ တီထွင် ဆန်းသစ်မှု၊ အားလုံးပါဝင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ကိုဗစ်ကာလအလွန် အရှေ့အာရှ ဒေသ” ခေါင်းစဉ်ဖြင့် အာဆီယံနှင့် အရှေ့အာရှဆိုင်ရာ စီးပွားရေးသုတေသနအဖွဲ့က ပြုစုတင်သွင်းသည့် စာတမ်း ကို မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် (၆) ကြိမ်မြောက် အာဆီယံ-ဟောင်ကောင် (တရုတ်) စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်နှင့် အာဆီယံ-ဟောင်ကောင် (တရုတ်) ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် တို့အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စီးပွားရေးနှင့် နည်းပညာ ပူးပေါင်း ဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့ကြပြီး ဝန်ကြီးများက အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်ကို အသုံးပြု၍ ကုန်သွယ်ရေး ယှဉ်ပြိုင်မှုများ တိုးမြင့်လာစေရေး စီးပွားရေး လမ်းညွှန်စာအုပ်ကို စတင်မိတ်ဆက်ခြင်းအပေါ် ကြိုဆိုခဲ့သည်။

(၁၁) ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေးကို ဒေသစံတော်ချိန် ၁၆:၀၀ နာရီတွင် ကျင်းပခဲ့ရာ အစည်းအဝေးတွင် အာဆီယံ-ကနေဒါ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးတွဲ ကြေညာချက်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူ စာချုပ် စေ့စပ်ညှိနှိုင်းမှုနှင့် စပ်လျဉ်းသည့် ဖြစ်ပေါ် တိုးတက်မှုအစီရင်ခံစာတို့အပေါ် ဆွေးနွေးခဲ့သည်။

ပထမအကြိမ် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးများအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ အစည်းအဝေးတွင် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူ စာချုပ်အကောင်အထည်ဖော်ခြင်းနှင့်အသုံးပြုခြင်းတို့မှ ရရှိသည့် အတွေ့အကြုံများကိုအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ပူးတွဲကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု၊ ပူးတွဲကော်မတီ၏ လုပ်ငန်းအဖွဲ့ခွဲများ တည်ထောင်မှုနှင့် အတွင်းရေးမှူးချုပ်ရုံးတည်ထောင်ရေးတို့နှင့်စပ်လျဉ်း၍ဆွေးနွေးခဲ့သည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ နံနက် ၉:၀၀ နာရီတွင် (၂၈) ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများအစည်းအဝေးကိုကျင်းပခဲ့ပါသည်။အစည်းအဝေးတွင် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ပထမအခြေပြစာချုပ် အသက်ဝင်ခြင်းကို ကြိုဆိုခဲ့ပြီး အာဆီယံ-ဂျပန် မဟာဗျူဟာမြောက် ၁၀ နှစ်တာ လမ်းပြမြေပုံ၏ အကောင်အထည်ဖော်မှုနှင့် ၂၀၂၃ ခုနှစ်အတွက် အာဆီယံ-ဂျပန် နှစ်(၅၀) ပြည့် အထိမ်းအမှတ် အနေဖြင့် ဆောင်ရွက်မည့် အာဆီယံ-ဂျပန် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဆိုပြုချက်အပေါ် ဆွေးနွေးခဲ့ကြသည်။

(၁၈) ကြိမ်မြောက် အာဆီယံ-အီးယူ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ဒေသစံတော်ချိန် နံနက် ၁၀:၄၅ နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် ဝန်ကြီးများက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအစီအစဉ် (၂၀၂၂-၂၀၂၃) ကို အတည်ပြုခဲ့ပါသည်။ ထို့ပြင် အာဆီယံ-အီးယူ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်ချုပ်ဆိုမည့် ရည်မှန်းချက်ကို ကာလရှည် ရည်မှန်းချက်အဖြစ် သတ်မှတ်ပြီး ကာလတို ကာလလတ်တွင် ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် အခြားအစီအစဉ် များဖြင့် ဆောင်ရွက်ရေးတို့အပေါ် ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် အာဆီယံနှင့် အမေရိကန်စီးပွားရေးဝန်ကြီးများ၏ အစည်းအဝေးကို ဒေသ စံတော်ချိန်၁၅:၄၅ နာရီတွင် ကျင်းပခဲ့ရာ အစည်းအဝေးတွင် အာဆီယံ-အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင်အစီအစဉ်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ ၂၀၂၁-၂၀၂၂ လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်မှု အခြေအနေကို ဆွေးနွေးခဲ့ကြပြီး ၂၀၂၂-၂၀၂၃ လုပ်ငန်းအစီအစဉ်ကို ဝန်ကြီးများက အတည်ပြုခဲ့သည်။

ထို့နောက် (၂၇)ကြိမ်မြောက် အာဆီယံ-သြစတြေးလျှ၊ နယူးဇီလန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ဒေသစံတော်ချိန် ၁၇:၃၀ နာရီတွင် ကျင်းပခဲ့ရာ ဝန်ကြီးများက အာဆီယံ-သြစတြေးလျှ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူ စာချုပ်ကို အဆင့်မြှင့်တင်မည့် ဒုတိယအခြေပြစာချုပ် ညှိနှိုင်းမှုအခြေအနေနှင့် အာဆီယံ - သြစတြေးလျှ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အထောက်အပံ့ပြုရေး အစီအစဉ်အရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးများတွင် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံက အခြားအာဆီယံ နိုင်ငံများနည်းတူ ပါဝင်ဆောင်ရွက်မှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ၊ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ကပ်ရောဂါ ထိန်းချုပ်ရေးနှင့်စီးပွားရေး ပြန်လည်ဦးမော့လာစေရေး ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။ ယခုအစည်းအဝေးများသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက် အာဆီယံနှင့် ဆွေးနွေးဖက် နိုင်ငံများအကြား စီးပွားရေးဝန်ကြီးများ၏ ပထမဆုံး အကြိမ်မျက်နှာစုံညီ ကျင်းပသည့် အစည်းအဝေးများ ဖြစ်သည်။

အဆိုပါ အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးများသို့ ပါဝင်တက်ရောက်ပြီး နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ ညနေပိုင်းတွင် လည်းကောင်း၊ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၂၀ ရက်နေ့ ညနေပိုင်းတွင် လည်းကောင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

## (၅၄)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်း အဝေးနှင့် ဆက်စပ်အစည်းအဝေးများ စတင်ကျင်းပ

ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိုမြို့တွင် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှ ၁၄ ရက် နေ့အထိ ကျင်းပသည့်(၅၄)ကြိမ်မြောက်အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံ၏အာဆီယံ စီးပွားရေးဝန်ကြီးဖြစ်သူရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးဒေါက်တာကံဇော် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကိုဒေသစံတော်ချိန် နံနက်စနာရီတွင် ကျင်းပခဲ့ရာ ကမ္ဘောဒီးယားဝန်ကြီးချုပ် H.E. Samdech Akka Moha Sena Padei Techo HUN SENကတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး H.E. Pan Sorasak က နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် ဖွင့်ပွဲ အခမ်းအနား မစတင်မီ ကမ္ဘောဒီးယားဝန်ကြီးချုပ်က အာဆီယံစီးပွားရေးဝန်ကြီးများအား တွေ့ဆုံသည့် အခမ်းအနားသို့လည်း တက်ရောက်ခဲ့ သည်။

ထို့နောက် (၅၄) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို ဆက်လက်ကျင်းပခဲ့ရာ (၃၆) ကြိမ်မြောက် လွတ်လပ်သောကုန်သွယ်မှုဒေသကောင်စီ အစည်းအဝေးကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စတင်ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးပြီး၊ ဒေသတွင်းကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး ပိုမိုချဲ့ထွင်နိုင်ရန်အတွက် အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ရေး အတွက် ကြိုတင်ပြင်ဆင်ရန် ကိစ္စရပ်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့အပြင် အဖွဲ့ဝင်နိုင်ငံများ အကြား အာဆီယံပြတင်းတစ်ပေါက်စနစ်ကို ပြည့်ပြည့်ဝဝအသုံးချ၍ အီလက်ထရောနစ်စနစ်ဖြင့် အကောက်ခွန်သက်သာခွင့် လျှောက်ထားသည့် ပင်ရင်း သက်သေခံလက်မှတ်များ လဲလှယ်ရေးကိစ္စများအပေါ် ဝန်ကြီးများက တိုက်တွန်း မှာကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုအခြေအနေ၊နိုင်ငံအဆင့် အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူများ အစီအစဉ် ဆောင်ရွက်နေမှုနှင့် အကောက်ခွန်ပေါင်းစည်းမှုဆိုင်ရာ ဆောင်

ရွက်လျက်ရှိသည့် လုပ်ငန်းများကို ပါဝင်ဆွေးနွေးခဲ့သည်။

ဆက်လက်၍(၂၅)ကြိမ်မြောက် ရင်းနှီးမြှုပ်နှံမှုဒေသ ကောင်စီအစည်းအဝေးကို ကျင်းပခဲ့ရာ ဝန်ကြီးများက အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် အကောင်အထည်ဖော်မှု ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး၊ အာဆီယံရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာ (၂၀၂၂) ထုတ်ဝေမှုအပေါ် ကြိုဆိုခဲ့သည်။ ထို့အပြင် အဆင့်မြင့် စီးပွားရေးအရာရှိများက ဝန်ကြီးများထံ တင်ပြသည့် အစီရင်ခံစာနှင့် ၂၀၂၂ ခုနှစ် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲကာလတွင်း ပြုလုပ်မည့် အာဆီယံ ရင်းနှီးမြှုပ်နှံမှုခရီးစဉ်အတွက် ကြိုတင် ပြင်ဆင်မှုများအပေါ် မှတ်တမ်းတင်ခဲ့ကြပြီး အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကဲဖြတ်သုံးသပ်မှု အစီရင်ခံစာ (၂၀၂၂) (ASEAN Investment Peer Review Report 2022)ကို အတည်ပြုခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုများ ဖြေလျော့ပေးရန် ပြင်ဆင်ဆောင်ရွက်မှုများနှင့် ကပ်ရောဂါ အလွန် ဒေသတွင်းအလားအလာရှိသည့်ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်

နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် စီးပွားရေးဝန်ကြီးများနှင့် အာဆီယံ စီးပွားရေး အကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေးဝန်ကြီးများနှင့်အတူအာဆီယံအဖွဲ့ဝင် နိုင်ငံများမှ စီးပွားရေး အကြံပေးကောင်စီအဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေး အကြံပေးကောင်စီက ၂၀၂၂ ခုနှစ်အတွင်း ပုဂ္ဂလိက ကဏ္ဍက အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ရာ ဝန်ကြီးများက အနာဂတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် ပုဂ္ဂလိက အခန်းကဏ္ဍက ပိုမိုပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို လမ်းညွှန်ခဲ့သည်။ ထို့နောက် ညနေပိုင်းတွင် (၅၄) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ ဝန်ကြီးများက ကမ္ဘောဒီးယားနိုင်ငံ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူနေသည့် ၂၀၂၂ ခုနှစ် အတွင်း ပြီးစီးအောင်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာဦးစားပေး လုပ်ငန်းများ၏ အကောင်အထည်ဖော်မှုအခြေအနေများကို မှတ်တမ်းတင်ခဲ့သည်။ ထို့နောက် ဝန်ကြီးများက ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် ကုန်သေတ္တာများ သုံးစွဲရာ၌ စီမံခန့်ခွဲမှုတိုးတက်စေရေး လေ့လာမှု၏ရလဒ်များအပေါ် မူဝါဒဆိုင်ရာ အကြံပြု ချက်များနှင့် လမ်းညွှန်ချက်များ ပေးခဲ့ပါသည်။ ထို့အပြင် ဝန်ကြီးများက ယှဉ်ပြိုင်မှုဆိုင်ရာ အာဆီယံမူဘောင် သဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများ စတင်ကြောင်း ကြေညာခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဆိုင်ရာဦးစားပေး လုပ်ငန်းများ အကောင်အထည်ဖော်မှုအပေါ် မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်မှုများကို ပါဝင်ဆွေးနွေးခဲ့သည်။

၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့ ညပိုင်းတွင်လည်း အာဆီယံစီးပွားရေးဝန်ကြီးများ၏ အလုပ်သဘောညစာစားပွဲကို ကျင်းပခဲ့ပြီး၊ နိုင်ငံအလိုက် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် အာဆီယံဘက်စုံပြန်လည် ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးများတွင် ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီး H.E. Pan Sorasak ၊ ဝန်ကြီးချုပ်ရုံးတွဲဖက်ဝန်ကြီးနှင့် ဖွံ့ဖြိုးမှုကောင်စီအတွင်းရေးမှူးချုပ် H.E. Sok Chenda Sophea ဝန်ကြီးချုပ်ရုံးတွဲဖက်ဝန်ကြီးနှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E Vongsey Vissoth တို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသ ကောင်စီဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေး အရာရှိများ၊ အာဆီယံစီးပွားရေး အကြံပေး ကောင်စီအဖွဲ့ဝင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့်တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာမျိုးညွှန့်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့သည်။

(၅၄) ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့အထိ ဆက်လက် ကျင်းပမည်ဖြစ်သည်။

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် သတ္တမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့မြို့၌ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် သတ္တမ အကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (7th Eastern Economic Forum) သို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့မြို့သို့ ရောက်ရှိနေစဉ် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့်အတူ သတ္တမအကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ်၏ အစီအစဉ်တစ်ခုဖြစ်သော ရုရှား-အာဆီယံ စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုအစီအစဉ် (Russia-ASEAN Business Dialogue) သို့ တက်ရောက်ခဲ့သည်။ အဆိုပါ ဆွေးနွေးမှုအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီးသည် ဆွေးနွေးပြောကြားသူအဖြစ်ဆောင်ရွက်၍ ရေရှည်တည်တံ့သော ပူးပေါင်းဆောင်ရွက်မှုပုံစံ ဖန်တီးနိုင်မည့်နည်းလမ်းများ၊ သိပ္ပံနည်းပညာ၊ တီထွင်ဖန်တီးမှုနှင့်စက်မှုပူးပေါင်းဆောင်ရွက်ရေးအတွက် အလားအလာများနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီစေရေးအတွက် အလေ့အကျင့်ကောင်းများနှင့်ကျွမ်းကျင်မှုများကို ပူးပေါင်းဖလှယ်နိုင်မည့် ထိရောက်သော ယန္တရားဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနနှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးတို့နှင့်အတူရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌဖြစ်သူ Mr. Ivan Polyakov နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ စားသုံးဆီထုတ်လုပ်မှုနှင့် လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများတွင် ရုရှားစီးပွားရေးလုပ်ငန်းရှင်များလာရောက် ရင်းနှီးမြှုပ်နှံရေးနှင့် နိုင်ငံတကာငွေပေးချေမှုကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေးသို့ ရုရှား-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ထို့ပြင် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Mr. Maksim Reshetnikov နှင့်တွေ့ဆုံ၍ ရုရှား-မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးနှင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့်

ကုန်သွယ်မှုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (Strategy for the Development of Russia-Myanmar Economic Cooperation) ကို ရုရှား-မြန်မာ အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင် ပူးတွဲဥက္ကဋ္ဌများဖြစ်သော ပြည်ထောင်စုဝန်ကြီးနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးတို့က လက်မှတ်ရေးထိုးခဲ့သည်။ မဟာဗျူဟာတွင် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် အလားအလာရှိသော နယ်ပယ်များနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရာ တွင် အဓိကထားဆောင်ရွက်မည့် ဦးစားပေး ကဏ္ဍများ ပါဝင်သည်။

## စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်များ ဖန်တီးပေးရေးအတွက် CMP လုပ်ငန်းရင်းနှီးမြှုပ်နှံသူများနှင့်တွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်သည် စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်များ ဖန်တီးပေးရေး CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရှိဖြစ်ပေါ်နေသည့် အခက်အခဲများအား ကူညီဖြေရှင်းပေးနိုင်ရေးတို့အတွက် CMP လုပ်ငန်း ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံပွဲအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ နံနက် (၀၉း၃၀) အချိန်မှ (၁၂:၁၅) အချိန်ထိ ရန်ကုန်မြို့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ၊ အတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ခေတ္တညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းမှ ကိုယ်စားလှယ်များနှင့် နိုင်ငံခြားသား CMPလုပ်ငန်းရင်းနှီး မြှုပ်နှံသူများ တက်ရောက်ကြပါသည်။

ရှေးဦးစွာရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က အဖွင့်အမှာစကား ပြောကြားရာ၌CMP ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းများ လွယ်ကူချောမွေ့စွာ လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည့်ကိစ္စရပ်များ၊ CMPစီးပွားရေးလုပ်ငန်းစု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက တို့အကြား ပူးပေါင်းဆောင်ရွက်မှု မြင့်တင်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ပြောကြားခဲ့ပြီး တက်ရောက်လာ သူများနှင့်အပြန်အလှန် ရင်းနှီးပွင့်လင်း စွာ ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးမှုများအပေါ် တက်ရောက်လာကြသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ပေါင်းစပ်ညှိနှိုင်းဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရှိရပါသည်။

## အာဆီယံ-ဩစတြေးလျ ၊နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူ စာချုပ် အဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ အာဆီယံ စီးပွားရေးဝန်ကြီးများ၏အထူးအစည်းအဝေးကျင်းပ

အာဆီယံ-ဩစတြေးလျ၊နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ အာဆီယံစီးပွားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးကို ၂၀၂၂ ခု နှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးဒေါက်တာဝါဝါမောင် ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးH.E PanSorasak က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး အာဆီယံစီးပွားရေးဝန်ကြီးများနှင့်ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် ညှိနှိုင်းရေးမှူးဖြစ်သူဘရူနိုင်းနိုင်ငံ၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာန၊ ဝန်ကြီးချုပ်ရုံးနှင့်ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah က အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်း ညှိနှိုင်းမှုများနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် ညှိနှိုင်းမှုများအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် အပြီးသတ်နိုင်ရေးအတွက် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို အစည်းအဝေးသို့ တင်ပြခဲ့သည်။ သဘောတူစာချုပ် အဆင့်မြှင့်တင်ရေး ညှိနှိုင်းမှုများတွင် ဆွေးနွေးရန်ကျန်ရှိသည့်ကိစ္စရပ်များအပေါ် ဝန်ကြီးများက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး သက်ဆိုင်ရာ ကော်မတီများမှ ရှေ့ဆက်ဆွေးနွေးနိုင်ရေးအတွက် မူဝါဒဆိုင်ရာ လမ်းညွှန်မှုပေးခဲ့သည်။ ထို့ပြင် စေ့စပ်ညှိနှိုင်းမှုများတွင် ညှိနှိုင်းရေးမှူးများ လိုက်နာရမည့် စည်းမျဉ်းများကို ဝန်ကြီးများ က အတည် ပြုခဲ့ကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့်အတူ ဘာသာရပ်ဆိုင်ရာ ဌာနများဖြစ်သည့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

## အာဆီယံ- ကနေဒါ၊ အာဆီယံ-ဟောင်ကောင် (တရုတ်) အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးများ ကျင်းပ

(၁၆)ကြိမ်မြောက်အာဆီယံ-ကနေဒါ အဆင့်မြင့်စီးပွားရေး အရာရှိများ အစည်းအဝေးနှင့်(၁၀) ကြိမ်မြောက် အာဆီယံ-ဟောင်ကောင်(တရုတ်) အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးတို့ကို ၂၀၂၂ ခုနှစ်၊ သြဂုတ်လ ၇ ရက်နေ့ တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိုမြို့၌ ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ် ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ ဝါဝါမောင် ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးများသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၊ ကနေဒါနှင့် ဟောင်ကောင် (တရုတ်)တို့မှ အဆင့်မြင့်စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(၁၆) ကြိမ်မြောက် အာဆီယံ-ကနေဒါ အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးတွင် အာဆီယံ-ကနေဒါ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးတွဲကြေညာချက်ကို အကောင်အထည် ဖော်မည့် လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မှတ်တမ်း တင်ခဲ့သည်။ ထို့အပြင် ၂၀၂၂ ခုနှစ်၊ သြဂုတ်လ တွင် ကျင်းပရန်လျာထားသည့် ပထမအကြိမ်မြောက် ကုန်သွယ်မှု ညှိနှိုင်းရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများအတွက် ပြင်ဆင်ထားမှု အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ၂၀၂၂ခုနှစ်၊ စက်တင် ဘာလတွင် ကျင်းပရန်လျာထားသည့် (၁၁) ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တင်ပြမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် (၁၀) ကြိမ်မြောက် အာဆီယံ–ဟောင်ကောင်(တရုတ်) အဆင့်မြင့်စီးပွားရေး အရာရှိများ အစည်းအဝေးကို ကျင်းပခဲ့ရာ အာဆီယံ-ဟောင်ကောင်(တရုတ်)လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်နှင့် အာဆီယံ-ဟောင်ကောင်(တရုတ်) ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် အကောင်အထည်ဖော်မှု အခြေအနေ၊စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနှင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပမည့် (၆) ကြိမ်မြောက် အာဆီယံ-ဟောင်ကောင် (တရုတ်) စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တင်ပြမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင်အမြဲတမ်းအတွင်းဝန်က အာဆီယံ-ဟောင်ကောင်(တရုတ်)စီးပွားရေးနှင့်နည်းပညာပူးပေါင်း

ဆောင်ရွက်မှုလုပ်ငန်းအစီအစဉ် အောက်တွင် ဆောင်ရွက်လျက်ရှိသည့် စီမံချက်များအတွက် ဟောင်ကောင် (တရုတ်)၏ ပံ့ပိုးကူညီမှုကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏ အကောက်ခွန်လျှော့ချမှု ဇယားကို စည်းဝါးညီစနစ် ၂၀၂၂ သို့ ကူးပြောင်းချိတ်ဆက်ပြီးစီးမှု အခြေအနေ နှင့် “Hong Kong (China) – CLMV online investment forum” စီမံချက်အား မိမိတို့နိုင်ငံမှ အကောင်အထည်ဖော် မှု အခြေအနေ တို့ကို ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ အမြဲတမ်းအတွင်းဝန်နှင့်အတူ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ အဆင့်မြင့် အရာရှိများလည်း တက်ရောက်ခဲ့ကြသည်။

## အာဆီယံ- အမေရိကန်၊ အာဆီယံ-ရုရှား၊ အာဆီယံ-ယူကေ အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးနှင့် အရှေ့အာရှ အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးကျင်းပ

ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိုမြို့၌(၃၆) ကြိမ်မြောက် အာဆီယံ-အမေရိကန် အဆင့်မြင့် စီးပွားရေးအရာရှိများ အစည်းအဝေး၊ (၁၄) ကြိမ်မြောက် အာဆီယံ-ရုရှား အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေး၊(၁၁)ကြိမ်ကြိမ်မြောက်အရှေ့အာရှအဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးနှင့် တတိယအကြိမ်မြောက် အာဆီယံ-ယူကေ အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေး တို့ကို ၂၀၂၂ ခုနှစ်၊ သြဂုတ်လ ၆ ရက်နေ့တွင် ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဝါဝါမောင် ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ သြစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်၊ ရုရှား ၊အမေရိကန်၊ ယူကေနိုင်ငံတို့မှ အဆင့်မြင့်စီးပွားရေး အရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးများတွင် ကမ္ဘောဒီးယားနိုင်ငံ၊ နိုင်ငံတကာ ကုန်သွယ်ရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. Rath Saravuthနှင့်သက်ဆိုင်ရာ ဆွေးနွေးဖက်နိုင်ငံများ၏ အဆင့်မြင့်စီးပွားရေးအရာရှိများက ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

(၃၆)ကြိမ်မြောက် အာဆီယံ-အမေရိကန် အဆင့်မြင့် စီးပွားရေးအရာရှိများ အစည်းအဝေးကို နံနက် ၈:၃၀ နာရီတွင် စတင်ကျင်းပခဲ့ရာ အာဆီယံ-အမေရိကန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဘောင် အစီအစဉ်(TIFA) နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (E3) လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၂) အကောင်အထည်ဖော်မှု၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို မှတ်တမ်းတင်ခဲ့ပြီး လုပ်ငန်းအစီအစဉ် (၂၀၂၂-၂၀၂၃) တွင် ထည့်သွင်းထားသည့် နယ်ပယ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ ထို့အပြင် U.S.-ASEAN Connect နှင့် Inclusive Growth in ASEAN through Innovation, Trade, and E-Commerce (IGNITE)တို့အောက်မှဆောင်ရွက်မှု အစီအစဉ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

(၁၄) ကြိမ်မြောက် အာဆီယံ-ရုရှား အဆင့်မြင့် စီးပွားရေးအရာရှိများ အစည်းအဝေးတွင်အာဆီယံ-ရုရှား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅)နှင့်အာဆီယံနှင့် ယူရေးရှား စီးပွားရေးကော်မရှင် (EEC)တို့အကြား ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်း အစီအစဉ် (PoC) ၂၀၂၀-၂၀၂၅ တို့၏ အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ အပေါ် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် (၁၁) ကြိမ်မြောက် အရှေ့အာရှ အဆင့်မြင့်စီးပွားရေး အရာရှိများ အစည်းအဝေးကို ကျင်းပခဲ့ရာ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများနှင့် ကိုဗစ် -၁၉ ကာလအလွန် ဒေသတွင်းနှင့် နိုင်ငံတကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ၊ ကမ္ဘာ့စီးပွားရေးတွင် ငွေကြေးဖောင်းပွမှုမြင့်တက်လာခြင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စွမ်းအင်ဖူလုံမှုကို ထိခိုက်စေမှုများကို လျှော့ချရန်လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် “ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်းမှ တစ်ဆင့် ပေါင်းစည်းမှု၊ တီထွင်ဆန်းသစ်မှု၊ အားလုံးပါဝင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ကိုဗစ်ကာလ အလွန် အရှေ့အာရှဒေသ” ခေါင်းစဉ်ဖြင့် အာဆီယံနှင့် အရှေ့အာရှဆိုင်ရာ စီးပွားရေးသုတေသနအဖွဲ့(ERIA) က ပြုစုတင်သွင်းသည့် စာတမ်းအပေါ် မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် တတိယအကြိမ်မြောက် အာဆီယံ-ယူကေ အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ရာ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် အတွင်းဆောင်ရွက်ခဲ့သည့် အာဆီယံ-ယူကေ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအပေါ် မှတ်တမ်း တင်ခဲ့ပြီး ယူကေနိုင်ငံ၏ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်လို

သည့် အစီအစဉ်များအပေါ်ဆွေးနွေးခဲ့သည်။ အစည်းအဝေးတွင် အာဆီယံနှင့်ယူကေတို့အကြားအနာဂတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်မည့် လုပ်ငန်း အစီအစဉ်ကို အတည်ပြုခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့်အတူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ အဆင့်မြင့်အရာရှိများလည်း တက်ရောက်ခဲ့ကြသည်။

## (၃၉) ကြိမ်မြောက် အာဆီယံ-အပေါင်းသုံး အဆင့်မြင့် စီးပွားရေးအရာရှိများ အစည်းအဝေး ကျင်းပ

(၃၉)ကြိမ်မြောက်အာဆီယံ-အပေါင်းသုံး အဆင့်မြင့် စီးပွားရေးအရာရှိများ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိုမြို့၌ ၂၀၂၂ ခုနှစ်၊ သြဂုတ်လ ၅ ရက်နေ့ နေ့လယ် ၁၂:၀၀ နာရီတွင် အလုပ်သဘော နေ့လယ်စာ စားပွဲဖြင့် ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဒေါက်တာဝါဝါမောင် ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ Mr.Rath Saravuthr ၊ တရုတ်နိုင်ငံ၊စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yu Xiang ၊ ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Nobuo Kiriyama နှင့် ကိုရီးယားသမ္မတနိုင်ငံ၊ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr.Kim Jong Hul တို့က ပူးတွဲ သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံ အဆင့်မြင့် စီးပွားရေးအရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အရှေ့အာရှစီးပွားရေးကောင်စီ (E A B C )က ဆောင်ရွက်နေသည့် လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအလွန်တွင် အရှေ့အာရှ၌ ပိုမိုအားကောင်း၍ ပေါင်းစည်းမှုရှိသော ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှုရှိစေရေးအတွက် အဓိက အကြံပြုချက်များကို တင်ပြခဲ့ သည်။ အစည်းအဝေးက အရှေ့အာရှ စီးပွားရေးကောင်စီ၏ တင်ပြချက်များ အပေါ် ကြိုဆိုခဲ့သည်။

မြန်မာနိုင်ငံ၏ အာဆီယံ အဆင့်မြင့်စီးပွားရေး အရာရှိဖြစ်သူ ဒေါက်တာဝါဝါမောင်က ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စီးပွားရေး အကြံပေး ကောင်စီ (RCEP Business Advisory Council – RBAC) ကို ၂၀၂၂ ခုနှစ်၊ ဧနှစ်လ ၂၆ ရက်နေ့တွင် တည်ထောင် နိုင်ခဲ့သည့်အတွက် အရှေ့အာရှစီးပွားရေး ကောင်စီအား ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် RCEP သဘောတူစာချုပ်၏ အကျိုးကျေးဇူးများကို အရှေ့အာရှဒေသရှိ ပုဂ္ဂလိကကဏ္ဍ များမှ ခံစားနိုင်ရေး အတွက် မြန်မာနိုင်ငံနှင့် အသက်ဝင်ရန် ကျန်ရှိနေသော နိုင်ငံများအား အသက်ဝင်ရေး ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။

အစည်းအဝေးတွင် အာဆီယံအပေါင်းသုံး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၂) အကောင်အထည်ဖော်မှု၏ တိုးတက်မှု အခြေအနေကို မှတ်တမ်းတင်ခဲ့ပြီး လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၄) ကို အတည်ပြုခဲ့သည်။ထို့ပြင် ကိုဗစ်-၁၉ကူးစက်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများ လျော့နည်းစေရေး အာဆီယံ အပေါင်းသုံး လုပ်ငန်းစီမံချက်၏ ဖြစ်ပေါ်တိုးတက်မှုများကို မှတ်တမ်းတင်ခဲ့ပြီး (၂၅)ကြိမ်မြောက်အာဆီယံအပေါင်းသုံး စီးပွားရေးဝန်ကြီးများအစည်းအဝေးအတွက် ဦးစားပေး အစီအစဉ်များအပေါ် ဆွေးနွေးခဲ့ကြ သည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်နှင့် အတူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ အဆင့်မြင့်အရာရှိများ ပါဝင်တက်ရောက်ခဲ့သည်။

## အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်၊ အာဆီယံ-တရုတ်၊ အာဆီယံ-ကိုရီးယား၊ အာဆီယံ-ဂျပန် အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးများ ကျင်းပ

ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိုမြို့၌ (၄၁) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊နယူးဇီလန် အဆင့်မြင့်စီးပွားရေး အရာရှိများ အစည်းအဝေး၊ (၄၂) ကြိမ်မြောက် အာဆီယံ-တရုတ် အဆင့်မြင့် စီးပွားရေးအရာရှိများ အစည်းအဝေး၊ (၃၇) ကြိမ်မြောက် အာဆီယံ-ကိုရီးယား အဆင့်မြင့် စီးပွားရေး အရာရှိများ အစည်းအဝေး နှင့် အာဆီယံ-ဂျပန် အဆင့်မြင့်စီးပွားရေး အရာရှိများ၏ (၂/၂၇) ကြိမ်မြောက် အစည်းအဝေး တို့ကို ၂၀၂၂ ခုနှစ်၊ သြဂုတ်လ ၅ ရက်နေ့ တွင် ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဝါဝါမောင် ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဩစတြေးလျ၊ နယူးဇီလန်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား နိုင်ငံတို့မှ အဆင့်မြင့် စီးပွားရေးအရာရှိများနှင့် ကိုယ်စား လှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ အရာရှိများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးများတွင် ကမ္ဘော ဒီးယားနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံတကာကုန်သွယ်ရေးဌာန၊ ညွှန်ကြား ရေးမှူးချုပ် Mr. Rath Saravuth နှင့် သက်ဆိုင်ရာ ဆွေးနွေးဖက်နိုင်ငံများ၏ အဆင့်မြင့် စီးပွားရေး အရာရှိ များက ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။

ပထမဦးစွာ (၄၁) ကြိမ်မြောက်အာဆီယံ-ဩစတြေး လျ၊ နယူးဇီလန် အဆင့်မြင့်စီးပွားရေး အရာရှိများ အစည်းအဝေးကို ဒေသစံတော်ချိန် နံနက် ၉:၀၀ နာရီ တွင် စတင်ကျင်းပခဲ့ရာ အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင် ခြင်းဆိုင်ရာ သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်း ညှိနှိုင်းမှုများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ အာဆီယံ -ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှု ဒေသ အကောင်အထည်ဖော်ရေး အထောက်အကူပြု အစီအစဉ်၏ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သဘောတူစာချုပ်သို့ ချီလီနိုင်ငံ ဝင်ရောက်နိုင်ရေးနှင့် (၂၇) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးအတွက် ကြိုတင် ပြင်ဆင်ရေးကိစ္စရပ်တို့အပေါ် ဆွေးနွေးခဲ့ သည်။

ဆက်လက်၍ (၄၂) ကြိမ်မြောက် အာဆီယံ-တရုတ် အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးကို ကျင်းပ ခဲ့ရာ အစည်းအဝေးတွင် အာဆီယံ-တရုတ် လွတ်လပ် သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှု၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက် သည့် ပူးတွဲလေ့လာ ဆန်းစစ်ချက်ကို အပြီးသတ်နိုင်ရေး ကိစ္စ၊ အာဆီယံ-တရုတ် ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေးအတွက် ဆောင်ရွက် သည့် လုပ်ငန်းအစီအစဉ်နှင့် စက်တင်ဘာလတွင် ကျင်းပ မည့် (၂၁) ကြိမ်မြောက် အာဆီယံ-တရုတ် စီးပွားရေး ဝန်ကြီးများ အစည်းအဝေးသို့ တင်ပြမည့် အကြောင်းအရာ များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် (၃၇) ကြိမ်မြောက် အာဆီယံ-ကိုရီးယား အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေး ကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှု၊ အာဆီယံ-ကိုရီးယား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ-ကိုရီးယား စက်မှုတီထွင် ဆန်းသစ်မှုစင်တာ တည်ထောင်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ လက်မှတ် ရေးထိုးနိုင်ရေးကိစ္စနှင့် စက်တင် ဘာလတွင်ကျင်းပမည့် (၁၉) ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တင်ပြမည့် အကြောင်းအရာများအပေါ်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အာဆီယံ-ဂျပန် အဆင့်မြင့်စီးပွားရေး အရာရှိများ၏ (၂/၂၇) ကြိမ်မြောက် အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ရာ အာဆီယံ-ဂျပန် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအောက်ရှိ အာဆီယံ-ဂျပန် စီးပွားရေး

ကြံ့ကြံ့ခံနိုင်မှု လုပ်ငန်းအစီအစဉ် (ASEAN–Japan Economic Resilience Action Plan)နှင့် အာဆီယံ-ဂျပန် မဟာဗျူဟာမြောက်ဝဝနှစ်တာလမ်းပြမြေပုံ၏ အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်မည့် Work Plan toward Creating "Future Design and Action Plan of a New ASEAN–Japan Economic Relationship" တို့အပေါ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် အေမက် အတွင်းရေးမှူးရုံး၏ အသစ် ပြင်ဆင်ထားသော လုပ်ငန်းညွှန်းတမ်းအပေါ် အတည်ပြုခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့်အတူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ အဆင့်မြင့် အရာရှိများ လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

## အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၏ (၃/၅၃) ကြိမ်မြောက် အစည်းအဝေးများ

ကမ္ဘောဒီးယားနိုင်ငံ၊ဆီရမ်ရိုမြို့၌ အာဆီယံအဆင့်မြင့် စီးပွားရေး အရာရှိများ၏ (၃/၅၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ သြဂုတ်လ ၁ ရက်နေ့မှ ၂ ရက်နေ့အထိ ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်၊ အာဆီယံ အဆင့်မြင့် စီးပွားရေးအရာရှိ ဒေါက်တာ ဝါဝါမောင် ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတကာကုန်သွယ်ရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr.Rath Saravuth က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ အာဆီယံ အဆင့်မြင့် စီးပွားရေး အရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၂ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စဉ် ဦးစားပေးဆောင်ရွက်မည့် စီးပွားရေး ဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြီးစီးမှုအခြေအနေ၊ စီးပွားရေးအရာရှိများက အာဆီယံအဆင့် မြင့် စီးပွားရေးအရာရှိများထံ တင်ပြသည့် အစီရင်ခံစာ၊ အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ရေး အတွက်ညှိနှိုင်းမှုများ၏ တိုးတက်မှုအခြေအနေ၊ အာဆီယံ ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် အောက်ရှိ အကောက်ခွန်လျှော့ချမှုဇယားနှင့် သီးသန့် စည်းမျဉ်း ကျင့်သုံးသည့် ကုန်စည်များကို အကောက်ခွန်စည်းဝါးညီစနစ် ၂၀၂၂ သို့ ချိတ်ဆက်ကူးပြောင်းမှု အခြေအနေ၊ ဘန်ဒါဆရီဘီဂါဝမ် ပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ အပေါ် မှတ်တမ်းတင်ခဲ့ပြီးဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များ အပေါ်ဆွေးနွေးခဲ့ပါသည်။ အစည်းအဝေးတွင် ယှဉ်ပြိုင်မှုဆိုင်ရာ အာဆီယံမူဘောင် သဘောတူစာချုပ် (AFAC) ညှိနှိုင်းမှုများအတွက် လမ်းညွှန်ချက်ကို အတည်ပြုခဲ့ပါသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ကပ်ရောဂါကို တုံ့ပြန်သည့်အနေဖြင့်အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ထုတ်လုပ်မှု ကွင်းဆက်များ ပိုမိုခိုင်မာစေရေးတို့ အတွက်ဟန်ချိန်ရှေ့လုပ်ငန်းစဉ်အောက်ရှိ အရေးကြီးကုန်စည်များအပေါ် အကောက်ခွန် မဟုတ်သော စီမံဆောင်ရွက်မှုများ ဖယ်ရှားရေးဆိုင်ရာ နားလည်မှု စာချွန်လွှာတွင်ကုန်စည်များ တတိယအသုတ်ထပ်မံ ထည့် သွင်းရေး၊လူပုဂ္ဂိုလ်များ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာအာဆီယံ သဘောတူစာချုပ်၊ အာဆီယံစီးပွားရေးသဘောတူစာချုပ်များလက်မှတ်ရေးထိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် အဆိုပါ သဘောတူစာချုပ်များ အသက်ဝင်မှုနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ၊ အာဆီယံသို့ တီမောလက်စ်တေနိုင်ငံ ဝင်ရောက်ရန်စီးပွားရေးအသိုက်အဝန်း၏ လေ့လာတွေ့ရှိချက်တို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။ ထ

ထို့ပြင် အာဆီယံအဆင့်မြင့် စီးပွားရေး အရာရှိများသည် ၂၀၂၂ခုနှစ်၊ သြဂုတ်လ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပမည့် အာဆီယံ-သြစတြေးလျှ၊ နယူးဇီလန် လွတ်လပ် သောကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ အစည်းအဝေးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ အစည်းအဝေးများအတွက်လည်းအကြိုညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့သည်။အစည်းအဝေးတွင်(၅၄) ကြိမ်မြောက် အာဆီယံ စီးပွားရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်မှုများ၊ ၂၀၂၃ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံက အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်မည့် အချိန်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာဆီယံ စီးပွားရေး အသိုက်အဝန်းဆိုင်ရာ အစည်းအဝေးများ၊

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေး ဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်နှင့် အတူ နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင် တက်ရောက်ခဲ့ပါသည်။

## (၁၈) ကြိမ်မြောက် အာဆီယံ-သြစတြေးလျှ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ အစည်းအဝေးကျင်းပ

(၁၈) ကြိမ်မြောက် အာဆီယံ-သြစတြေးလျှ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲ ကော်မတီ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိမြို့၌ ၂၀၂၂ ခုနှစ်၊သြဂုတ်လ ၃ ရက်နေ့မှ ၄ရက်နေ့အထိ ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဒေါက်တာဝါဝါမောင် ပါဝင် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံ၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာနမှ Mr. Yusdiman Saman ၊ သြစတြေးလျှနိုင်ငံ၊ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဌာနမှ Ms. Juliana Nam နှင့် နယူးဇီလန်နိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ Mr.Keawe Wood more တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပူးတွဲကော်မတီ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်း ရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ သည်။

အစည်းအဝေးတွင် ပူးတွဲကော်မတီ ခေါင်းဆောင်များက အာဆီယံ-သြစတြေးလျှ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းအတွက် ပူးတွဲကော်မတီ အောက်ရှိ လုပ်ငန်းအဖွဲ့များ၏ ညှိနှိုင်း ဆွေးနွေးမှုရလဒ်များကို ကြိုဆိုခဲ့ပြီး လုပ်ငန်းအဖွဲ့များ၏ အစီရင်ခံမှုများ အပေါ် ဆွေးနွေးခဲ့သည်။ လုပ်ငန်းအဖွဲ့များက တင်ပြလာသည့် ညှိနှိုင်းရန် ကျန်ရှိနေသည့် ကိစ္စရပ်များအပေါ် လမ်းညွှန်မှုပေးခဲ့ကြသည်။

အစည်းအဝေးတွင် ပူးတွဲကော်မတီ၏ လုပ်ငန်းအစီအစဉ်၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေအပေါ် မှတ်တမ်းတင်ခဲ့ပြီး အာဆီယံ- သြစတြေးလျှ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်ရေး အထောက်အကူပြု အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်သွားနိုင်ရေးအတွက် ဆွေးနွေးခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကုန်သွယ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် (၉)ကြိမ်မြောက်အာဆီယံ-သြစတြေးလျှ၊ နယူးဇီလန် ပေါင်းစည်းရေးဖိုရမ်၏ ဆွေးနွေးမှုရလဒ်များအား မှတ်တမ်းတင်ခဲ့သည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်နှင့် အတူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ပါသည်။

## (၂၃) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ဗီယက်နမ်အဆင့်မြင့် စီးပွားရေး အရာရှိများ အစည်းအဝေး ကျင်းပ

၂၀၂၂ ခုနှစ်၊ဇူလိုင်လ ၃၁ရက်နေ့တွင် ကမ္ဘောဒီးယား နိုင်ငံ၊ ဆီရမ်ရိုမြို့၌ ကျင်းပသည့်(၂၃)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) အဆင့်မြင့် စီးပွားရေးအရာရှိများ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက် သွယ်ရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်၊စီအယ်လ်အမ်ဗွီ အဆင့်မြင့် စီးပွားရေးအရာရှိ ဒေါက်တာဝါဝါမောင် တက်ရောက်ခဲ့ သည်။

အစည်းအဝေးတွင် အလှည့်ကျ သဘာဝတိအဖြစ် ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ အာရှ-ပစိဖိတ် ဈေးကွက်ရှာဖွေရေးဌာန၊ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Nguyen Phuc Nam က ဆောင်ရွက်၍ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့် စီးပွားရေးအရာရှိ များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများလည်း တက်ရောက် ကြသည်။

အစည်းအဝေးတွင် အဆင့်မြင့် စီးပွားရေးအရာရှိ များက စီအယ်လ်အမ်ဗွီ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်အောက်မှ စီအယ်လ်အမ်ဗွီလုပ်ငန်း အစီအစဉ် (၂၀၂၁-၂၀၂၂)၏ အကောင်အထည်ဖော်မှု၊ စီအယ်လ်အမ်ဗွီလုပ်ငန်းအစီအစဉ် (၂၀၂၃ - ၂၀၂၄)တွင် ပါဝင်မည့် ဦးစားပေးကဏ္ဍများနှင့် စီမံချက်များ၊ အာဆီယံကနဦး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်း အစီအစဉ်-၄ (၂၀၂၁-၂၀၂၅)၏ အကောင်အထည်ဖော်မှု အခြေအနေ၊ စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်ကို အကောင်အထည်ဖော်မည့် လုပ်ငန်း အစီအစဉ် အပြီးသတ်ရေးဆွဲရေးနှင့် စက်တင်ဘာလတွင် ကျင်းပမည့်(၁၄)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းနိုင်ရေး၊ဝန်ကြီးများ အစည်းအဝေးတွင် ဆွေးနွေးမည့် ကိစ္စရပ်များအား ကြိုတင်ညှိနှိုင်း ခဲ့ကြသည်။

## ၂၀၂၂ ခုနှစ် ပထမ (၆) လပတ် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားခဲ့သည်များအား ထပ်ဆင့်မှာကြားရှင်းလင်းသည့် အစည်းအဝေးကျင်းပ

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့်ပြည်ထောင်စုဝန်ကြီးဌာနများ၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ (၆) လပတ်လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လမ်းညွှန်မှာကြားခဲ့သည်များအား ပြည်ထောင်စုဝန်ကြီးက ထပ်ဆင့်မှာကြားရှင်းလင်းခြင်းနှင့် လမ်းညွှန်ချက်များအပေါ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုကို ၂၀၂၂ ခုနှစ်၊ သြဂုတ်လ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁)၊ အစည်းအဝေး ခန်းမ၌ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်၍ ဆွေးနွေးမှာကြား

ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၏ ထပ်ဆင့်မှာကြားရှင်းလင်းမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဌာန အကြီးအကဲများက ဌာနအလိုက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြကြပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဝန်ကြီးဌာန၏ လုပ်ငန်းများ အကောင်အထည်ဖော်မှု အခြေအနေနှင့် စပ်လျဉ်းသည့် သုံးသပ်ချက်များကို လည်းကောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ (၆)လပတ် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များအပေါ် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်

အစီအစဉ်များအား ဆွေးနွေးပြောကြားခဲ့ပါသည်။

ညှိနှိုင်းဆွေးနွေးသည့် အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများမှ ညွှန်ကြားရေးမှူးများအပါအဝင် အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

MIFER

# DICA သတင်းများ

## ပြည်ထောင်စုဝန်ကြီး မန္တလေးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ ကြည့်ရှုစစ်ဆေး

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် မန္တလေးတိုင်းဒေသကြီး ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ ၂၀၂၂ ခုနှစ် ၊ သြဂုတ်လ ၆ ရက်နေ့တွင် သွားရောက်ကြည့်ရှု၍ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးခဲ့ပါသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးဒေါက်တာမင်းဇော်ဦးကလုပ်ငန်းဆောင်ရွက်မှုနှင့်တိုးတက်မှုအခြေအနေများကိုလည်းကောင်း၊ တွေ့ကြုံရသည့် အခက်အခဲများကို လည်းကောင်း ရှင်းလင်း တင်ပြခဲ့ပါသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရုံးလုပ်ငန်းများ စနစ်ကျမှုရှိစေရန်၊ ဝန်ဆောင်မှုများ ပေးရာတွင် စေတနာထား၍ ကြိုးပမ်းဆောင်ရွက်ရန် အလေးထားမှာကြားပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာရွက် စာတမ်းများ ထိန်းသိမ်းထားရှိမှု၊ ရုံးတွင်း/ရုံးပြင်သန့်ရှင်းသပ်ရပ်မှုနှင့်စာကြည့်တိုက်တွင်စာအုပ်များထားရှိမှုအခြေအနေတို့အား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပါ သည်။

## ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ကျင်းပ

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ(၃/၂၀၂၂) ကြိမ်မြောက်အစည်းအဝေးကို၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် လွှင်ကော်မြို့၊ကယားပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးတင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင်ဆန်စက်၊ပြောင်းအခြောက်ခံစက် လုပ်ငန်းဆောင်ရွက် လိုသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်မှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏တာဝန်ရှိသူများပါဝင်သောကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မန္တလေးတိုင်းဒေသ ကြီးအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် ဝန်ဆောင်မှုလုပ်ငန်း(၁)ခုအား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ၄ ရက်နေ့တွင် သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပပြုလုပ်

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၂) ကြိမ်မြောက်အစည်းအဝေးကို၂၀၂၂ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။အစည်းအဝေးသို့ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်းနှင့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ ကြပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုမှ တည်ဆောက်မှုကာလတိုးမြှင့်တင်ပြလာခြင်းအပေါ် ဆွေးနွေးအတည်ပြုပေးခဲ့ပါသည်။

ရှမ်းပြည်နယ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၂၂ ခု ရင်နှီးမြှုပ်နှံမှု ပမာဏအမေရိကန်ဒေါ်လာ၇ဒဋ.၂၁သန်းကို ခွင့်ပြုပေးထားပြီး စုစုပေါင်းမြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၈၁၁၊ ရင်နှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ ၅၂၇.၉ဒ သန်း အပါအဝင် ကျပ်သန်း ၁,၃၃၃,၈၇၅.ဒဒကို ခွင့်ပြုပေးထားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်း အလုပ်အကိုင်အခွင့်လမ်းပေါင်း ၁၃,၁ဒဇနေရာကို ဖန်တီးခဲ့ပြီး ဖြစ်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင်ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးစီးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များတက်ရောက်ခဲ့ပါ သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၁)ခုနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၄)ခုတို့ကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်း၊ Warehousing Services and Logistics Services လုပ်ငန်း၊ CMP စနစ်ဖြင့် ဆက်သွယ်ရေးလုပ်ငန်းသုံး Signal Cable အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းတို့ ဖြစ်ပါသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေ ရင်း ပမာဏမှာ ကျပ် ၁၃၉၂.၄၀၃သန်းနှင့် အမေရိကန်ဒေါ်လာ ၉.၁၂၈သန်းဖြစ်ပြီး လုပ်ငန်းစုစုပေါင်း(၅)ခုတို့မှ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၃၁၄၉ ဦး အတွက် ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များတင်ပြလာသည့် ကုမ္ပဏီ(၂၁)ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

## ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က VIDEO CONFERENCING စနစ်ဖြင့် တွေ့တွေ့ဆုံဝန်ဆောင်မှုပေး

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏တာဝန်ရှိသူများပါဝင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ အတည်ပြုမိန့်များဖြင့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တွင် ဟိုတယ်တည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းနှင့် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်တွင် စိုက်ပျိုးသီးနှံအမျိုးမျိုး ကြိတ်ခွဲထုတ်လုပ်သည့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်း တို့အား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် Virtual စနစ်ဖြင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးသို့ မြို့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းသို့ သွားရောက်ကွင်းဆင်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## ရှမ်းပြည်နယ်ရပ်စောက်မြို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ် တွင်ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် သရက်သီးစိုက်ပျိုးထုတ်လုပ် ရောင်းချခြင်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းကို ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၂၃ရက်နေ့တွင်သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ကကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းများအပေါ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

## ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၂) ကြိမ်မြောက် အစည်အဝေးကျင်းပ

ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ (၇/၂၀၂၂) ကြိမ်မြောက်အစည်းအဝေးကို၂၀၂၂ခုနှစ်၊စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးခ်ဲ့ ကျင်းပခဲ့ရာ ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် အဖွဲ့ဝင်များသည် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့် အစီရင်ခံစာ၊ ကချင်ပြည်နယ်တွင် စက်မှုဇုန်တစ်ခု ပေါ်ပေါက်စေရေးနှင့် ရင်းနှီးမြှုပ်နှံသူများ တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးခဲ့ကြပါသည်။

## ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စကားဝိုင်းဆွေးနွေးပွဲကျင်းပပြုလုပ်

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်အတွင်း ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စကားဝိုင်းဆွေးနွေးပွဲ ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းရုံး၊ တောင်ကြီးမြို့တွင် ကျင်းပပြု လုပ်ခဲ့ပါသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌဒေါက်တာ ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရရှိနိုင်သော ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများရှင်းလင်းခြင်း၊ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးက ရှမ်းပြည်နယ်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းခြင်း၊ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးက ဆီထွက်သီးနှံ (နေကြာ) စိုက်ပျိုးမည့် ကျေးရွာများတွင် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများ စာရင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြ ပါသည်။

ဆက်လက်၍ တက်ရောက်လာသော ကိုယ်စားလှယ်များအားလုံးက ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ တိုးမြှင့် ထုတ်လုပ်နိုင်ရေးတို့အတွက် တွေ့ကြုံရသည့် အခက်အခဲများ၊ အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

## နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ကကွင်းဆင်းဝန်ဆောင်မှုပေး

နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့နှင့် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းနှင့် ယင်းနှင့်ဆက်နွယ်သည့်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Eden Hotels & Resorts Co.,Ltd. သို့ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် သွားရောက်ကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဌာနများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအတွက် မြေပြင်ကွင်းဆင်း ကြည့်ရှုခဲ့ပါသည်။

## ကယားပြည်နယ်ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံဝန်ဆောင်မှုပေး

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဒီးမော့ဆို မြို့နယ်ရှိ ဟိုတယ် လုပ်ငန်းကို Video Conferencing စနစ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လွှိုင်ကော်မြို့တွင် ခဲမဖြူ၊ အဖြိုက်နက် နှင့်ရောရာသတ္တုများကို သန့်စင်၍ စက်မှုကုန်ချောထုတ်လုပ်ခြင်း လုပ်ငန်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ လည်းကောင်းတွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါ သည်။

## မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ကကွင်းဆင်းဝန်ဆောင်မှုပေး

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏တာဝန်ရှိသူများပါဝင်သောကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်း (၅)ခုအား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ ကွင်းဆင်းဝန်ဆောင်မှုပေး

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ရှိသူများ ပါဝင်သောကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသော ညောင်ရွှေမြို့နယ်ရှိ ကုမ္ဗဏီ ၂ ခုတို့ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(ARIC)၏ အတည်ပြုမိန့်ဖြင့် ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်ရှိ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တို့ရှိ CMP နှင့် Normal စနစ်နှစ်မျိုးဖြင့် ငါးမျိုးစုံတန်ဖိုးမြှင့် ပြုပြင်ထုတ်လုပ်တင်ပို့ခြင်း လုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်း လုပ်ငန်းတို့ ဆောင်ရွက်လျက်ရှိသော စက်ရုံသို့ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ်စတင်လည်ပတ် ထုတ်လုပ်လျက်ရှိသည့် အခြေအနေ၊ စီးပွားဖြစ်စတင်လည်ပတ် ထုတ်လုပ်မည့်အခြေအနေများကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း ရင်းနှီးမြှုပ်နှံသူအား တွေ့ဆုံ၍ ဝန်ဆောင်မှုပေး

ကျင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ကန်ပိုက်တီမြို့၊ ကျင်ပြည်နယ်တွင် ကန်ပိုက်တီ စီးပွားရေးနယ်မြေ ဖော်ထုတ်၍ ငှားရမ်းခြင်းနှင့်ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်နေသည့် တာဝန်ရှိသူများကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကျင်ပြည်နယ်ဦးစီးမှူးရုံးတွင် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေး

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ရှိ တည်းခိုရိပ်သာ(မိုတယ်) ဝန်ဆောင်မှုလုပ် ငန်းသို့ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် သွားရောက် ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင် ရွက်ပေးခဲ့ပါသည်။

## မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အောင်ဆန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း နှင့်ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခုမှ ရင်းနှီးမြှုပ်နှံသူ အမည်ပြောင်းလဲခြင်း၊ ရင်းနှီးမြှုပ်နှံမှု ပုံစံပြောင်းလဲခြင်း၊ ပြည်တွင်းပြည်ပဝန်ထမ်း ၂၉၆ ဦး တိုးမြှင့်ခွင့်ပြုပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခုအား တည်ဆောက်ရေးကာလ တိုးမြှင့်ပေးခြင်းတို့ကို ဆွေးနွေးခဲ့ပါသည်။

## စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့် လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုအားပေး

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ထန်းတပင်မြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော စက်ရုံသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ် မည့်အခြေအနေများကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေး

နေပြည်တော်ကောင်စီ အဖွဲ့ဝင်၊ နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးဇေယျာလင်း ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့သည့် နေပြည်တော်၊ ဒကွိုဏာသီရိမြို့နယ်၊ နေပြည်တော် စီးပွားရေးဇုန်ရှိ City Park အမည်ဖြင့် အဆောက်အဦများဆောက်လုပ်၍ နှစ်တိုး၊နှစ်ရှည် ငှားရမ်းခြင်းလုပ်ငန်းသို့ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည် များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၂ ခုနှစ် သြဂုတ်လ ၃၀ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုမှ အတည်ပြုမိန့်ပြင်ဆင်ခွင့် တင်ပြလာခြင်းအပေါ် ဆွေးနွေး အတည်ပြုပေးခဲ့ပါသည်။

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅ ခုရင်နှီးမြှုပ်နှံမှုပမာဏ အမေရိ ကန်ဒေါ်လာ ၁၁.၀၀ သန်းကို ခွင့်ပြုပေးထားပြီး မြန်မာ နိုင်ငံသားရင်းနှီး မြှုပ်နှံမှုလုပ်ငန်း ၁၃ ခု ရင်နှီးမြှုပ်နှံမှု ပမာဏအမေရိကန်ဒေါ်လာ ၆.၉၀၄ သန်း အပါအဝင် ကျပ်သန်း ၃၁၆၂၀.၇၅ ကို ခွင့်ပြုပေးထားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းအလုပ် အကိုင်အခွင့်လမ်းပေါင်း ၉၉၄ ဦး ဖန်တီးပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

## နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဝန်ဆောင်မှုပေး

နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့အဖွဲ့ခေါင်းဆောင် ဦးဇေယျာလင်း ဦးဆောင်သော နေပြည်တော် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့သည့် နေပြည်တော်၊ ပျဉ်းမနားမြို့နယ်ရှိ ပေါင်းဆန်နှင့်ဆန်ဖြူ အဆင့်မြင့်ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလယ်ယာအင်ဂျင်းလိုက်ဝန်ဆောင်မှုလုပ်ငန်းနှင့်အကျိုးတူကန်ထရိုက်လယ်ယာလုပ်ငန်းသို့ ၂၀၂၂ ခုနှစ်၊သြဂုတ်လ ၂ဖရက်နေ့တွင်သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၂) ကြိမ်မြောက်အစည်းအဝေး ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၂ ခုနှစ် သြဂုတ်လ ၂၉ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံးခ်ဳ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို၊ အဖွဲ့ဝင် ၆ ဦးနှင့် အထူးဖိတ်ကြားထားသော တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ခရမ့်ရော်ဘာထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့် တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဟိုတယ်နှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီက တည်ဆောက်ရေး ကာလ တိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းတို့အပေါ် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်

## စီးပွားဖြစ် စတင်လည်ပတ်ထုတ်လုပ်မည့် လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုကွင်းဆင်းကြည့်ရှုအားပေး

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ CMP စနစ်ဖြင့် အီလက်ထရောနစ် အစိတ်အပိုင်းအမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော စက်ရုံသို့ ၂၀၂၂ ခုနှစ် သြဂုတ်လ ၂၆ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ်စတင်လည်ပတ်ထုတ်လုပ်မည့် လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှုအခြေအနေများ၊တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို၂၀၂၂ ခုနှစ်၊ သြဂုတ်လ၂၆ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုမှ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားပြင်ဆင်ခွင့်ပြုပါရန် ကိစ္စအပေါ်ဆွေးနွေးခြင်းနှင့်မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့်လုပ်ငန်းများအပေါ် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/ ၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၂ ခုနှစ် သြဂုတ်လ ၂၄ရက်နေ့တွင် ရန်ကုန်မြို့ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်း နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၄) ခုတို့ကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ဆန်စက်လုပ်ငန်းများတွင်အသုံးပြုသည့် အိတ်အမျိုးမျိုးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMPစနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများတွင် အသုံးပြုသော ပလတ်စတစ်အိတ် အမျိုးမျိုး ထုတ်လုပ်၍ ပြည်တွင်းရှိ CMP အထည်ချုပ် လုပ်ငန်းများသို့ ရောင်းချခြင်းလုပ်ငန်း၊ အလွှာကပ်ပိတ်မျိုးစုံ ထုတ်လုပ်၍ ပြည်တွင်းရှိ CMPလုပ်ငန်းများသို့ရောင်းချခြင်းလုပ်ငန်းတို့ဖြစ်ပါသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၅.၁၄၃ သန်း ဖြစ်ပြီး လုပ်ငန်း စုစုပေါင်း (၄) ခုတို့မှ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်း ၂၃၆၉ ဦးအတွက် ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။ထို့အပြင် အစည်းအဝေးတွင်အထွေထွေ ကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ (၁၂) ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေး ဆုံးဖြတ်ခဲ့ ကြပါသည်။

## ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကွင်းဆင်းစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (ARIC)၏ အတည်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လျက်ရှိသည့် ပုသိမ်ခရိုင်၊ ညောင်တုန်းမြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းသို့ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ပိုင်ဦးဆောင်သည့် ကွင်းဆင်း စစ်ဆေးရေးအဖွဲ့သည် ၂၀၂၂ ခုနှစ် သြဂုတ်လ ၂၅ ရက်နေ့တွင် သွားရောက် စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ကို ၂၀၂၂ ခုနှစ် သြဂုတ်လ ၁၉ ရက်နေ့တွင် နေပြည်တော်ကောင်စီရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေး သို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုမိန့်ဖြင့် မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းအား စီးပွားဖြစ် စတင်သည့်နေ့ သတ်မှတ်နိုင်ရေး ကိစ္စရပ်များ၊ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော် မတီနှင့် အတွင်းရေးမှူးရုံးတို့၏ ၆ လတာ ကာလ အတွင်း (၁-၂-၂၀၂၂ မှ ၃၁-၇-၂၀၂၂ ထိ) လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ပြည်ထောင်စု နယ်မြေ၊ နေပြည်တော် အတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါ သည်။

## ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က VIDEO CONFERENCING စနစ်ဖြင့် တွေ့ဆုံဝန်ဆောင်မှုပေး

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ရှိသူများပါဝင်သောကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည်ကရင်ပြည်နယ်၊မြဝတီမြို့နယ်၊မြဝတီစီးပွားရေးဇုန်တွင်မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသည့် CMP စနစ်သုံးဖိနပ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တွင်CMP စနစ်သုံး အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းတို့မှ တာဝန်ရှိသူတို့အား ၂၀၂၂ခုနှစ်သြဂုတ်လ၂၄ ရက်နေ့တွင် Video Conferencing စနစ်ဖြင့် တွေ့ဆုံ ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေး

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိ ပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်း စစ်ဆေးရေးအဖွဲ့သည် ငွေးချို-ချောက်-ဆိပ်ဖြူ-ပခုက္ကူလမ်း အပိုင်း စုစုပေါင်း ၃၇ မိုင် ၇ ဖာလုံ ကို B.O.T စနစ်ဖြင့် လမ်းပြုပြင် ဖောက်လုပ်၍ လမ်းတံတား အသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းသို့

၂၀၂၂ ခုနှစ်၊ သြဂုတ်လ ၁၉ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိ သူများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၂) ကြိမ်မြောက် အစည်အဝေးကျင်းပ

ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၆/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ သြဂုတ်လ၁၉ ရက်နေ့တွင် မလိခခန်းမ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ရာ ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁) ခုနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၁)ခု တို့ကို အတည်ပြုမိန့် ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များ၏ မတည်ငွေရင်းပမာဏမှာ မြန်မာကျပ်ငွေ ၅၅၃.၆၅၁သန်းနှင့်အမေရိကန်ဒေါ်လာ ၁ သန်းဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၅၇၂ နေရာဖန်တီးပေးနိုင်မည်သည်။

## ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေး

ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်ရှိ နိုင်ငံတကာ အရည်အသွေးမီ တစ်သျှူးဌက်ပျော စိုက်ပျိုးထုတ်လုပ် တင်ပို့ဖြန့်ဖြူးခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ်၊ သြဂုတ်လ၄ရက်နေ့တွင် သွားရောက် စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ပုသိမ်စက်မှုဇုန်အား ကွင်းဆင်းစစ်ဆေး

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသက်ပိုင် ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ခွင့်ပြုမိန့်ဖြင့်ပုသိမ်စက်မှုဇုန်အတွင်းCMPစနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းသို့ ၂၀၂၂ ခုနှစ် ၊ သြဂုတ်လ ၉ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၃/၂၀၂၂ ကြိမ်မြောက် အစည်းအဝေး ပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ၏ ၃/၂၀၂၂ ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ သြဂုတ် ၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးခ်ဲ့ ကျင်းပခဲ့ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် စီးပွားရေးလုပ်ငန်း ၂ ခု ကို အတည်ပြုပေးခဲ့ပြီး CMP စနစ်ဖြင့် အထည်ချုပ် လုပ်ခြင်းလုပ်ငန်းအတွက် တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်း ကို ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြပါသည်။

## နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ် ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေး

နေပြည်တော် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ် ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်နေပြည်တော် ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်း ဦးဆောင်သော အဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတည်ပြု မိန့်ဖြင့် နေပြည်တော်၊ဒကွ်ခြီဏာသီရိမြို့နယ်ရှိ မော်တော် ဆိုင်ကယ် တပ်ဆင်ထုတ်လုပ် ရောင်းချခြင်း လုပ်ငန်း ဆောင်ရွက် လျက်ရှိသည့် လုပ်ငန်းသို့ သွားရောက်၍ စီးပွားဖြစ် စတင်ရန် ဆောင်ရွက်ထားမှု အခြေအနေများ အား ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင် ရွက်ပေးခဲ့ပါသည်။

MIFER

# FERD သတင်းများ

## (၄၂) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ပါဝင်တက်ရောက်

၂၀၂၂ ခုနှစ် ၊ သြဂုတ်လ ၁၈ ရက်မှ ၁၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိုမြို့၌ ကျင်းပသည့် (၄၂) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (42nd Meeting of the High-level Task Force on ASEAN Economic Integration - HLTF-EI) အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာမျိုးညွန့် ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ၊ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ၂၀၂၂ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာလုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံစီးပွားရေး အသိုက်အဝန်း(အေအီးစီ) လမ်းပြမြေပုံ ၂၀၂၅ ကာလလယ် သုံးသပ်ချက်၏ အကြံပြုချက်များ အကောင်အထည်ဖော်မှုအခြေအနေ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၂၀၂၅အလွန် မျှော်မှန်းချက်ရေးဆွဲမှု၊ ကိုဗစ်အလွန်ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ဆောင်ရွက် နေသည့်အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်(ASEAN Comprehensive Recovery Framework –ACRF) အကောင်အထည်ဖော်မှု၊ ကာဗွန်လျှော့ချ ရေးဆိုင်ရာ အာဆီယံဗျူဟာရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်မှုများ၊ စတုတ္ထစက်မှုအသွင်ပြောင်းလဲမှုဆိုင်ရာ ပေါင်းစည်းမှု မဟာဗျူဟာကို အကောင်အထည်ဖော်မည့်အစီအစဉ်၊အာဆီယံစီးပွားရေး အသိုက်အဝန်းCircular Economy မူဘောင် အကောင်အထည်ဖော်မည့် လုပ်ငန်း အစီအစဉ်၊ အာဆီယံစီးပွားရေး ပြန်လည်ထူထောင်မှုအတွက် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး အစီအစဉ်နှင့် ဒစ်ဂျစ်တယ် စီးပွားရေး ပေါင်းစည်မှုဆိုင်ရာ ဘင်ဂါဆရီ ဘီဂါဝမ် လမ်းပြမြေပုံ အကောင်အထည်မှု ၊ အာဆီယံ အပေါင်းလွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်များတွင် ပါဝင်မည့် နယ်ပယ်သစ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် နည်းလမ်းများ၊ ၂၀၂၃ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ယူမည့် အင်ဒိုနီးရှားနိုင်ငံ၏ ကြိုတင်ဆောင်ရွက်ချက်များနှင့် (၅၄) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ တင်ပြမည့် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အစီရင်

ခံစာအပေါ် ညှိနှိုင်းဆွေးနွေးကြပါသည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဒုတိယဝန်ကြီး H.E Edi Prio Pambudi က အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ အာဆီယံ စီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြပါသည်။

## ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ Board of Directors Meeting (3/2022) နှင့် Extraordinary General Meeting of Shareholders No. 1/2022 အစည်းအဝေးကျင်းပ

ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့အတွက် Financial Statement ရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ ဂျပန်နိုင်ငံဘက်မှ SPV ဒါရိုက်တာတစ်ဦးဖြစ်သည့် Mr. Atsushi Taketani အစား Mr. Junichiro Kurdoအား ဒါရိုက်တာအသစ်အဖြစ် ပြောင်းလဲခန့်အပ်ရေးကိစ္စနှင့် ကုမ္ပဏီရေးရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် Board of Directors Meeting (3/2022) အစည်းအဝေးကို SPV၏ ဒါရိုက်တာများအကြား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် SPV ၏ မြန်မာဘက်မှ ဒါရိုက်တာအဖွဲ့ဝင်များ ဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာဝါဝါမောင်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB)၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒေါ်ဝင်းဝင်းမော်နှင့် ဥပဒေအကြံ ဉာဏ်ပေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်တို့ တက်ရောက်ခဲ့ပါသည်။ အလားတူ Extraordinary General Meeting of Shareholders No. 1/2022 ကို SPV ၏ ရှယ်ယာရှင်များဖြစ်သည့် Neighbouring Countries Economic Development Cooperation Agency (NEDA)၊ Foreign Economic Relations Department (FERD) နှင့် Japan Bank for International Cooperation (JBIC) တို့အကြား၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် တဆက်တည်း ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV) ၏ Board of Directors Meeting (3/2022) နှင့် Extraordinary General Meeting of Shareholders No. 1/2022

## အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် အကောင်အထည်ဖော်မည့် အမျိုးသမီး ရဲလေ့ကျင့်ရေး သင်တန်းကျောင်း (ရမည်းသင်း) အဆင့်မြှင့်တင်ခြင်း စီမံကိန်း နှင့်စပ်လျဉ်းသည့်အစည်းအဝေး ကျင်းပ

အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးရဲလေ့ကျင့်ရေးသင်တန်းကျောင်း (ရမည်းသင်း)အဆင့်မြှင့်တင်ခြင်း စီမံကိန်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ သြဂုတ်လ ၁၆ ရက်၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁) ၊အစည်းအဝေးခန်းမ (၃) ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်မည့် အမျိုးသမီးရဲလေ့ကျင့်ရေး သင်တန်းကျောင်း(ရမည်းသင်း) အဆင့်မြှင့်တင်ခြင်း စီမံကိန်း၏ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးရန်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်တောင်းခံရန်၊ စီးပွားရေးရာကော်မတီနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတို့သို့ တင်ပြခွင့်ပြုချက်ရယူရန်နှင့် Notice Inviting Tender (NIT) ကို အိန္ဒိယနိုင်ငံဘက်နှင့် ညှိနှိုင်းရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီးဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်နိုင်ငံခြားစီးပွားဆက်သွယ် ရေးဦးစီးဌာနမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုး တိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီးဦးသန်းအောင်ကျော် ဦးဆောင်၍ SPV မြန်မာဒါရိုက်တာများအကြားVideo Conferencing ဖြင့် ၂၀၂၂ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ရုံးအမှတ်(၁)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ဒုတိယဝန်ကြီးနှင့် SPV မြန်မာဒါရိုက်တာများအနေဖြင့် SPV ၏ ၂၀၂၁ ခုနှစ် Financial Statement ရေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ ထားဝယ်အထူးစီးပွားရေးဇုနကို အကောင်အထည်ဖော်မည့် Master Plan သတ်မှတ်နိုင်ခြင်းမရှိသေးသည့်အတွက် SPV က ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ(DSEZ MC)သို့ပေးအပ်စေလိုသည့်ဝန်ဆောင်မှုများအတွက် လုပ်ငန်း လမ်းညွှန် (Terms of References) များ/ Implementation Plan များရေးဆွဲရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ ပါသည်။

## အိန္ဒိယနိုင်ငံ၏ ချေးငွေ (Line of Credit-LOC) စီမံကိန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ (LOC Meeting)

အိန္ဒိယနိုင်ငံ၏ချေးငွေ(Line of Credit-LOC) အမေရိကန်ဒေါ်လာသန်း ၅၀၀ ပေးအပ်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာအောက်မှ ဆောင်ရွက်ဆဲနှင့် အဆိုပြုစီမံကိန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁) ၊အစည်းအဝေးခန်းမ(၃)၌ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် အိန္ဒိယနိုင်ငံ၏ချေးငွေ (LOC) အမေရိကန်ဒေါ်လာသန်း ၅၀၀ အောက်မှ ဆောင်ရွက်ဆဲ စီမံကိန်းများတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းများ၊ အမေရိကန် ဒေါ်လာသန်း ၅၀၀ မှကျန်ရှိသည့် အမေရိကန် ဒေါ်လာသန်း ၂၇၀ အောက်မှ အဆိုပြုစီမံကိန်းများအတွက် ကြိုတင်ပြင်ဆင်ထားရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်ဖက် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံ ခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဒေါက်တာဝါဝါမောင် ဦးဆောင်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ နှင့် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးနှင့် အိန္ဒိယနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်(ရန်ကုန်ရုံးခွဲ)တို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဒေါက်တာဝါဝါမောင် နှင့် ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲ Mr. Hahm Jeong-han ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ်အဖွဲ့တို့အကြား တွေ့ဆုံဆွေးနွေး

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဒေါက်တာဝါဝါမောင်နှင့် ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲ Mr. Hahm Jeong-han ဦးဆောင်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ်အဖွဲ့တို့အကြား အစည်းအဝေးတစ်ရပ်ကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ နံနက် ၉:၃၀ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊အစည်း အဝေးခန်းမ ၃ ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် ကိုရီးယားကုမ္ပဏီများမှ နိုင်ငံခြား ငွေလဲလှယ်ရေးကိစ္စ ကင်းလွတ်ခွင့်ရရှိရေး၊ သွင်းကုန်လိုင်စင်ရရှိရေး၊ အကောက်ခွန်ကင်းလွတ်ခွင့် ရရှိရေး၊ ကိုရီးယားCJကုမ္ပဏီမှ ပြဿသည့်နိုင်ငံခြား ရုပ်ရှင်များတွင် မြန်မာစာတန်း ထိုးခွင့်ပြုနိုင်ရေး၊ASEAN- Korea Industrial Innovation Center (AKIIC)အတွက် MOUလက်မှတ်ရေးထိုးနိုင်ရေး နှင့်မြန်မာဖွံ့ဖြိုးမှုအဖွဲ့ အစည်း(MDI) ပြန်လည်တည်ထောင်ရေး စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဆွေးနွေးခဲ့ကြပါသည်။

## ၁၃ ကြိမ်မြောက် ဂျီအမ်အက်စ် စီးပွားရေးစင်္ကြံများဖိုရမ် တက်ရောက်

**မဟာမဲခေါင်ဒေသခွဲ (Greater Mekong Subregion – G M S ) အစီအစဉ်အရ ၁၃ ကြိမ်မြောက်** စီးပွားရေးစင်္ကြံများဖိုရမ်(13th Economic Corridors Forum, ECF-13)ကို၂၀၂၂ ခုနှစ်၊နိုဝင်ဘာလ ၃ ရက်၊ မြန်မာ စံတော်ချိန် နံနက်စ:၃၀ နာရီမှ ၁၁:၃၀ နာရီထိ Virtual စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာGMS National Coordinatorဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင် ၍သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သောမြန်မာကိုယ်စားလှယ် အဖွဲ့ပါဝင် တက်ရောက်ခဲ့ပါသည်။

ဖိုရမ်တွင် ဂျီအမ်အက်စ်ဒေသတွင်းစီးပွားရေး ပြန်လည်ထူထောင်နိုင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုဖြစ်ပေါ်လာရေးအတွက် စီးပွားရေးစင်္ကြံတစ်လျှောက် ချိတ်ဆက်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းနှင့် အသိုက်အဝန်းဖြစ်တည်မှု ပိုမိုအားကောင်းစေရန် ဆောင်ရွက်နေသည့် လုပ်ဆောင်ချက်များ၏ တိုးတက်မှု အခြေအနေများ၊ လေ့လာတွေ့ရှိချက်များနှင့် ထောက်ခံ အကြံပြုချက်များ အပေါ် GMS Secretariat နှင့် အဖွဲ့ဝင်နိုင်ငံများအကြား အမြင်ချင်းဖလှယ်ဆွေးနွေးကြပါသည်။

ဖိုရမ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က စီးပွားရေးစင်္ကြံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် အခြေခံအဆောက်အအုံ ကွန်ယက်များဖြစ်ပြီး ဂျီအမ်အက်စ်ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုနှင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရေး ဆွဲဆောင်နိုင်သည့် အရေးပါသော အစိတ်အပိုင်းဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်မှုအတွက် စီးပွားရေးစင်္ကြံများဖွံ့ဖြိုးရေးနှင့်အတူ ဒီဂျစ်တယ်လိုက်ဇေးရှင်းဖြစ်မှုသည် အဓိကမောင်းနှင်အား ဖြစ်လာသည်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများအားလုံး ဒီဂျစ်တယ်စီးပွားရေးတွင် အတူတကွပေါင်းစည်းပါဝင်ရေးနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များအပါအဝင် အဖွဲ့ဝင်နိုင်ငံများအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

အဆိုပါဖိုရမ်သို့ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ GMS National Coordinator များ၊ အဆင့်မြင့်အရာရှိများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့် ADB မှ တာဝန်ရှိသူများ အပါအဝင် စုစုပေါင်း ၁၇၀ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ GMS National Coordinator ဖြစ်သူ FERD DG မှ အဖွင့်အမှာစကား ပြောကြားစဉ်**

## နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံး၊ Counsellor Mr. TAKAZAWA Akihiro ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံဆွေးနွေးမှု

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာ အောင်မိုးချယ်နှင့် ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံး၊ Counsellor Mr. TAKAZAWA Akihiro ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ဂျပန်နိုင်ငံ၏အကူအညီ၊နည်းပညာအကူအညီဖြင့်ဆောင်ရွက်သည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၂၀၂၂ ခုနှစ်၊ သြဂုတ်လ ၁၈ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ရုံးအမှတ်(၁) ၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါတွေ့ဆုံမှုတွင် ဆောင်ရွက်ဆဲ နည်းပညာအကူအညီစီမံကိန်းများတွင် တာဝန်ထမ်းဆောင်သည့် ကျွမ်းကျင်ပညာရှင်များ အစားထိုးခန့်အပ်ရေးနှင့် တာဝန်ထမ်းဆောင်မှုကာလသက်တမ်းတိုးမြှင့်ရေးဆိုင် ရာ Note Verbale ပုံစံများကိုအတည်ပြုရေး၊ ဂျပန်နိုင်ငံ၏အကူအညီ ဂျပန်ယန်း (၂,၂၈၁ သန်း) ဖြင့် ဆောင်ရွက်သည့် မကွေးအထွေထွေရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်ခြင်းစီမံကိန်း၏ Grant Agreement (G/N)နှင့် Exchange of Notes (E/N) တို့ကို သက်တမ်းတိုးမြှင့်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

၂၀၂၂ ခုနှစ်၊သြဂုတ်လ၁၈ ရက်နေ့တွင် ရုံးအမှတ်(၁)၊နေပြည်တော်၌ ကျင်းပသည့် ဒေါက်တာ အောင်မိုးချယ်နှင့် ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံ သံရုံး၊ Counsellor Mr. TAKAZAWA Akihiro ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးမှုမှတ်တမ်း

# ဂျီအမ်အက်စ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နည်းပညာပိုင်းကြိုတင်ပြင်ဆင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တက်ရောက်

မဟာမဲခေါင်ဒေသခွဲ (Greater Mekong Subregion –GMS) အစီအစဉ်အရ၂၀၂၂ ခုနှစ်အတွင်း ကျင်းပပြုလုပ်ရန် လျာထားသည့် ၂၅ ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများအစည်းအဝေးနှင့်၁၃ကြိမ်မြောက် စီးပွားရေးစကြံ် များဖိုရမ်တို့အတွက် GMS Secretariat နှင့် အဖွဲ့ဝင်နိုင်ငံများရှိ National Secretariat ရုံးအဖွဲ့မှ တာဝန်ရှိသူများအကြား နည်းပညာပိုင်းဆိုင်ရာ ကြိုတင်ညှိနှိုင်းသည့် အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ မွန်းလွဲ၁၃:၀၀ နာရီမှ ၁၆:၀၀ နာရီထိ Video Conference စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ GMS National Secretariat ဖြစ်သည့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါ်မိုမိုနိုင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ၁၃ ကြိမ်မြောက် ဂျီအမ်အက်စ်စီးပွားရေးစကြံ်များဖိုရမ် (13th GMS Economic Corridors Forum, ECF-13) အတွက် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေကို အိမ်ရှင် တရုတ်နိုင်ငံ ကိုယ်စားလှယ်က Powerpoint ဖြင့် ရှင်းလင်းတင်ပြခြင်း၊ ၂၅ ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများ အစည်းအဝေး (25th GMS Ministerial Conference, MC-25)အတွက် စီစဉ် ဆောင်ရွက်ထားမှုအခြေအနေကို အိမ်ရှင် လာအိုနိုင်ငံ ကိုယ်စားလှယ်က Powerpoint ဖြင့် ရှင်းလင်းတင်ပြခြင်းနှင့် အဖွဲ့ဝင်နိုင်ငံများက ပြန်လည် ဖြည့်စွက်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အနေဖြင့် ဂျီအမ်အက်စ် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ကျင်းပပြုလုပ်ရန်ရှိသည့် ဖိုရမ်များ၊ အစည်းအဝေးများ၊ ဝန်ကြီးအဆင့်အစည်းအဝေးများသို့မြန်မာကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်ရေး အပါအဝင် ဘာသာရပ်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဂျီအမ်အက်စ် အတွင်းရေးမှူးရုံးတို့အကြား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြား ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ တို့ရှိ GMS National Secretariat ရုံးအဖွဲ့မှ တာဝန်ရှိသူများနှင့် ADB မှ တာဝန်ရှိသူများ အပါအဝင် စုစုပေါင်း ၂၆ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

MIFER

# နိုင်ငံတကာစီးပွားရေး

# သတင်းများ

## ပြည်တွင်းစီးပွားရေးနှိုးဆွမှုအစီအမံသစ်များဖော်ဆောင်ကြရန်ဂျပန်ဝန်ကြီးချုပ်တိုက်တွန်း

ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပွားမှု၏ နောက်ဆက်တွဲ အဖြစ် ဂျပန်နိုင်ငံ၌ စွမ်းအင်၊ကုန်စည်နှင့်နံစားသီးနံ စျေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရှိ အိမ်ထောင်စုများအပေါ် အကျပ်အတည်းသက်ရောက်မှု လျော့ပါးစေရန် စီးပွားရေးနှိုးဆွမှုအစီအမံများကို ဧပြီလ နှောင်းပိုင်းမှ စတင်ကာ ဆောင်ရွက်သွားကြရန် ဝန်ကြီးများက တိုက်တွန်းပြောကြားခဲ့ကြောင်း၊အဆိုပါအစီ အမံများသည် ကိုဗစ်-၁၉ကူးစက်ရောဂါ သက်ရောက်မှုမှ နိုင်ငံ၏စီးပွားရေးပြန်လည် နာလန်ထူစေရန် ရည်မှန်းထားသည့်အပြင် ရေနံစိမ်းစျေးနှုန်းများ မြင့်မားလာမှု အပေါ် သက်ရောက်မှုလျော့ပါးစေရန်၊ ပင်မစားသောက်ကုန်များ ပံ့ပိုးပေးရန်၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ရန်ပုံငွေထောက်ပံ့ပေးရန်နှင့် ဝင်ငွေနည်းပါးပြီး ပံ့ပိုးမှုလိုအပ်သူများအား ပံ့ပိုးကူညီမှု ဆောင်ရွက်ရန် စသည့်လုပ်ငန်းစဉ်(၄)ရပ်အပေါ် အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည်ဟုလည်း ပြောကြားခဲ့ကြောင်း၊ စွမ်းအင်နှင့်နံစားသီးနံစျေးနှုန်းများ မြင့်တက်လာခြင်းသည် မကြာသေးမီရက် ပိုင်းအတွင်းက ပြည်တွင်းတစ်စိတ်တစ်ပိုင်း အရေးပေါ်ကြေငြာချက် ရုတ်သိမ်းထားသည့် ဂျပန်နိုင်ငံ၏စီးပွားရေးအပေါ် သက်ရောက်လာစေကြောင်း၊ ၂၀၂၂ဘဏ္ဍာနှစ်အတွက် စီးပွားရေးပံ့ပိုးမှုအစီအမံများဆောင်ရွက်ရန်အတွက် စံချိန်တင်ဘတ်ဂျတ်အဖြစ် ယန်း(၁၀၇.၆၀)ထရီလီယံ(အမေရိကန်ဒေါ်လာ(၈၈၁)ဘီလီယံ)ကို လတ်တလော အတည်ပြုခဲ့ကြောင်း၊၂၀၂၂ ခုနှစ်အတွင်း ဘဏ္ဍာရေးကဏ္ဍနှိုးဆွမှု အစီအမံများအဖြစ် ကူးစက်ရောဂါ တိုက်ဖျက်ရေးအတွက်ဘတ်ဂျတ်ယန်း၅ထရီလီယံ အခြားသော အရေးပေါ် အသုံးစရိတ်များအတွက် အရန် ရန်ပုံငွေ ယန်း ၅၀၀ ဘီလီယံတို့ကို လျာထားသည်ဟု ဝန်ကြီးချုပ်ကပြောကြားခဲ့ကြောင်း၊ ပထမဦးစားပေး အနေဖြင့် အသုံးစရိတ်သုံးစွဲမည့် အစီအစဉ်ကို အလျင် အမြန်တင်ပြကြရန်နှင့် စီးပွားရေးနှိုးဆွမှု အစီအမံများအတွက် အရန်ရန်ပုံငွေများကို အသုံးပြုကြရန်ဝန်ကြီးချုပ်က မတ်လ နောက်ဆုံးအပတ်တွင် ပြောကြားခဲ့ကြောင်း၊ ဂျပန်ပြည်တွင်း၌ ကုန်စျေးနှုန်းများမြင့်မားလာခြင်းအပြင် အခြားရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်မှာ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပါက ယန်းငွေတန်ဖိုး ကျဆင်းလာမှုကြောင့် သွင်းကုန်အတွက် ကုန်ကျစရိတ် များမြင့်တက် လာပြီး သယံဇာတရှားပါးသည့် ဂျပန်နိုင်ငံအတွက် ခေါင်းခဲစရာ ကိစ္စတစ်ခု ဖြစ်လာသော်လည်း အားသာချက်အဖြစ် ပြည်ပသို့ ပို့ကုန်များတင်ပို့သည့် လုပ်ငန်းရှင်များ အတွက် အမြတ်ငွေတိုးပွားသည့် အကျိုးကျေးဇူးရရှိစေကြောင်း၊ ဝန်ကြီးချုပ်က ဧပြီလကုန်ထိ ဓါတ်ဆီလက်လီ စျေးနှုန်းများ လျှော့ချရန်အတွက် ဓါတ်ဆီ လက်ကားရောင်းချသူများကိုတစ်လကြာ ထောက်ပံ့ကြေး တိုးမြှင့်ပေးမည်ဟု ကြော်ငြာခဲ့ကြောင်းသိရှိရပါသည်။

**ရင်းမြစ်- တိုကျိုမြို့စီးပွားရေးသံမှူး ပေးပို့သည့်သတင်း**

## ဘယ်လ်ဂျီယံ စူပါမားကတ်များ၌ ဆီ၊ ဂျုံမှုန့် စသည်များကို အရေအတွက် ကန့်သတ် ရောင်းချနေ

ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမားကတ်ကြီးများတွင် ဆီ၊ ဂျုံမှုန့်စသည့်ထုတ်ကုန်များအားအရေအတွက် ကန့်သတ်၍ ရောင်းချလာကြရာAldi စူပါမားကတ်က ဆီနှင့်ဂျုံမှုန့်တို့ကို ဈေးဝယ်သူ တစ်ဦးလျှင် အရေအတွက်(၃)ခုအထိ သာဝယ်ယူရန်၊Colruyt စူပါမားကတ်၌ ဈေးဝယ်သူတစ်ဦးလျှင် ဆီ (၂) ပုလင်းနှင့် ဂျုံမှုန့်(၂)ထုပ်အထိသာ ဝယ်ယူရန်သတ်မှတ်ထားကြောင်း၊ ယူကရိန်းနှင့် ရုရှားနိုင်ငံတို့သည် ဂျုံနှင့်နေကြာဆီတို့ကို အများဆုံးထုတ်လုပ်သည့် ကမ္ဘာ့နိုင်ငံများတွင်ပါဝင်ပြီး လက်ရှိတွင် ၎င်းထုတ်ကုန်များ ပြတ်လပ်မှုမရှိသေးသော်လည်း ရုရှားနှင့်ယူကရိန်းပဋိပက္ခအပေါ် စိုးရိမ်စိတ်ဖြင့် စားသုံးသူများက ပိုမိုဝယ်ယူစုဆောင်းလာကြခြင်းကြောင့် ပစ္စည်းပြတ်လပ်မှုဖြစ်ပေါ်နိုင်သည်ဟု နိုင်ငံတွင်းရှိစူပါမားကတ်များကပြောကြားကြောင်း၊ ထုတ်လုပ်သူများအနေဖြင့် ဝယ်လိုအားကို ပြည့်မီအောင်ထုတ် လုပ်နိုင်သော်လည်း ထောက်ပံ့ပို့ဆောင်ရေးပိုင်းပြဿနာကို ကြုံတွေ့နေရသဖြင့် ထုတ်ကုန်များသည် ၎င်းတို့၏စတိုးဆိုင်များသို့ မြန်မြန်ဆန်ဆန်ရောက်ရှိနိုင်မည်မဟုတ်ဟုA l d iစူပါမားကတ်ကဆိုကြောင်း၊ဘယ်လ်ဂျီယံရှိ စူပါမားကတ်များ အနေဖြင့် ၎င်းကုန်စည်များရောင်းချရမှု အမြင့်ဆုံးသို့ ရောက်ရှိလာသည်ကို သတိပြုလာကြကြောင်း၊ ယူကရိန်းနှင့်ရုရှားတို့သည် ဂျုံနှင့်နေကြာဆီတို့ကို အများအပြားထုတ်လုပ်သည့်နိုင်ငံများဖြစ်ရာ လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခနှင့်ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကြောင့် ၎င်းကုန်စည်ဈေးနှုန်း မြင့်တက်လာနိုင်သည်ဟု မျှော်မှန်းထားကြောင်း၊ ဘယ်လ်ဂျီယံရှိ စူပါမား ကတ်များသည် ဂျုံဈေးနှုန်းမြင့်လာမှု၏အကျိုးဆက်အဖြစ် ပေါင်မုန့်ဈေးနှုန်းများ မြင့်တက်လာမှုနှင့် ပစ္စည်း ပြတ်လပ်မည်ကို စိုးရိမ်နေခဲ့ကြပြီးဖြစ်ရာ ဂျုံမှုန့်နှင့်ဆီကဲ့သို့သော အခြားကုန်ကြမ်းပစ္စည်းများ ပြတ်လပ်ခြင်းမရှိစေရန် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စတိုးဆိုင်တစ်ဆိုင်ချင်းစီတွင် ကုန်ပစ္စည်းများဝယ်ယူမှုအခြေအနေကို သုံးသပ်လျှက်ရှိပြီး မည်သည့်ကုန်ပစ္စည်းများအပေါ် ကန့်သတ်ရောင်းချမှုများပြုလုပ်မည်ကို သက်ဆိုင်ရာစတိုးဆိုင်အပေါ်မူတည်၍ ဆုံးဖြတ်သွားနိုင် ကြောင်း သိရှိရပါသည်။

**ရင်းမြစ်-ဘရပ်ဆဲလ်မြို့စီးပွားရေးသံမှူးပေးပို့သည့်သတင်း**

## Airplane Boarding Tax ကောက်ခံမှု စတင်အသက်ဝင်တော့မည်

ခရီးတိုပျံသန်းသည့်လေယာဉ်များဖြင့် ခရီးသွားလာခြင်းထက် ရထားစသည်တို့ဖြင့် ခရီးသွားလာခြင်းကို တွန်းအားပေးဆောင်ရွက်နိုင်ရန် ဘယ်လ်ဂျီယံနိုင်ငံ၌ လေကြောင်းဖြင့် ခရီးသွားမည့်သူများအတွက် အခွန်သစ်အဖြစ် Airplane Boarding Tax ကောက်ခံမှုကို ၁-၄-၂၀၂၂ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း၊ အဆိုပါအခွန်သည် ဘယ်လ်ဂျီယံနိုင်ငံအတွင်းရှိလေဆိပ်များအားလုံးအတွက် အကျုံးဝင်မည်ဖြစ်ပြီး(၅၀၀) ကီလိုမီတာအကွာအဝေးထက် မကျော်လွန်သော ခရီးလမ်းကြောင်းများကို လေကြောင်းဖြင့် သွားလာမည့် ခရီးသည်များသည် အခွန်(၁၀)ယူရိုကို ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ဥရောပစီးပွားရေး နယ်မြေအတွင်းရှိ ယူနိုက်တက်ကင်းဒမ်း(သို့)ဆွစ်ဇာ လန်နိုင်ငံသို့ လေယာဉ်ဖြင့် ခရီးသွားသူများသည်(၂)ယူရိုကို အခွန်အဖြစ် ပေးဆောင်ရမည်ဟုဆိုကြောင်း၊ ဥရောပနိုင်ငံများပြင်ပရှိ ကီလိုမီတာ(၅၀၀)ထက်ပို၍ ဝေးကွာသောနေရာဒေသများသို့ လမ်းကြောင်းရှည်ပျံသန်းသည့် လေယာဉ်များဖြင့်စီးနင်းလိုက်ပါသည့်ခရီးသည်များအနေဖြင့်လေယာဉ် တစ်ကြိမ်စီးနင်းမှုအတွက်(၄)ယူရိုအခွန်ကျသင့်မည် ဖြစ်ကြောင်း၊ Air Belgium ၊ Air Brussels နှင့် TUIတို့က ထိုသို့ အခွန်သစ်ကောက်ခံမည့်ကိစ္စအပေါ် မလိုလားမှုကို ပြသကြပြီးအထူးသဖြင့် လေကြောင်းခရီးသွားကဏ္ဍအနေဖြင့် ကိုဗစ်-၁၉ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်မှ ပြန်လည်နာလန်ထူလာစေရေး ကြိုးပမ်းနေရသည့်အချိန်တွင် အခွန်သစ်ကောက်ခံမှုသည် ကြိုဆိုဖွယ်မဟုတ်ဟု ဖော်ပြထားကြောင်းသိရှိရပါ သည်။

**ရင်းမြစ်- ဘရပ်ဆဲလ်မြို့ စီးပွားရေးသံမှူး ပေးပို့သည့် သတင်း**

## စူပါမားကတ်များ၌ ကုန်ပစ္စည်းပြတ်လပ်မှု မရှိစေရေးလုပ်ငန်းအဖွဲ့တစ်ရပ်ဖွဲ့စည်း

ရုရှား-ယူကရိန်း ပဋိပက္ခ၏ သက်ရောက်မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမားကတ်များ၌ ကုန်ပစ္စည်းပြတ်လပ်မှုမဖြစ်ပေါ်စေရေးဆောင်ရွက်ရန် လယ်ယာထွက်စားသောက်ကုန်ဆိုင်ရာ လုပ်ငန်းအဖွဲ့အား ဘယ်လ်ဂျီယံဖက်ဒရယ်အစိုးရကဖွဲ့စည်းထားကြောင်း၊ အဆိုပါလုပ်ငန်းအဖွဲ့တွင် ဘယ်လ် ဂျီယံနိုင်ငံ၏ စီးပွားရေးဆိုင်ရာဝန်ကြီး၊ စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးနှင့်စားသုံးသူကာကွယ်ရေးဆိုင်ရာ State Secretary ဖြစ်သူတို့ပါဝင်ရာ ၎င်းတို့က စိုက်ပျိုးရေးအသင်းအဖွဲ့များ၊စားသောက်ကုန်နှင့်ကုန်သွယ်ရေးဆိုင်ရာအသင်းချုပ်များနှင့်ပူးပေါင်း၍ စားသောက်ကုန်ထုတ်လုပ်မှု ကွင်းဆက်တွင် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများ ဖြေရှင်းခြင်း၊လုပ်ငန်းအစီအမံများရေးဆွဲခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားသောက်ကုန် လုပ်ငန်းကဏ္ဍ၌ ကုန်ပစ္စည်းပြတ်လပ်မှုဖြစ်ပေါ်လာနိုင်ခြင်းမှ စားသုံးသူများနှင့်ကုမ္ပဏီ လုပ်ငန်းများအား ကာကွယ်ပေးရန် အလွန်အရေးကြီးသည်ဟု စားသုံးသူကာကွယ်ရေးဆိုင်ရာ State Secretary ကပြောကြားခဲ့ကြောင်း၊ အသစ်ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့အနေဖြင့် အဆိုပါလုပ်ငန်းများအတွက် ဖြစ်နိုင်ဖွယ်ဖြေရှင်းနည်းအဖြစ် ကုန်ပစ္စည်း ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပါဝင်ပစ္စည်းများကို အစားထိုးအသုံးပြုရေး နည်းလမ်းကို အကြံပြုနိုင်သော်လည်း ဘယ်လ်ဂျီယံနိုင်ငံနှင့် အီးယူတို့၏ စားသောက်ကုန် တံဆိပ်ဖော်ပြခြင်းဆိုင်ရာ တင်းကျပ်သော စည်းမျဉ်းများရှိနေကြောင်း၊ ထို့အပြင် စားသောက်ကုန် တံဆိပ်များအား ကြိုတင်၍ရိုက်နှိပ်ထားခြင်းဖြစ်ရာ ကုမ္ပဏီလုပ်ငန်းအနေဖြင့် တံဆိပ်ကပ်ဖော်ပြခြင်းကိုရုတ်တရက်ပြောင်းလဲရန်မလွယ်ကူကြောင်း ၊ ကုန်ကြမ်းပစ္စည်းရှားပါးမှု အခက်အခဲကို ဖြေရှင်းနိုင်ရေးနည်းလမ်းအဖြစ် ပါဝင်ပစ္စည်းများကို ပြောင်းလဲ အသုံးပြုနိုင်သော်လည်း ထိုသို့ဆောင်ရွက်မည်ဆိုလျှင် အချို့သော ထုတ်ကုန်များအတွက် တံဆိပ်ကပ်ဖော်ပြမှုကို အမြဲတမ်းအားဖြင့်ပြောင်းလဲဖော်ပြရန် မဖြစ်နိုင်ကြောင်း၊ထို့ကြောင့် စည်းမျဉ်းသတ်မှတ်ချက်များအား ပြောင်းလွယ် ပြင်လွယ် ဆောင်ရွက်ပေးရန်နှင့် အရေးပါသော ဖော်ပြချက်ဖြစ်သည့် ဓါတ်မတည့်မှုဖြစ်စေနိုင်သည့် ပစ္စည်းပါဝင် ခြင်းရှိ/မရှိ ကိုသာအလေးထားဆောင်ရွက်ပေးရန် စားသောက်ကုန် ဘေးကင်းလုံခြုံမှုထိန်းချုပ်ရေး သက်ဆိုင်ရာ အာဏာပိုင် များကိုတောင်းဆိုထားသည်ဟု State Secretary ကပင် ပြောကြားခဲ့ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန် လုပ်ငန်းကဏ္ဍအနေဖြင့် ယူကရိန်းအရေးကိစ္စ မဖြစ်ပွားမီကပင် ကမ္ဘာ့စွမ်းအင်စျေးနှုန်းမြင့်တက်မှုနှင့် အထွေထွေကုန်စည် စျေးနှုန်းများ မြင့်တက်မှုကြောင့် ဖိအားများကိုကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ ယင်းအခက်အခဲများအပြင် လုပ်သားကုန်ကျစရိတ် မြင့်တက်လာမှုကြောင့် စားသောက်ကုန်ထုတ်လုပ်ငန်းများအနေဖြင့် သမိုင်းဝင်အမြတ်အစွန်းကျဆင်းမှုကို ကြုံတွေ့ခဲ့ရကြောင်း၊ ကုန်စျေးနှုန်းနှင့် လိုက်ပါချိန်ညှိသည့် Wage Inedxation ကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏လုပ်သားအတွက် ကုန်ကျစရိတ်မှာ အီးယူ၌ တတိယအမြင့်ဆုံးဖြစ်ကြောင်း သိရှိရပါသည်။

**ရင်းမြစ်- ဘရပ်ဆဲလ်မြို့ စီးပွားရေးသံမှူးပေးပို့သည့် သတင်း**

## နှစ်နိုင်ငံအကြား G TO G စာချုပ်အရ ဘဂ်လားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုအခြေအနေ

မြန်မာနိုင်ငံနှင့် ဘဂ်လားဒေ့ရှ်နိုင်ငံနှစ်နိုင်ငံအစိုးရတို့အကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ (Memorandum of Understanding - MoU) ကို ၂၀၂၂ခုနှစ်စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါနားလည်မှု စာချွန်လွှာအရ ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘဂ်လားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ် အများဆုံး ဆန်ဖြူတန်ချိန် (၂၅၀၀၀၀) ထိနှင့် ပေါင်းဆန်တန်ချိန် (၅၀၀၀၀)ထိ တို့အား တင်ပို့ရောင်းချ နိုင်မည်ဖြစ်သည်။ အဆိုပါ MoU အရ မြန်မာနိုင်ငံမှာ Myanmar Rice Federation – MRFနှင့်ဘဂ်လားဒေ့ရှ် နိုင်ငံ မှ Directorate General of Food တို့မှ ဧည့်မထ ၅% တန်းမြင့်ဆန် တန်ချိန် (၂၀၀၀၀) တင်ပို့ရန် သဘောတူ စာချုပ် (Sales Contract) ကို ချုပ်ဆိုခဲ့ပြီး တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါSales Contractအရ၂၀၂၂ခုနှစ်၊အောက်တိုဘာလ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံမှ ဆန်တန်ချိန် (၂၀၀၀၀)ကျော်တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်။တင်ပို့ရန်ကျန်ရှိသည့် ဆန်များအနက် ဆန်တန်ချိန် (၁၅၀၀၀) ကျော်မှာ သဘော်ဘတင်ဆဲ ဖြစ်ပြီး ကျန်ရှိသည့် ဆန်တန်ချိန် (၁၅၀၀၀) ကျော်ကို သတ်မှတ်ကာလအတွင်း ပြည့်မီအောင် တင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**Source: https://www.commerce.gov.mm/my/article**

## မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC)၏ ကြေညာချက်အမှတ်(၂၄၈)နှင့်(၂၄၉)တို့အရ၁-၁-၂၀၂၂ရက်နေ့မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန် တင်ပို့မည့်/တင်ပို့လျက်ရှိသည့်လုပ်ငန်းရှင်များအနေဖြင့်GACC တွင်မှတ်ပုံတင်ပြီးမှသာလျှင်တင်ပို့ခွင့်ရရှိမည်ဖြစ် သည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့်ကုန်စည်အမျိုးအစား(၄)ခုဖြစ်သည့် အသားနှင့်အသားထုတ်ကုန်များ၊ ရေထွက်ကုန်များ၊ နို့ထွက်ပစ္စည်းများ၊ ၄က်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များနှင့် ကုန်စည်အမျိုးအစား (၁၄) ခုဖြစ်သည့် အစာသွပ်ရန်အသုံးပြုသည့် အပေါ်ခွံအစွပ်၊ ပျားရည်နှင့် ပျားထွက်ပစ္စည်း၊ ဥနှင့်ဥထုတ်ကုန်များ၊ စားသုံးဆီ၊ အပြင်အသားအား ဂျုံသားဖြင့်ပြုလုပ်ထားပြီး စားသုံးနိုင်သည့် သို့မဟုတ် အေးခဲထားသည့် ထုတ်ကုန်များ၊ စားသုံးနိုင်သောအစေ့အဆံများ၊ ကြိတ်ခွဲသီးနှံထွက်ကုန်များနှင့်မုယောစပါး၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ ရေခတ်ထုတ်ထားသော ဟင်းသီးဟင်းရွက်များနှင့် ပဲခြောက်များ၊ အနှံအရသာအတွက် အသုံးပြုသော ဟင်းခတ်အမွှေးအကြိုင်များ၊ အခွံမာသီးနှင့်အစေ့ အဆံများ၊ သစ်သီးခြောက်များ၊ မလျှော်ထားသော ကော်ဖီ နှင့် ကိုကိုးစေ့များ၊ အထူးအာဟာရ အစားအသောက် များ၊ ကျန်းမာရေးဖြည့်စွက်စာများ စုစုပေါင်းကုန်စည် အမျိုးအစား (၁၈)အုပ်စုတို့ကို တရုတ်နိုင်ငံ၊ GACC တွင် မှတ်ပုံတင်ရမည်ဖြစ်သည်။

ကုန်စည်အုပ်စုအလိုက် GACC တွင် မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့်အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနတို့ဖြစ်ကြပါသည်။ အဆိုပါကုန်စည် အမျိုးအစား(၁၈)အုပ်စု၌ ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို ထုတ်လုပ်/ တင်ပို့မည့်လုပ်ငန်းများ အနေဖြင့် တရုတ် နိုင်ငံ၏ ပြတင်းတစ်ပေါက်အစီအစဉ်ဖြစ်သည့် https://cifer.singlewindow.cn သို့ဝင်ရောက်၍ ကိုယ်တိုင် Account ဖွင့်လှစ်ကာ တိုက်ရိုက်လျှောက်ထား ရမည်ဖြစ်ပါသည်။

Source: https://www.commerce.gov.mm/my/article/

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်းလေ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးဆိပ်ကမ်းပြန်လည်ဖွင့်လှစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိုဗစ်-၁၉ကပ်ရောဂါ ပြန်လည်ဖြစ်ပွားခဲ့ခြင်းကြောင့် ၂၀၂၂ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှစ၍ ယာယီရပ်ဆိုင်းထားခဲ့သည့် ယူနန်ပြည်နယ်၊စစ်ဆောင်ပန ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲ၊ မုန်လခရိုင်အနောက်တောင်ပိုင်း လန်ချန်း မြစ်ကမ်းရှိ ကွမ်းလေ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေး ဆိပ်ကမ်းကို စက်တင်ဘာ ၁၅ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ကြောင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ စစ်ဆောင်ပန ပြည်နယ်ခွဲ၊ ပြည်သူ့အစိုးရ၊ နိုင်ငံခြားရေးရုံးမှ သိရသည်။

အဆိုပါ ကွမ်းလေကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးဆိပ်ကမ်းသည်အင်ဒိချိုင်းနားကျွန်းဆွယ်၏အချက်အချာနေရာနှင့် အရှေ့တောင်အာရှနိုင်ငံများ မဲခေါင်မြစ်မှ တစ်ဆင့်တရုတ်နိုင်ငံသို့ဝင်ရောက်သောအဓိကဆိပ်ကမ်းတစ်ခုဖြစ်သည်။ ကိုဗစ်-၁၉ ကပ် ရောဂါကြောင့် ယာယီရပ်ဆိုင်းခဲ့ရသည့်အတွက် လန်ချန်း-မဲခေါင်မြစ် ဝှမ်းတစ်လျှောက်နိုင်ငံများ၏ ကုန်ပစ္စည်းသယ်ယူ ပို့ဆောင်ရေး လုပ်ငန်းကိုများစွာထိခိုက်ခဲ့ရသည်။ ယခုအခါ လန်ချန်း-မဲခေါင်မြစ်ကြောင်းလမ်း၏ အားသာချက်ကိုထိထိရောက်ရောက် ပြန်လည်အသုံးပြုရန်နှင့် မြစ်ဝှမ်းတစ်လျှောက်ရှိ နိုင်ငံများ၏စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန်ရည်ရွယ်၍ တရုတ်နိုင်ငံဘက်မှ ပြန်လည်ဖွင့်လှစ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Source: https://www.commerce.gov.mm/my/article

## မြန်မာ့ပို့ကုန်များ ရုရှားနိုင်ငံ ဈေးကွက်သို့ မဟာဗျူဟာကျကျ ထိုးဖောက် ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာသန်း (၆၀)ကျော်သာရှိသဖြင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ တိုးမြှင့်တင်ပို့နိုင်ရေးနှစ်နိုင်ငံလုံးမှ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ အစိုးရပိုင်းသာမက ပုဂ္ဂလိကကဏ္ဍပိုင်းမှလည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားရန်အပြင် မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲတီစိမ်း အစရှိသော လယ်ယာထွက်ကုန် ပစ္စည်းများကို ရုရှားနိုင်ငံသို့ တင်ပို့ရန် အလားအလာရှိသော ကုန်စည်များအဖြစ် ဈေးကွက်သစ်ချဲ့ထွင်တင်ပို့သွားနိုင်ရေးအပေါ် အစိုးရ- ပုဂ္ဂလိကအဖွဲ့အစည်းများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါသည်။

Source: https://mhtnews.com/2022/07

## စျေးကွက်လိုအပ်ချက်မြင့်မားလာသည့် ကင်းပုစွန်

ထိုင်းနိုင်ငံတစ်နိုင်ငံလုံးနီးပါးသည်ပင်လယ်စာကို နှစ်ခြိုက်စွာစားသုံးကြသည့်အလျှောက် မြန်မာနိုင်ငံမှထွက်ရှိသည့် ကင်းပုစွန်များကိုလည်းများစွာစားသုံးကြသည်။ ထိုင်းနိုင်ငံသားများသည် ညစာစားပွဲများ၊ ဧည်ခံပွဲများတွင် ကင်းပုစွန်များကို စားသုံးသည့်အပြင် ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့်နိုင်ငံခြားသားအများစုမှာလည်း ကင်းပုစွန်များအား နှစ်ခြိုက်စွာစားသုံးကြသဖြင့် စျေးကွက်လိုအပ်ချက်မြင့်မားလျက်ရှိကြောင်း သိရှိရပါသည်။

မောတောင်နယ်စပ်ကုန်သွယ်ရေးမှတဆင့် တနင်္သာရီဒေသထွက် ကင်းပုစွန်များတစ်ဖက်နိုင်ငံသို့ နေ့စဉ်တင်ပို့နေရပြီး လက်ရှိပေါက်စျေးအနေဖြင့် ကင်းပုစွန် (၁) ကီလိုဂရမ်လျှင် (၁၁၂၁.၈၅) ဘတ် စျေးရရှိသည်။ နေ့စဉ် ကင်းပုဇွန် (၅၀၀) ကီလိုဂရမ် မှ (၁၀၀၀) ကီလိုဂရမ်ထိ တင်ဆောင် ထားသည့် (၄) ဘီးကားများ (၈) စီးမှ (၁၂) စီးအကြား တင်ပို့ နေရကြောင်းသိရှိရှိရသည်။

Source: https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade

## ဘင်္ဂလားဒေ့ရှ်တွင် စျေးကွက်ရရှိနေသောမြန်မာ့ရေချိုငါးမြစ်ချင်းများ

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုဒေသအလိုက်အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့တွင် ငါးမွေးမြူရေးကန်များကို မိသားစုစီးပွားရေးလုပ်ငန်း တစ်ခုအသွင် လုပ်ကိုင်လျက်ရှိသည်။

ငါးမွေးမြူရေးကန်များတွင်ငါးသလောက်၊ငါးမြစ်ချင်း၊ ငါးခူစသည်ဖြင့် ငါးအမျိုးမျိုးမွေးမြူလျက်ရှိရာ ငါးမြစ်ချင်းများမှာ(၂)နှစ်သားခန့်အရွယ်တွင် (၂)ကီလိုမှ(၅) ကီလိုခန့် အထိ ကြီးထွားမှုရှိသည်။ (၂) ကီလိုနှင့်အောက် ငယ်သော ငါးမြစ်ချင်းများကို ပြည်တွင်းငါးစျေးကွက်များအတွင်း ရောင်းချမှုပိုမိုပြီး(၁)ကီလိုမှ(၅)ကီလိုအရွယ်ရှိ ငါးမြစ်ချင်းများကို ပြည်ပစျေးကွက်များသို့လည်း ထိုးဖောက်ရောင်းချနိုင်ခဲ့သဖြင့် ငါးမြစ်ချင်းများကို ယခင်ထက် ပိုမိုမွေးမြူလာကြသည်ကို တွေ့ရသည်။ မြန်မာ့ရေချို ငါးမြစ်ချင်းများကို ၂၀၁၆ ခုနှစ်ခန့်မှစ၍ စစ်တွေနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေး စခန်းများမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံစျေးကွက်သို့ တင်ပို့ရောင်းချနိုင်ခဲ့ ပါသည်။

အဆိုပါ ငါးမြစ်ချင်းများကို ရန်ကုန်မြို့ စံပြငါးစျေးနှင့်အခြားငါးစျေးများ၊ ငါးကန်များမှ ဝယ်ယူစုဆောင်းပြီးဘုရင့်နောင်နှင့်လှိုင်သာယာရှိ ဂိုဒေါင်များ၌ ဖော့ပုံးများတွင် ရေခဲများဖြင့် ထုပ်ပိုးသည်။ ငါးလုပ်ငန်းဦးစီးဌာန၏ Invoice/ မျှောစာများနှင့်အတူ (၆ ဘီး/ ၁၂ ဘီး) အအေးခန်း (Box Track) ယာဉ်များဖြင့် တင်ဆောင်ပြီး ရန်ကုန်- စစ်တွေကားလမ်းမှ သယ်ဆောင်ကာ စစ်တွေမြို့၊ ရွှေမင်းဂံဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနပ်မြို့သို့ ရေလမ်းကြောင်းမှ သင်္ဘောများဖြင့် တင်ပို့ကြသည်။ ရန်ကုန်-စစ်တွေမှတစ်ဆင့် စစ်တွေ-အင္ဂူမော်-မောင်တောကားလမ်းဖြင့် မောင် တောမြို့၊ ကညင်ချောင်း စီးပွားရေးဇုန်မှ စက်တပ်လှေများဖြင့်

နတ်မြစ်ကိုဖြတ်၍ တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနပ်မြို့သို့ တင်ပို့မှုလည်းရှိသည်။

ရန်ကုန်မှ မောင်တောထိ (၆) ဘီး/ (၁၂) ဘီး အအေးခန်း (Box Track) များဖြင့် (၂) ညအိပ် (၃) ရက် ခရီးသွားလာရပြီး သယ်ယူစရိတ်ကုန်ကျမှုများသော် လည်း မောင်တောမြို့၊ ကညင်ချောင်း စီးပွားရေးဇုန် ဆိပ်ကမ်းမှ နတ်မြစ်ကိုဖြတ်၍ (၁) နာရီဝန်းကျင်ခန့်ဖြင့် တစ်ဖက်နိုင်ငံစျေးကွက်သို့ ရောက်ရှိသည်။ တစ်ဖက် ကုန်သည်၏ စျေးကွက်လိုအပ်ချက်ပေါ်မူတည်ပြီး တန် (၂၀)မှ တန်(၅၀) ခန့်ဖြင့် တင်ဆောင်နိုင်သော စက်တပ်လှေများဖြင့် အချိန်စောင့်ဆိုင်းရန်မလိုဘဲ ငါးမြစ်ချင်းများကို တင်ပို့နိုင်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလ မှ သြဂုတ်လအထိ) မောင်တောကုန်သွယ်ရေးစခန်းမှ ငါးမြစ်ချင်း တန်ချိန် (၅၁၆၀) တန်၊ တန်ဖိုး (၆.၄၄၉) ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။စစ်တွေ-အင္ဂမော်-မောင်တော ရေလမ်းကြောင်းနှင့် ကုန်းလမ်းကြောင်းမှလည်းကောင်း၊ စစ်တွေ-ဘူးသီးတောင် ရေလမ်းကြောင်းမှ လည်းကောင်း ဇက်ရေယာဉ်ဖြင့် ကုန်တင်ကား သယ်ယူပို့ဆောင်နေမှု အားဒေသတွင်း လုံခြုံရေး အခြေအနေများအရ သက်ဆိုင်ရာမှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှစ၍ ရပ်ဆိုင်းထားလျက်ရှိသဖြင့် မြန်မာ့ရေချိုငါးမြစ်ချင်းများ တင်ပို့မှုမှာ အခက်အခဲဖြစ်လျက်ရှိကြောင်း မောင်တော ကုန်သွယ်ရေးစခန်း မှသိရသည်။

Source: https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade

## တောင်တရုတ်ပင်လယ်မှ မြန်မာနိုင်ငံသို့ သင်္ဘော်လမ်းကြောင်းသစ်ကို တရုတ်က ဖွင့်လှစ်လိုက်ပြီ

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ရှိ နိုင်ငံတကာ ဆိပ်ကမ်းကို မြန်မာ၏ စီးပွားရေး အချက်အချာ ဖြစ်သော ရန်ကုန်မြို့နှင့် ဆက်သွယ်ပေးသည့် တိုက်ရိုက် သင်္ဘော်လမ်းကြောင်းအဖြစ် ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။ Guangxi ပြည်နယ်ရှိ Beibu ပင်လယ်ကွေ့ဆိပ်ကမ်းကို အစွဲပြု၍ Beibuပင်လယ်ကွေ့ ဆိပ်ကမ်း-မြန်မာ သင်္ဘော်လမ်း ကြောင်းသစ်ကိုပြီးခဲ့သည့် အောက်တိုဘာလကုန်တွင် ဖွင့်လှစ်ခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ၎င်း၏ Facebook စာမျက်နှာတွင် ကြေညာခဲ့သည်။

သင်္ဘော်လမ်းကြောင်းသစ်သည် အာရှ-ပစိဖိတ် နိုင်ငံများကို အုပ်စုဖွဲ့ထားသည့် ဒေသတွင်း ဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံရေးကို ရည်ညွှန်းပြီး ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု(RCEP)ဒေသရှိ သင်္ဘော်လမ်းကြောင်းသစ်တွင် ပါဝင်လာမည် ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည့် RCEPသည်တရုတ်၊အင်ဒိုနီးရှား၊ဂျပန်နှင့်တောင်ကိုရီးယား တို့အပါအဝင် အာရှရှိ စီးပွားရေး အင်အားအကြီးဆုံး နိုင်ငံတို့အကြား ပထမဆုံး လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ လမ်းကြောင်း သစ် ကို Beibu Gulf Port Group နှင့် SITC Container Lines (Shanghai) တို့ ပူးပေါင်းပြီး စတင်ခဲ့ခြင်းဖြစ်ပြီး ကုန်တင်သင်္ဘော် လေးစင်း အပတ်စဉ် သွားလာမည်ဟု သံရုံးက ပြောသည်။

### ကုန်စည် စီးဆင်းနိုင်မှု အလားအလာ

Beibu ပင်လယ်ကွေ့ ဆိပ်ကမ်း-မြန်မာသင်္ဘော်လမ်းကြောင်းသစ်တွင် သင်္ဘော်များသည် ရန်ကုန်မြို့သို့ မရောက်ရှိမီ တရုတ်နိုင်ငံ၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံ ရှိအခြားသော ကမ်းရိုးတန်းမြို့များတွင် ဆိုက်ကပ်မည်ဖြစ်သည်။

Guangxi ရှိ Beibu ပင်လယ်ကွေ့၏ ဆိပ်ကမ်းသုံးခု အနက်မှ တစ်ခုဖြစ်သော Qinzhou Port မှ ထွက်ခွာပြီး ၁၂ ရက်အကြာတွင် ရန်ကုန်သို့ ရောက်ရှိမည် ဖြစ်သည့် အတွက် ထောက်ပံ့ပို့ဆောင်ရေးနှင့်သိုလှောင်မှု ကုန်ကျစရိတ် (logistics and storage costs)များကို များစွာ လျှော့ချပေး မည်ဟု SITC မှ ပြောကြားခဲ့သည်။

Beibu ပင်လယ်ကွေ့ဆိပ်ကမ်းနှင့် ရန်ကုန်ဆိပ်ကမ်းတို့သည် ညီအစ်မဆိပ်ကမ်း ဆက်ဆံရေး ထူထောင်ရန် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး Beibu ပင်လယ်ကွေ့ ဒေသရှိ ဆိပ်ကမ်းများနှင့်ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် မြန်မာအတွက်အခွင့်သာသောအခြေအနေများပေးစွမ်းခဲ့ကြောင်း China Daily မှ ၂၀၂၀ ပြည့်နှစ်တွင် ဖော်ပြခဲ့ သည်။

တရုတ်နိုင်ငံသည်မြန်မာနိုင်ငံတွင်အဓိကရင်းနှီးမြှုပ်နှံသူဖြစ်ပြီးအိန္ဒိယသမုဒ္ဒရာကိုဝင်ရောက်ခွင့်ပေးမည့် ပရောဂျက်များအတွက် အရေးပါလာခဲ့သည့်အပြင် သင်္ဘော်လမ်းကြောင်း စတင်ဖွင့်လှစ်ခြင်းသည် မြန်မာနိုင်ငံ အနောက်ဘက်ရခိုင်ပြည်နယ်ရှိ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ(CMEC)အစီအစဉ်၏အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည့် တရုတ်ကျောထောက် နောက်ခံပြုဓာတ်အားပေးစက်ရုံကိုဖွင့်လှစ်ပြီးနောက်ပေကျင်းက ၎င်း၏ စီမံကိန်းများကို ရှေ့သို့ ဆက်လက် လုပ်ဆောင်လျက်ရှိပါကြောင်း၊ ပေကျင်း၏ Belt and Road Initiative သည် အရေးပါသော အစိတ်အပိုင်းဖြစ်ပြီး ခန့်မှန်းခြေ ကီလိုမီတာ ၁၇၀၀ ရှည်လျားသည့် CMEC သည် တရုတ်နိုင်ငံ အနောက်တောင်ဘက်ယူနန်ပြည်နယ် မြို့တော်ကူမင်းမြို့ကို လည်းကောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏

အဓိက စီးပွားရေးအချက်အချာနေရာဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးနှင့် ပထမဆုံးချိတ်ဆက်ကာ ထိုမှတစ်ဆင့် အရှေ့ဘက်တွင် ရန်ကုန်သို့လည်းကောင်း၊ အနောက်ဘက်တွင် ရခိုင်ပြည်နယ် ကျောက်ဖြူအထူး စီးပွားရေးဇုန်တို့သို့ ဆက်သွယ်နိုင်မည် ဖြစ်ပါသည်။ (Beibu ပင်လယ်ကွေ့ဆိပ်ကမ်း၊ တရုတ်၊ ကွန်တိန်နာ၊ ပွင့်လင်းမှု၊ Qinzhou၊ စစ်အစိုးရ၊ ဆက်ဆံရေး၊ သဘော်လမ်းကြောင်း၊ SITC၊ ဆက်ဆံရေး)

Source: https://www.irrawaddy.com/news/burma/china-opens-new-shipping-route-to-myanmar-from-south-china-sea.html

## မြန်မာနိုင်ငံ၊ စစ်တွေမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်မှတစ်ဆင့် အမယ်သစ် ပို့ကုန် POLYESTER STAPLE FIBERတင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နယ်စပ်ဒေသများကိုဖွံ့ဖြိုးတိုးတက်မှု ကုန်သွယ်ရေးစခန်း၊ မောင်တော ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ပေး၍ နယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှု လုပ်ငန်များ လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှု ဆိုင်ရာ အသိပညာပေးရေးနှင့် တရားမဝင် ကုန်သွယ်မှုများထိန်း ချုပ်ပယောက်စေရေး ဆောင်ရွက်ပေးလျက်ရှိပါ သည်။

ပုံမှန်အားဖြင့် စစ်တွေနှင့် မောင်တော မှတစ်ဆင့် တစ်ဘက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ ရေထွက်၊ လယ်ယာထွက်၊ သစ်တောထွက်နှင့်စက်မှုကုန်ချော (တန်ဖိုးမြှင့်) ထုတ်ကုန်များ တင်ပို့လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်မှ လူသုံး ကုန်ပစ္စည်းများနှင့်လုပ်ငန်းသုံးပစ္စည်းများ တင်သွင်း လျက်ရှိပါသည်။မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်သို့ တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့ရာတွင် ပုံမှန်အားဖြင့် ဧီးယိုထုပ်၊ တံမျက်စည်း(အကြမ်း)၊ ဆန်ကြာဇံ၊ လူကြီးစီးဖိနပ်၊ ချည်လုံချည်၊ ကော်ဖီမစ်၊ ကွေကာအုပ်၊ သကြားလုံး၊ နေကြာစေ့၊ သနပ်ခါးခဲ ၊ ထွန်းရွှေဝါစသည် တို့ကို သာ တင်ပို့နိုင်ခဲ့ရာမှ ယခုနှစ် စက်တင်ဘာလအတွင်း အမယ်သစ် စက်မှုကုန်ချောပစ္စည်း တစ်ခုဖြစ်သည့် Polyester Staple Fiberကို (ဒေါ်လာ ၁၀၀) ကီလို တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ (၃၀၀) ဖြစ်ကြောင်း သိရသည်။

Source: https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade

## ၂၀၂၂ခုနှစ် ဒုတိယနှစ်ဝက်ကာလနှင့် ၂၀၂၃ ခုနှစ်တို့တွင် ကမ္ဘာ့ကုန်သွယ်မှုအခြေအနေအား လေ့လာခြင်း

၂၀၂၂ ခုနှစ်၏ ပထမနှစ်ဝက်တွင် ကမ္ဘာ့ကုန်သွယ်မှု တန်ဖိုးသည် အမေရိကန်ဒေါ်လာ (၇.၇) ထရီလီယံ ဝန်းကျင်ထိမြင့်တက်ခဲ့ပြီး၊ ၂၀၂၁ ခုနှစ်၏ ကာလတူတွင်ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ (၁)ထရီလီယံခန့်သာ ရှိခဲ့သည်။ ဤသို့ကုန်သွယ်မှုတန်ဖိုးမြင့်တက်ခဲ့ခြင်းသည် ၂၀၂၂ခုနှစ်တွင် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းကြောင့်ဟု သိရသည်။

၂၀၂၂ခုနှစ်၊ ဒုတိယနှစ်ဝက်ကာလများနှင့် ၂၀၂၃ခုနှစ်တို့တွင် ကုန်သွယ်မှုအခြေအနေမှာ မူလကခန့်မှန်းထားသည့်အတိုင်း ဖြစ်လာနိုင်ဖွယ်မရှိဘဲ နှေးကွေးလာနိုင်ဖွယ် ရှိကြောင်း၊ အာဘယ်ကြောင့်ဆိုသော် စက်သုံးဆီဈေးနှုန်းများမြင့်တက်လာခြင်း၊ ငွေဖောင်းပွနှုန်းများ မြင့်တက်လာ ခြင်း၊အတိုးနှုန်းများမြင့်တက်လာခြင်းနှင့် တခြားဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ကြွေးမြီကိစ္စများ ရှိလာနိုင်ခြင်းကြောင့်ဟု ခန့်မှန်းထားကြောင်းသိရသည်။

သို့သော်လည်း နိုင်ငံတကာကုန်သွယ်မှုအနေဖြင့်

အစားအသောက်နှင့် စွမ်းအင်ကဏ္ဍထွက် ပစ္စည်းများမှာ မဖြစ်မနေ လိုအပ်ချက်ကြောင့် ဝယ်ယူတင်သွင်းမှုများ ရှိနေသဖြင့် ကုန်သွယ်မှုတန်ဖိုးအနေဖြင့် မြင့်တက်နိုင်ဖွယ်ရှိသော်လည်း ကုန်သွယ်မှုပမာဏမှာ ပထမနှစ်ဝက်နှင့်နှိုင်းယှဉ်လျှင်ကျဆင်းနိုင်ဖွယ်ရှိကြောင်းသိရသည်။

၂၀၂၂ခုနှစ်နှောင်းပိုင်းနှင့် ၂၀၂၃ခုနှစ်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများမှပင် တင်သွင်းမှုပမာဏများ လျော့နည်းလာဖွယ်ရှိကြောင်း၊ ရုရှား-ယူကရိန်း စစ်ပွဲကြောင့် ဥရောပနိုင်ငံများတွင် စက်သုံးဆီစျေးနှုန်းများ မြင့်တက်ခဲ့၍ ထုတ်လုပ်မှုကဏ္ဍတွင် ကုန်ကျစရိတ်များ မြင့်တက်လာခြင်းကြောင့်လည်းကောင်း၊အမေရိကန်ပြည်ထောင်စုတွင် တင်းကျပ်သည့်ငွေကြေးမူဝါဒကြောင့် အတိုးနှုန်းမြင့်မားခြင်းသည် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပေါ် တွင် များစွာအကျိုးသက်ရောက်မှုများ ရှိနေခြင်းကြောင့် လည်းကောင်း၊ တရုတ်နိုင်ငံတွင် ကိုဗစ်ကပ်ရောဂါကြောင့် ထုတ်လုပ်မှုကဏ္ဍတွင် ကျဆင်းနေခြင်းများ ကြောင့်ဟု ခန့်မှန်းလေ့လာထားသည်ကို တွေ့ရသည်။ အခြားတစ်ဖက်တွင် အစားအသောက်ကုန်စည်များ ကုန်သွယ်မှု တိုးတက်များပြားလာခြင်းသည် နောင်တွင် အစားအသောက် မလုံလောက်မှု/ပြတ်လတ်မှု အခြေအနေများကို ကြုံတွေ့နိုင်ကြောင်းကို သုံးသပ်ထားသည်ကို တွေ့ရပါ သည်။

သို့ဖြစ်၍ ကမ္ဘာ့တစ်ဝှမ်း ရင်ဆိုင်နေကြရသည့် ဖော်ပြ ပါပြဿနာများကို စည်းဝါးကျကျ ဟန်ချက်ညီညီကိုင်တွယ် ဖြေရှင်းနိုင်ရေးသည် နိုင်ငံတိုင်းတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာလျှက်ရှိကြောင်း တင်ပြလိုက်ရ ပါသည်။

Source: Indoasiancommodities.com/ wto.org

## အာဆီယံ ၅ နိုင်ငံနှင့် နယ်စပ်ဖြတ်ကျော် ငွေပေးချေနိုင်မည်ဟု အင်ဒိုဗဟိုဘဏ်ကြေညာ

အာဆီယံ ၅ နိုင်ငံနှင့် နယ်စပ်ဖြတ်ကျော် ငွေပေးချေနိုင်မည့် အစီအစဉ်ကို အင်ဒိုနီးရှားနိုင်ငံ၏ ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးက အောက်တိုဘာလ ပထမပတ်ကကြေညာခဲ့ကြောင်း ရိုက်တာသတင်းကို ကိုးကား၍ Channel News Asiaသတင်းဝက်ဘ်ဆိုက်က ရေးသားဖော်ပြသည်။

အဆိုပါ အစီအစဉ်အရ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့သည် နယ်စပ်ဖြတ်ကျော် ငွေပေးမှုစနစ်ကို လာမည့်နှစ်တွင်အပြည့်အဝချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ် သည်။

အင်ဒိုနီးရှားသည် ၎င်း၏ ငွေပေးချေမှုစနစ် ထိုင်းနှင့် လက်ရှိချိတ်ဆက်ထားပြီး မလေးရှား၊ စင်ကာပူတို့နှင့် မကြာမီဆက်လက်ချိတ်ဆက်သွားမည်ဟုဗဟိုဘဏ်အုပ်ချုပ်ရေးမှူးပါရီဝါဂျီယို (Perry Warjiyo)က အစ္စလာမ့်စီးပွားရေးအခမ်းအနားတစ်ခုတွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နှင့် သဘောတူညီထားမှု အခြေအနေ အသေးစိတ်ကိုတော့ ၎င်းကထုတ်ဖော်ပြောကြားခြင်း မရှိပါ။

ထိုင်းနှင့်အင်ဒိုနီးရှားဗဟိုဘဏ်များသည် နှစ်နိုင်ငံကြားနယ်စပ်ဖြတ်ကျော်Rစနစ်ဖြင့် ငွေပေးချေချိတ်ဆက်မှုကိုပြီးခဲ့သည့် သြဂုတ်လ၌ စတင်ခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

အဆိုပါ နှစ်နိုင်ငံရှိ လက်လီ ငွေပေးချေမှုစနစ်အော်ပရေတာများကို ပထမဆုံး ချိတ်ဆက်နိုင်မှု သည် နှစ်နိုင်ငံစလုံးရှိ စားသုံးသူနှင့် ကုန်သည်များအပေါ် ကုန်စည်နှင့်ဝန်ဆောင်မှုများအတွက်QC ငွေပေးချေမှုကို လက်ခံစေနိုင်ကြောင်း ထိုင်းနှင့်အင်ဒို ဗဟိုဘဏ်များ၏ ပူးတွဲကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ အဆိုပါ နှစ်နိုင်ငံငွေပေးချေချိတ်ဆက်မှု အစပျိုးနိုင်ခဲ့ခြင်းသည့် အရှေ့အာရှနိုင်ငံများအသင်း (အာဆီယံ) ဒေသတွင်း၌ အထင်ကရ မှတ်တိုင်တစ်ခု ဖြစ်ခဲ့ကြောင်း ထိုင်းဗဟိုဘဏ်က ပြောကြားခဲ့သည်။

ထိုင်းနှင့်အင်ဒိုတို့၏အစီအစဉ်သည် ရှေ့ပြေးအဆင့် ဖြစ်ခဲ့ပြီး လာမည့်နှစ်များ၌ အပြည့်အဝစီးပွားဖြစ် ချိတ်ဆက်နိုင်ရေးလမ်းခင်းပေးသွားဖို့ ရည်ရွယ်ထားကြောင်း ဆင်ဟွာသတင်းတွင် ဆက်လက်ရေးသားထားသည်။

Source: Reuters, CNA, Xinhua

## ပြည်တွင်းစက်သုံးဆီ ဖူလုံစေရေးအတွက် ပြည်ပမှ စက်သုံးဆီများကို စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ပုံမှန် တင်သွင်းဆောင်ရွက်လျက်ရှိ

စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအမျိုးအစားအလိုက် ဖူလုံမှုရှိစေရေးစိစစ်တင်သွင်း ဆောင်ရွက်လျက်ရှိရာ စက်သုံးဆီ တင်သွင်းမှု အခြေအနေမှာ ရန်ကုန်တိုင်း ဒေသကြီး၊ သီလဝါဆိပ်ကမ်းရှိ Terminal များတွင် ဓာတ်ဆီ 92 Ron(၁.၆၀၃) ဂါလန်သန်း၊ ဓာတ်ဆီ 95 Ron (၀.၈၈) ဂါလန်သန်းနှင့် ရိုးရိုးဒီဇယ်ဆီ (၁.၆၂၂) ဂါလန် သန်း တင်ဆောင်လာသည့် MT Yu Dong သင်္ဘောသည် ဆီချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပရီမီယံ ဒီဇယ်ဆီ (၂.၆၇) ဂါလန်သန်း တင်ဆောင်လာသည့် MT Intan Premier သင်္ဘော၊ ရိုးရိုးဒီဇယ်ဆီ (၁.၉၂၂) ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ (၂.၁၃၆) ဂါလန်သန်း တင်ဆောင်လာသည့် MT YU YI သင်္ဘောတို့ ရောက်ရှိနေပြီဖြစ်သဖြင့် ရန်ကုန်သီလဝါဆီလှောင်ကန် လက်ကျန် များ၊စက်သုံးဆီအရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှု လက်ကျန်အခြေအနေများအရ စက်သုံးဆီဖူလုံမှုရှိကြောင်း စိစစ်တွေ့ရှိရသည်။

စက်သုံးဆီဈေးနှုန်းများအနေဖြင့် ယခုရက်သတ္တပတ်တွင် ဓါတ်ဆီဈေးနှုန်း အနည်းငယ် မြင့် တက်ပြီး ဒီဇယ်ဆီဈေးနှုန်း အနည်းငယ်ကျဆင်းကြောင်း တွေ့ရှိရပါသည်။

Source: https://www.commerce.gov.mm/my/article

## မြိတ်ဒေသထွက် ရော်ဘာများ ဈေးကောင်းရလျက်ရှိ

တနင်္သာရီတိုင်းဒေသကြီး၊မြိတ်ခရိုင်တွင် ပူအိုက်စွတ်စိုသော ရာသီဥတုရှိရာ နှစ်ရှည်စက်မှုသီးနှံဖြစ်သည့် ရော်ဘာများစွာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊ မြိတ်ခရိုင်အတွင်းမြို့နယ်(၇) ခုရှိသည့် အနက် မြိတ်၊ ကျွန်းစု၊ ပုလော၊ တနင်္သာရီမြို့နယ်တို့တွင် ရော်ဘာစိုက်ဧက (၁၄၇၀၀၀) ကျော် စိုက်ပျိုးလျက်ရှိကြောင်း ခရိုင်တွင်းစိုက်ပျိုးရေး အချက်အလက်များအရ သိရှိရသည်။ ပြီးခဲ့သည့် နှစ်များက ရော်ဘာတစ်ပိသာလျှင် ဒေ ၂၅၀၀ ကျပ်၊ ၂၆၀၀ ကျပ်သာ ဈေးရရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ရော်ဘာ တစ်ပိသာကို ဒေ ၄၀၀၀ကျပ်အထိ ဈေးကောင်း ပြန်လည်ဦးမော့လာသည်။ယခုနှစ် ၂၀၂၂ ခုနှစ်အတွင်း ရော်ဘာလုပ်ငန်းများစတင်ချိန် စက်တင်ဘာလပိုင်း လောက်မှစ၍ ရော်ဘာတစ်ပိသာကို ဒေ ၅၀၀၀ ကျပ် အထိ ဈေးကောင်းရနေသဖြင့် ရော်ဘာစိုက် တောင်သူများနှင့် ရော်ဘာအစေးခြစ်လုပ်သားများ အဆင်ပြေလျက်ရှိကြောင်းသိရှိရသည်။ မြိတ်ဒေသထွက် ရော်ဘာများကို ပြည်ပသို့ တင်ပို့လျက်ရှိရာ အောက်တိုဘာလ စတုတ္ထပတ်အတွင်း ရော်ဘာ တန် (၄၀၃) တန်အား ပင်လယ်ရေကြောင်းမှ တစ်ဆင့် မြိတ် မှ မလေးရှားနိုင်ငံ တစ်ဆင့်ခံဖြင့် ဝယ်လိုအားရှိသော တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

Source: https://www.commerce.gov.mm/my/article-border-trade-news-update-news-border-area-trade

# A TRUSTED PARTNER

# OF THE BUSINESS AND DEVELOPMENT COMMUNITY

"စီးပွားရေးအသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ယုံကြည်အားကိုးရသည့် အဖွဲ့အစည်းတစ်ခု"

## Our Websites:

https://mifer.gov.mm

https://www.dica.gov.mm

https://www.myco.dica.gov.mm

https://doso.dica.gov.mm

https://mohinga.info

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံးမှ (၃) လ တစ်ကြိမ် ထုတ်ဝေသည်